စစ်မှန်မြင့်မားတဲ့အောင်မြင်မှုဆိုတာ
ရိုးသားဖြောင့်မှန်စွာ နေထိုင်မှသာရပါတယ်။

မြတ်ငြေးမောင်

ထိရောက် အောင်မြင်သူတို့၏

အဓိကကျင့် ၇ ပါး

#1 bestselling

The 7 Habits of Highly Effective People

Stephen R. Covey

ဒုတိယအကြိမ်

ပန်းရွှေပြည်စာအုပ်တိုက်တွင် ရရှိနိုင်သောစာအုပ်များ









ထိရောက်အောင်မြင်သူတို့၏

အလေ့အကျင့် ၇ ပါး

မြတ်ဌေးမောင်

#1 bestselling

THE 7 HABITS

of Highly Effective People

Stephen R. Covey

တန်ဖိုး	၄၁၀၀ ကျပ်
အုပ်ရေ	၅၀၀ အုပ်
ဒုတိယအကြိမ်	၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ
မျက်နှာဖုံး	ရဲရဲ
ထုတ်ဝေသူ	ဦးသိမ်းမင်း (၀၄၂၉၁)
	ပန်းရွှေပြည်စာအုပ်တိုက်
	၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
	တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။
ပုံနှိပ်သူ	ဦးဝင်းကျော်ထွန်း (၀၇၉၅၈)၊
	မုံရွေးပုံနှိပ်တိုက်၊
	၈၀/ခ၊ သံလွင်လမ်း၊
	ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
စာမူခွင့်ပြုအမှတ်	၄၀၁၂၂၉၁၀၀၉
အဖုံးခွင့်ပြုအမှတ်	၄၀၀၀၀၂၀၁၁၀

မြတ်ဌေးမောင် ၄၀၇

ထိရောက်အောင်မြင်သူတို့၏ အလေ့အကျင့် ၇ ပါး / မြတ်ဌေးမောင်။ -ရန်ကုန်၊ ပန်းရွှေပြည်စာပေ (ဒုတိယအကြိမ်)၊ ၂၀၁၀ ။

၃၆၄ - စာ ၊ ၁၂.၅ × ၁၉ စင်တီ ။

(၁) ထိရောက်အောင်မြင်သူတို့၏ အလေ့အကျင့် ၇ ပါး

ပါဝင်သောအကြောင်းအရာ

အပိုင်း-၁

အသိအမြင်နှင့် တရားစည်းကမ်းများ

ဤကမ္ဘာတွင်
စစ်မှန်မြင့်မားသော အောင်မြင်မှုကို
ဖြောင့်မတ်စွာ နေထိုင်မှသာ ရရှိနိုင်သည်။

ဒေးဗစ် စတား ဂျော်ဒန်*

* David Starr Jordon

အတွင်းမှ အပြင်သို့

စာရေးသူသည် လုပ်ငန်းခွင်, တက္ကသိုလ်, အိမ်ထောင်ရှင်နှင့် မိသားစုဝင် လူများနှင့် ၂၅ နှစ်ကျော် တွေ့ကြုံခဲ့ရာတွင် အပြင်ပန်းအားဖြင့် လွန်စွာအောင်မြင် သူများကို တွေ့ရပါသည်။ သို့သော် သူတို့သည် အခြားလူများနှင့် ဆက်ဆံရေး တွင်မူ အံဝင်မှုမရှိဘဲ ညံ့နေကြပါသည်။

သူတို့ကြုံတွေ့ရသော ပြဿနာအချို့သည် စာဖတ်သူနှင့်လည်း စိမ်းနေ, မည် မဟုတ်ပါ။

'သက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ကျွန်တော် ရည်မှန်းချက်ထားပြီး လုပ် ဆောင်ရာတွင် အောင်မြင်ပါတယ်။ လုပ်ငန်းနှင့်ပတ်သက်လို့ ကျွန်တော် အလွန်ပဲ အောင်မြင်ပါသည်။ သို့သော် ယင်းအတွက် မိသားစုနှင့် ကျွန်တော့်ဘဝကို ပေးဆပ်ရပါတယ်။ ကျွန်တော့်ဇနီး, သားသမီးတို့ကို ကျွန်တော် ကောင်းစွာ နားမလည်ပါ။ ကျွန်တော့်ကိုယ်ကို ကျွန်တော် နားလည်, မလည်ပင် မသေချာပါ။ ကျွန်တော့်အတွက် တကယ်အရေးကြီးတာက ဘာဆိုတာကိုလည်း နားမလည်ပါ။ ဤအဖြစ်များသည် ကျွန်တော် ပေးဆပ်ရခြင်းနှင့် ထိုက်တန်ပါရဲ့လား ဟု မိမိကိုယ်ကို မေးနေမိပါသည်။'

'ဤနှစ်တွင် ၅ ကြိမ်မြောက် ကျွန်တော် ဓာတ်စာစားပါသည်။ ကျွန်တော် အလွန်ဝနေ၍ အစားရှောင်နေခြင်း ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်သော အသိ ပညာများကို ကျွန်တော် ရှာဖွေဖတ်ရှုကြည့်သည်။ ရည်မှန်းချက်ထားပြီး အကောင်း မြင်ဝါဒဖြင့် စိတ်ဓာတ်မြှင့်ကာ 'ဖြစ်နိုင်သည်' ဟု မိမိကိုယ်ကို အားပေးသည်။ သို့သော် ကျွန်တော် မလုပ်နိုင်ပါ။ သီတင်းပတ် အနည်းငယ်ကြာလာသော် အဖျား ၄ :သွားသည်။ ကျွန်တော့်စိတ်ကို ကျွန်တော် မနိုင်တော့ပါ။'

'အောင်မြင်စွာစီမံခန့်ခွဲနိုင်ရေး သင်တန်းတွေ တစ်ခုပြီးတစ်ခု ကျွန်တော် တက်ပါသည်။ လုပ်သားများ၏လုပ်အားကို ကျွန်တော် ယုံကြည်အားကိုးသည်။ သူတို့ကို ကျွန်တော် ရင်းနှီးစွာပြောဆိုသည်။ တရားမျှတစွာ ဆက်ဆံသည်။ သို့သော် သူတို့ သစ္စာမရှိကြပါ။ ကျွန်တော် အိမ်တွင်ဖျားနေစဉ် သူတို့ အလုပ်ကောင်းစွာမလုပ်တော့ဘဲ စကားသာ ပြောနေကြသည်။ သူတို့ကိုနားလည် တာဝန်သိသူများဖြစ်လာအောင် ကျွန်တော် ဘာကြောင့် မစည်းရုံးနိုင်သလဲ၊ သို့မဟုတ် တာဝန်သိလုပ်သားများကို ဘာကြောင့် မရနိုင်ပါသလဲ။'

'ကျွန်တော်၏ ဆယ်ကျော်သက်သားသည် မူးယစ်ဆေးစွဲနေပြီး ပြောစကားနားမထောင်တော့ပါ။ ကျွန်တော် မည်သို့ပင်ကြိုးစားသော်လည်း သူ မနာခံတော့ပါ။ ကျွန်တော် ဘာလုပ်ရမလဲ။'

'ကျွန်တော် လုပ်စရာများနေ၍ အချိန် မလုံလောက်ပါ။ စိတ်လေးလံနေ၍ နေ့စဉ်လို စကားများ ရန်ဖြစ်နေရပါသည်။ အချိန်စီမံခန့်ခွဲမှု နှီးနှောဖလှယ်ပွဲများကို ကျွန်တော် တက်ပါသည်။ အချိန်စီမံခန့်ခွဲခြင်းနည်းစနစ် ဒါဇင်ဝက်ခန့်ကိုလည်း ကျွန်တော် စမ်းသပ်ကြည့်ပါသည်။ အနည်းငယ်သာ အဆင်ပြေပါသည်။ သို့သော် ကျွန်တော်မျှော်မှန်းသည့် အဆင်ပြေ, အေးငြိမ်း, ပျော်စရာကောင်းသည့် ဘဝကို မရသေးပါ။'

'အလုပ်၏တန်ဖိုးကို ကျွန်တော့်သားသမီးများ သိစေချင်သည်။ သို့သော် ကျွန်တော် ကြိုးကြပ်နေမှသာ သူတို့ အလုပ်လုပ်သည်။ လုပ်နေစဉ်လည်း ပြဿနာ အမျိုးမျိုးတက်သည်။ ကျွန်တော်ကိုယ်တိုင် လုပ်လိုက်မှသာ ပိုအဆင်ပြေလေသည်။ အလုပ်လုပ်ရန် သတိပေးဖို့မလိုဘဲ စိတ်ပါလက်ပါ ဘာကြောင့် မလုပ်ကြသလဲ'

'ကျွန်တော် တကယ်ပင် အလုပ်များပါသည်။ သို့သော် ကျွန်တော့်အလုပ်သည် 'ရေရှည်တွင် အဓိပ္ပာယ်ရှိပါမည်လား' ဟူ၍ တစ်ခါတစ်ရံ ကျွန်တော် စဉ်းစားမိသည်။ ကျွန်တော့်ဘဝ တကယ် အဓိပ္ပာယ် ရှိစေချင်ပါသည်။ ကျွန်တော့်ကြောင့် ကောင်းကျိုးများ ဖြစ်ထွန်းစေချင်ပါသည်။'

'ကျွန်တော်သူငယ်ချင်းများ, ဆွေမျိုးများ အောင်မြင်မှု၊ သို့မဟုတ် အသိအမှတ်ပြုခြင်းခံရသောအခါ ကျွန်တော်ပြုံးကာ ဝမ်းသာအားရ ချီးကျူးမိပါသည်။

သို့သော် အတွင်းပိုင်းတွင် ကျွန်တော် စိတ် အလွန်ထိခိုက်ပါသည်။ ကျွန်တော် ဘာကြောင့် ဤသို့ခံစားရသနည်း။'

'ကျွန်တော့်တွင် အရှိန်သြဇာ ရှိသည်။ ပူးပေါင်းလုပ်ဆောင်မှုများတွင် လိုအပ်သောအဖြေ ပေါ်လာအောင် ကျွန်တော် ဖန်တီးနိုင်သည်။ များသောအားဖြင့် ကျွန်တော်လိုချင်သော အဖြေရလာအောင် အခြားလူများကို ကျွန်တော် သြဇာပေးနိုင်သည်။ အခြေအနေတိုင်းကို ကျွန်တော် သေချာစွာသုံးသပ်ပြီး၊ ကျွန်တော် တင်ပြသော အကြံဉာဏ်များသည် လူတိုင်းအတွက် များသောအားဖြင့် အကောင်းဆုံးဖြစ်မည်ဟု ထင်မြင်ပါသည်။ သို့သော် ကျွန်တော် စိတ်မသက်သာပါ။ အခြားလူများက 'ကျွန်တော်နှင့် ကျွန်တော့်အယူအဆတို့ကို မည်သို့သဘောထားကြမည်နည်း'ဟု ကျွန်တော် အစဉ်လိုတွေးနေမိသည်။'

'ကျွန်တော့်အိမ်ထောင်ရေး ငြီးငွေ့စရာ ဖြစ်လာသည်။ ကျွန်တော်တို့ ရန်မဖြစ်ကြပါ။ တစ်ဦးကိုတစ်ဦး မချစ်ကြတော့ခြင်းသာ ဖြစ်သည်။ ဤကိစ္စများနှင့်ပတ်သက်၍ ပညာရှင်များနှင့် ကျွန်တော်တို့ ဆွေးနွေးကြည့်ပါသည်။ ကောင်းနိုးရာရာနည်းများနှင့်လည်း စမ်းကြည့်ပါသည်။ သို့သော် ကျွန်တော်တို့ ယခင်ကဲ့သို့ ပြန်လည် မခံစားနိုင်တော့ပါ။'

ဤပြဿနာတို့မှာ ဒုက္ခပေးသည့် လေးနက်သောပြဿနာများ ဖြစ်ပြီး၊ ပုံသေဖြတ်လမ်းနည်းဖြင့် ချဉ်းကပ်ဖြေရှင်းနိုင်မည် မဟုတ်ပါ။

လွန်ခဲ့သည့် နှစ်အနည်းငယ်က စာရေးသူနှင့် ဇနီး စန်ဒရာတို့သည် ဤသို့သောအခက်အခဲမျိုးနှင့် ရင်ဆိုင်ရလေသည်။ ကျွန်တော်တို့၏ သားတစ်ဦးသည် ကျောင်းတွင် အလွန် အခက်အခဲတွေ့နေသည်။ သူ့ ပညာရေးတွင် ညံ့နေသည်။ စာများကို ကောင်းစွာဖြေဆိုရန် အသာထား၊ မေးခွန်းလမ်းညွှန်ချက်များကိုပင် ကောင်းစွာ မလိုက်နာတတ်ပေ။ လူမှုဆက်ဆံရေး နားမလည်၍ သူနှင့် နီးစပ်သူများ-မကြာခဏ စိတ်အနှောင့်အယှက်ဖြစ်ရလေသည်။ အားကစားတွင်လည်း သူသည် လူကောင်သေးပြီး ပိန်သည်။ ဘော့စ်ဘောကစားရာတွင် ဘက်တံလွဲရိုက်ပုံ အဆင့်မပြေ၍ မကြာခဏ ဝိုင်းရယ်ခံရလေသည်။

ကျွန်တော်နှင့် ဇနီးတို့သည် သား၏အခက်အခဲတို့ကို အလွန် ကူညီလိုသည်။ ဘဝနေရာအမျိုးမျိုးတွင် အောင်မြင်မှုသည် အရေးကြီးလျှင်၊ မိဘများအနေဖြင့် ကျွန်တော်တို့၏ကဏ္ဍသည်လည်း လွန်စွာအရေးကြီးသည်ဟု ကျွန်တော်တို့ ခံယူလေသည်။ သား၏ ကောင်းကျိုးနှင့်ဆက်စပ်သော ကျွန်တော်၏အယူအဆများကို အကောင်အထည်ဖော်ပါသည်။ အပြုသဘောနှင့်ပတ်သက်သော စိတ်ပိုင်းဆိုင်ရာ နည်းလမ်းများကိုအသုံးချကာ သူ့စိတ်ဓာတ် မြင့်တက်လာအောင် အားပေးသည်။

"ကဲ–သား။ သား လုပ်နိုင်ပါတယ်။ သား လုပ်နိုင်မယ်ဆိုတာ အဖေတို့သိတယ်။ ဘက်တံကို နည်းနည်း မြှင့်ကိုင်။ ဘောလုံးကို အာရုံစိုက်။ နီးလာမှ လက်ကိုလွှဲ"

သူ အနည်းငယ်တိုးတက်လာလျှင် ကျွန်တော်တို့ ချီးကျူးအားပေးသည်။

"ကောင်းတယ်သား။ ဒီအတိုင်း ဆက်လုပ်"

အခြားလူများ သားကိုဝိုင်းရယ်လျှင် သူတို့ကို ကျွန်တော်တို့ အပြစ်ဆိုသည်။

"ဒီလိုမပြောပါနှင့်။ သူ့ဘာသာ လုပ်ပါစေ။ သူ သင်ယူနေတုန်းပဲ"

သားသည် 'သူ လုပ်၍မဖြစ်ကြောင်း, ဘေ့စ်ဘောကို သူ ဝါသနာမပါကြောင်း' ငိုပြီးပြောလေသည်။ မျှော်မှန်းသလို မဖြစ်လာ၍ ကျွန်တော်တို့ သောကမွေရသည်။ သား စိတ်ထိခိုက်သွားသည်။ ကျွန်တော်တို့ သူ့ကို အပြုသဘောဖြင့် ကူညီအားပေးသည်။ သို့သော် ထပ်တလဲလဲ မအောင်မြင်သောအခါ နောက်ဆုံးတွင် ကျွန်တော်တို့ နောက်ဆုတ်လိုက်သည်။ အခြေအနေကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသုံးသပ်သည်။

ယခုအခါ စာရေးသူသည် လုပ်ငန်းသဘောအရ ဦးဆောင်မှုအောင်မြင်ရေး အလုပ်နှင့်ပတ်သက်၍ တစ်နိုင်ငံလုံးရှိ ဖောက်သည်များနှင့် ဆက်သွယ်လုပ်ကိုင်နေပါသည်။ ဤသို့ဖြင့် စာရေးသူသည် IBMအုပ်ချုပ်ရေးမှူးများကို သိမြင်မှုနှင့် ဆက်သွယ်ရေးဘာသာရပ်အား ၂ လ ၁ ကြိမ် ဆွေးနွေးဟောပြောရန် ပြင်ဆင်စီစဉ်နေပါသည်။

ယင်းသို့ တင်ပြဟောပြောနိုင်ရန် စာရေးသူသည် သုတေသနပြု ပြင်ဆင်ရပါသည်။ ထိုအခါ စာရေးသူသည် သိမြင်မှု ဖြစ်ပေါ်လာပုံ, ယင်းသိမြင်မှုက လူ၏ရှုမြင်ခြင်းအပေါ် ချုပ်ကိုင်ပုံ, လူ၏အပြုအမူကို လူရှုမြင်မှုက လွှမ်းမိုးပုံတို့ကို အထူးစိတ်ဝင်စားလာပါသည်။ ထို့ကြောင့် စာရေးသူသည် မျှော်လင့်ခြင်း သဘောတရားနှင့် အတ္တပြည့်ဝရေး၊ နိမိတ်ဖတ်ခြင်းတို့ကို လေ့လာဆန်းစစ်ရာ သိနားလည်ခြင်း သဘာဝသည် လူတွင် နက်ရှိုင်းစွာ ငြိတွယ်နေသည်ကို သဘောပေါက်လာသည်။ ထို့ပြင် ကျွန်တော်တို့သည် ကျွန်တော်တို့မြင်ရသော လောကနှင့် ယင်းလောကကို ရှုမြင်သော ရှုထောင့်ကိုလည်း လေ့လာရန်လိုသည်။ တွေ့မြင်သည်ကို အဓိပ္ပာယ်ကောက်ရာတွင် ရှုထောင့်အရေးပါပုံတို့ကိုလည်း လေ့လာရန်လိုအပ်ကြောင်း သဘောပေါက်လာသည်။

စာရေးသူနှင့် ဇနီးတို့သည် IBM တွင် စာရေးသူ ဟောပြောသော အယူအဆနှင့် မိမိတို့၏ အခြေအနေတို့ကို ပြောဆိုကြသောအခါ သားကို စာရေးသူတို့ ကူညီလုပ်ဆောင်ပုံများသည် သား၏ပကတိအခြေအနေနှင့် သဟဇာတမဖြစ်သည်ကို စတင်သိမြင်လာပါသည်။ သားနှင့်ပတ်သက်သော ကျွန်တော်တို့၏ ရိုးသားသောအမြင်မှာ သူသည် အတော်ပင်နှေးကွေးသည်ဟူ၍ပင် ဖြစ်သည်။ ဤအမြင်ဖြင့် ကျွန်တော်တို့ ကြိုးစားကူညီကြသော်လည်း ထိရောက်ခြင်း မရှိပေ။ ဤသို့မအောင်မြင်သည်မှာ ကျွန်တော်တို့၏အပြုအမူနှင့် ကူညီပုံများသည် "သား မလုပ်နိုင်သေးဘူး။ သားကို ကာကွယ်ပေးရဦးမယ်" ဟု သားထံ အဓိပ္ပာယ်သက်ရောက်နေသောကြောင့် ဖြစ်လေသည်။

အခြေအနေကို ပြောင်းလဲလိုလျှင် ဦးစွာ မိမိကိုယ်ကို ပြောင်းလဲရမည်ကို ကျွန်တော်တို့ စတင်သဘောပေါက်လာသည်။ မိမိကိုယ်ကို ထိရောက်စွာ ပြောင်းလဲနိုင်ရန် မိမိအသိအမြင်ကို ပထမ ပြောင်းလဲရပါမည်။

ပုဂ္ဂိုလ်ရေးကျင့်ဝတ်နှင့် စာရိတ္တကျင့်ဝတ်

စာရေးသူသည် သိမြင်မှုနှင့်ပတ်သက်၍ သုတေသနပြုနေစဉ် တစ်ချိန်တည်းလိုပင် အမေရိကန်ပြည်ထောင်စုတွင် ၁၇၇၆ ခုနှစ်ကတည်းက ထုတ်ဝေ

ခဲ့သော အောင်မြင်ရေးဆိုင်ရာစာပေများကို စနစ်တကျ လေ့လာကြည့်ပါသည်။ စာရေးသူသည် ဘဝတိုးတက်ရေး, ကျောင်ကြားမှ, စိတ်ပညာ, မိမိကိုယ်ကို အားကိုးခြင်း ဆိုင်ရာ စာအုပ်, ဆောင်းပါး, စာညွှန့် ရာပေါင်းများစွာကို လေ့လာ စိစစ်ပါသည်။ အောင်မြင်သောဘဝကို ဖန်တီးနိုင်သည့် သော့ချက်နည်းလမ်း များစွာလည်း ကျွန်တော့်လက်တစ်ကမ်းတွင် ရှိနေပါသည်။

နှစ် ၂၀၀ အတွင်း ပေါ်ထွက်ခဲ့သော အောင်မြင်ရေးဆိုင်ရာ စာပေများကို စာရေးသူ သုံးသပ်သောအခါ အံ့အားသင့်စရာ ပုံစံတစ်မျိုးကို သတိထားမိလာ သည်။ ကျွန်တော်တို့ကြုံရသော မကျေနပ်မှုများ, နှစ်ပေါင်းများစွာအတွင်း ကျွန်တော်တို့ဆက်ဆံခဲ့သော လူတို့တွေ့ကြုံရသော ဒုက္ခများကို ထောက်ရှု၍ 'လွန်ခဲ့သည့် နှစ် ၅၀ အတွင်းပေါ်ထွက်ခဲ့သော အောင်မြင်ရေးစာပေများသည် ထိရောက်မှုမရှိ'ဟု ပိုမို ခံစားလာရပါသည်။ ယင်းတွင် လူမှုရေးအသိများ, နည်းစနစ်များ, ဖြတ်လမ်းပုံသေနည်းများ, လူမှုပေါင်းစည်းကူညီမှုများ, ပြဿနာ ဖြေရှင်းနည်း ဆေးမြီးတိုများသာ ပြည့်နေသည်။ တစ်ခါတစ်ရံ ပြဿနာတို့ကို ယာယီဖြေရှင်းနိုင်ဟန် ရှိသော်လည်း အမြစ်တွယ်နေသော အခြေခံပြဿနာကို မဖြေရှင်းနိုင်၍ အခက်အခဲသည် တအုံ့နွေးနွေးနှင့် မကြာမကြာ ပြန်ခေါင်းထောင် လာလေသည်။

ဤစာပေများနှင့် ယင်းတို့ရှေ့ပိုင်း နှစ် ၁၅၀ အတွင်း စာပေများသည် လုံးဝပင် ခြားနားကြလေသည်။ ယင်းစာပေများသည် အောင်မြင်ရေးအခြေခံ အဖြစ် စာရိတ္တကျင့်ဝတ်ကိုအလေးထားပြီး၊ ရိုးသားဖြောင့်မတ်ခြင်း, မာန်မာန ကင်းခြင်း, လုံ့လဝီရိယရှိခြင်း, ဣန္ဒြေသိက္ခာရှိခြင်း, ကိုယ်ချင်းစာတရားတို့ကို တန်ဖိုးထားလေသည်။ ဘင်ဂျမင်ဖရင်ကလင်[1]၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိသည် ယင်းစာပေတို့၏ ပြယုဂ်ပင် ဖြစ်သည်။ ယင်းသည် စည်းကမ်းတရားအချို့နှင့် အလေ့အကျင့်တို့ကို နက်ရှိုင်းသော မိမိ၏အတွင်းသဘောတွင် ပေါင်းစည်းရန် လူတစ်ဦး၏ကြိုးပမ်းမှုကို အခြေခံအားဖြင့် တင်ပြထားခြင်း ဖြစ်လေသည်။

၁။ Benjamin Franklin

သို့သော် ပထမကမ္ဘာစစ်ပြီးနောက် မကြာမီ အောင်မြင်ရေးအခြေခံ ကျင့်ဝတ်အယူအဆသည် 'စာရိတ္တကျင့်ဝတ်'[1]မှ 'ပုဂ္ဂိုလ်ရေးကျင့်ဝတ်'[2]သို့ ပြောင်းလဲ သွားလေသည်။

လူအချင်းချင်း ဆက်သွယ်ရေးကိုချောမွေ့စေသည့် ဥပဓိရုပ်, အရှိန်သြဇာ, သဘောထားနှင့် အပြုအမူ, ကျွမ်းကျင်မှုနှင့် နည်းစနစ်တို့သည် အောင်မြင်ရေးတွင် ပိုမိုအရေးပါလာသည်။ 'ပုဂ္ဂိုလ်ရေးကျင့်ဝတ်'တွင် အနှစ်သာရအားဖြင့် လမ်း ၂ သွယ် ရှိလေသည်။ တစ်လမ်းမှာ လူများနှင့်ဆက်ဆံရေးနည်းလမ်း ဖြစ်ပြီး၊ အခြားတစ်လမ်းမှာ စိတ်အားတက်ကြွစေပြီး အောက်ပါတို့မှာလည်း အခြေခိုင် စေသည့်ဆိုရိုးများ ဖြစ်လေသည်။

– သင့်သဘောထားသည် သင့်ဘဝအခြေအနေကို ဖန်တီးသည်။

– ပြုံးရယ်ခြင်းသည် မျက်မှောက်ကျုံ့ခြင်းထက် မိတ်ဆွေ များစေသည်။

– စိတ်က ထင်မြင်ယုံကြည်သော အရာမှန်သမျှကို ရရှိအောင်မြင်နိုင်သည်။

ယင်းကျင့်ဝတ်တို့၏ ချဉ်းကပ်ပုံအချို့မှာလည်း မရိုးသားပေ။ လူများ မိမိကိုသဘောကျမည့် နည်းလမ်းများကို အသုံးချရန် အားပေးသည်။ မိမိလို ချင်သည်ကိုရရန် သူတစ်ပါး၏ဝါသနာကို စိတ်ဝင်စားဟန်ပြရသည်။ သြဇာ အရှိန်အဝါဖြင့် ဘဝခရီးကိုလျှောက်ရန် အားပေးသည်။

ကျင့်ဝတ်ဆိုင်ရာ စာပေအချို့၌ စာရိတ္တသည် အောင်မြင်ရေးတွင် အရေးပါ ကြောင်း အသိအမှတ်ပြုလေသည်။ သို့သော် ယင်းသည် အပိုင်းတစ်ပိုင်းသာ ဖြစ်ပြီး၊ အခြေခံလိုအပ်ချက်ဟု သဘောမထားပေ။ စာရိတ္တကျင့်ဝတ်ကို တာဝန် ကျေမျှသာ ရည်ညွှန်းလေသည်။ အခြေခံအလေးထားသည်မှာ အရှိန်သြဇာ ဖြတ် လမ်းနည်းများ, စွမ်းအားမဟာဗျူဟာများ, ဆက်သွယ်မှုပညာများ, အပြုသဘော ထားများသာ ဖြစ်လေသည်။

[1] Personality Ethic
[2] Character Ethic

စာရေးသူနှင့် ဇနီးတို့သည် သားကိုကူညီရာတွင် အတွင်းစိတ်မှ ပုဂ္ဂိုလ်ရေးကျင့်ဝတ်ကို အသုံးပြုနေကြောင်း သိမြင်လာသည်။ စာရေးသူသည် ပုဂ္ဂိုလ်ရေးကျင့်ဝတ်နှင့် စာရိတ္တကျင့်ဝတ်တို့ ခြားနားပုံကို ပိုမိုနက်နဲစွာ သုံးသပ်သော အခါ စာရေးသူနှင့် ဇနီးတို့သည် သားသမီးတို့၏တိုးတက်မှုကို လူမှုရေးအောင်မြင်မှုဖြင့် တိုင်းတာနေသည်ကို သတိထားမိလာသည်။ ယင်းအမြင်အရ သားသည် အဆင့်မရှိ နောက်ကျန်နေပါသည်။ သားနှင့်ပတ်သက်သော အမြင်က သူ့အပေါ် သြဇာလွှမ်းနေသည်။

စာရေးသူတို့၏ စာရိတ္တ, စေတနာ, သားအပေါ်အမြင်တို့သည် သူ့ကို များစွာလွှမ်းမိုးနေသည်ကို သုံးသပ် သိမြင်လာသည်။ လူမှုတန်ဖိုးဖြင့် နှိုင်းယှဉ်ခြင်းသည် စာရေးသူတို့ ထားရှိသည့် လေးနက်သောတန်ဖိုးများနှင့် သဟဇာတ မဖြစ်ဘဲ၊ ချစ်မေတ္တာသည် အခြေအနေပေါ်မူတည်လာကာ နောက်ဆုံးတွင် သားသည် သိမ်ငယ်လာလေသည်။ ထို့ကြောင့် စာရေးသူသည် မိမိကိုယ်ကို ပိုမိုနားလည်လာအောင် ကြိုးစားသည့် နည်းလမ်းတို့ မဟုတ်ဘဲ မိမိတို့၏အတွင်းသဘာဝနှင့် သားကို မှန်ကန်စွာနားလည်အောင် အာရုံစိုက်ကြသည်။ သူ့ကို ပြောင်းလဲရန် မကြိုးစားတော့ဘဲ၊ သူ၏ပကတိ, သီးခြား, တစ်ဦးချင်း ကိုယ်ပိုင်တန်ဖိုးကို သိမြင်လာအောင် ကြိုးစားကြသည်။

ယုံကြည်စွာဆုတောင်းမေတ္တာပို့သခြင်း, လေးနက်စွာဆင်ခြင်ခြင်းတို့ဖြင့် သား၏တစ်မူထူးခြားမှုကို ကျွန်တော်တို့သည် စတင်သိမြင်လာသည်။ သားတွင် သူ့အချိန်, သူ့အရှိန်ဖြင့် ပေါ်ထွန်းလာမည့်စွမ်းရည်များ အလွှာလွှာရှိနေသည်ကို တွေ့မြင်လာသည်။ သား၏စွမ်းရည်များ သူ့ဘာသာ ပေါ်ထွန်းလာသည်ကို အေးဆေးစွာ စောင့်ကြည့်ရန် ကျွန်တော်တို့ဆုံးဖြတ်လိုက်သည်။ မိဘများအနေဖြင့် သား၏ဖြစ်ထွန်းမှုကို အသိအမှတ်ပြုရန်, တန်ဖိုးထားရန်, ကြည်နူးရန်ပင် ဖြစ်လေသည်။ သားသည် စာရေးသူတို့ မျှော်မှန်းသလို မဖြစ်လာခင်၌လည်း စိတ်အနှောင့်အယှက်မဖြစ်စေရန် သတိထားရလေသည်။

စာရေးသူတို့သည် သားနှင့်ပတ်သက်သော အယူအဆဟောင်းကို ဖြေလျှော့လိုက်ပြီး၊ တန်ဖိုးအခြေခံသော သဘောထားဖြင့် ရှုမြင်သောအခါ ခံစားချက်အသစ်များစတင်ပေါ်ထွက်လာသည်။ သားနှင့်ပတ်သက်၍ အကဲဖြတ်ခြင်း, နှိုင်းယှဉ်ခြင်းများမလုပ်တော့၍ စိတ်ချမ်းသာစရာ ပိုတွေ့လာသည်။ သားသည် စာရေးသူတို့လိုချင်သည့် ပုံစံမျိုးဖြစ်လာအောင် ကြိုးစားခြင်းကို စာရေးသူတို့ ရပ်ဆိုင်းလိုက်သည်။ လူမှုအောင်မြင်ခြင်းတို့ဖြင့်လည်း သူ့ကို မတိုင်းတာတော့ပါ။ လက်ခံနိုင်သော လူမှုပုံစံသို့ သူရောက်ရှိလာအောင် အပြုသဘောဖြင့် ကြိုးစားကိုင်တွယ်ခြင်းကိုလည်း စာရေးသူတို့ ရပ်ဆိုင်းလိုက်သည်။ သားတွင် ဘဝကိုရင်ဆိုင်နိုင်သည့် အခြေခံအရည်အချင်း လုံလောက်သည်ကို တွေ့မြင်လာရသောကြောင့် အခြားလူများက သူ့ကိုနောက်ပြောင်လျှင်လည်း အကာအကွယ်မပေးတော့ပါ။

ဤပုံစံဖြင့် သားအား ပြုစုပျိုးထောင်ရာ သားသည် စိတ်ထိခိုက်ကြောင်း တွေ့ရပါသည်။ ကျွန်တော်တို့ ထုတ်ဖော်မပြောသော်လည်း သူနားလည်ရမည်မှာ 'တို့ မင်းကို ကာကွယ်ပေးဖို့ မလိုဘူး', 'သားမှာ အခြေခံ လုံလောက်တယ်' ဟူ၍ပင် ဖြစ်သည်။

လအတန်ကြာသောအခါ သားသည် သူ့ကိုယ်သူ နားလည်ယုံကြည်လာသည်။ ကိုယ်ပိုင်ဟန်ဖြင့် တိုးတက်ဖြစ်ထွန်းလာသည်။ လူမှုရေးမှတ်ကျောက်အရ သူသည် ကျောင်းပညာ, အားကစားနှင့် ဆက်ဆံရေးတွင် များစွာတိုးတက်လာသည်ကို တွေ့ရသည်။ နှစ်အနည်းငယ်ကြာလာသောအခါ ကျောင်းတွင် ခေါင်းဆောင်အဆင့်များစွာ၌ ခန့်ထားခြင်း ခံရသည်။ တိုင်းအဆင့် အားကစားသမားအဖြစ် အရွေးခံရသည်။ ပညာရည်မှတ်တမ်းတွင်လည်း A အဆင့်ကို ဆက်တိုက်ရလာသည်။ သူ ရိုးဖြောင့်မှန်ကန်စွာ ဆက်ဆံတက်လာ၍ လူအမျိုးမျိုးနှင့် အဆင်ပြေလာသည်။

လူမှုရေးတွင် သား အောင်မြင်လာသည်မှာ ဆက်ဆံရေးတွင် တစ်စုံတစ်ရာကို မျှော်ကိုးခြင်းထက်၊ စိတ်ရင်းကောင်းဖြင့် မှန်ကန်စွာဆက်ဆံသောကြောင့် ဆိုသည်ကို စာရေးသူနှင့် ဇနီးတို့ နားလည်လာသည်။ ဤအသိသည် စာရေးသူတို့ အတွက် အံ့အားသင့်ဖွယ်အတွေ့အကြုံဖြစ်ပြီး၊ အောင်မြင်မှုနှင့်ပတ်သက်၍ ပုဂ္ဂိုလ်

ရေးနှင့် စာရိတ္တကျင့်ဝတ်တို့ မျှားစွာကွာခြားပုံကိုလည်း စာရေးသူတို့ သဘောပေါက်လာရသည်။ စာရေးသူတို့၏ယုံကြည်မှုသည် ကျမ်းစာနှင့်လည်း ညီလေသည်။

'ဘဝပြဿနာသည် နှလုံးသားမှ ပေါ်ထွက်လာသောကြောင့် ယင်းကို နားလည်အောင် ကြိုးစားပါ'ဟု ကျမ်းစာက ဆိုလေသည်။

အခြေခံနှင့် အပေါ်ယံကြီးမြင့်ခြင်း

စာရေးသူ၏သားနှင့် ပတ်သက်၍ အတွေ့အကြုံ, သိနားလည်မှုကို လေ့လာခြင်းနှင့် အောင်မြင်ရေးစာပေတို့ကို လေ့လာရာမှ ကျေနပ်ဖွယ် ဘဝအောင်မြင်ရေးသဘောကို သိမြင်လာသည်။ ပုဂ္ဂိုလ်ရေးကျင့်ဝတ်၏ ကြီးမားသော အရှိန်သြဇာကိုလည်း တွေ့မြင်လာသည်။ စာရေးသူ ငယ်စဉ်ကတည်းက နားလည်လက်ခံလာသော အမှန်တရားများ, တန်ဖိုးများနှင့် နေ့စဉ်ကြုံတွေ့နေရသော ပုံသေဖြတ်လမ်း သဘာဝတ္ထုဓမ္မတို့ သိမ်မွေ့စွာကွဲလွဲကြပုံကိုလည်း ထင်ရှား စွာ သိမြင်လာပါသည်။ လူတန်းစားအသီးသီးနှင့် စာရေးသူ နှစ်ပေါင်းများစွာ လုပ်ကိုင်လာသောအခါ စာရေးသူပို့ချသော ထိရောက်သည့်နည်းလမ်းများသည် လူကြိုက်များနေသော အယူအဆများနှင့်လည်း မကြာခဏ ကွဲလွဲနေသည်ကို တွေ့ရပါသည်။

ပုဂ္ဂိုလ်ရေးကျင့်ဝတ်ဆိုင်ရာ ဥပဓိရပ်တိုးတက်မှု, ဆက်သွယ်ရေးစွမ်းရည်, အပြုကျင့်ဝတ်စိတ်, အရှိန်သြဇာ မဟာဗျူဟာပညာရပ်များတို့သည် ကောင်းကျိုးမပြုဟု မဆိုလိုပါ။ အောင်မြင်ရေးအတွက် ယင်းတို့သည် တစ်ခါတစ်ရံ အမှန်ပင် လိုအပ်လေသည်။ သို့သော် ယင်းတို့သည် အခြေခံမဟုတ်။ သာမန်လက္ခဏာများသာ ဖြစ်လေသည်။ လူတို့သည် ဘဝတိုးတက်အောင် ကြံဆောင်ရာတွင် အခြေခံအချက်များကိုမေ့ကာ အပေါ်ယံနည်းလမ်းများကို သုံးနေကြလေသည်။ အပင်မှလည်း အသီးအပွင့်ခံစားနေရ၍ မျိုးစေ့ပျိုးရန် မေ့နေကြခြင်းပင် ဖြစ်လေသည်။

စာရေးသူတို့၏စာရိတ္တသည် အခြေခံချို့ယွင်း၍ မရိုးသား လျှာ ၂ ခွ ဖြစ်နေပြီး၊ မိမိလိုလားသလို သူတစ်ပါး ပုပ်လာစေရန်, အလုပ် ပိုကြိုးစားစေရန်,

ပိုမိုစည်းရုံးနိုင်ရန်, မိမိကို သဘောကျစေရန် အရှိန်ညြောပေးနိုင်သည့် နည်းဗျူဟာ တို့ကိုအသုံးချလျှင် ရေရှည်တွင် အောင်မြင်နိုင်မည် မဟုတ်ပေ။ စကား ၂ ခွ ပြောရ၍ စာရေးသူကို ယုံကြည်တော့မည် မဟုတ်ပေ။ ဆက်ဆံရေး နည်းလမ်း ကောင်းများသုံးသည့်တိုင် စာရေးသူလုပ်ဆောင်သမျှသည် အကြံအဖန်များသာဟု ထင်မြင်လာကြမည်။ ယုံကြည်မှုနည်းလျှင်, မရှိလျှင် ရေရှည်အောင်မြင်နိုင်မည် မဟုတ်ပေ။ အပြောအဟော မည်မျှကောင်းပါစေ။ ရည်ရွယ်ချက် မည်မျှကောင်း ပါစေ။ အခြေခံကောင်းမှသာ နည်းစနစ်သည် အသက်ဝင်လာမည် ဖြစ်သည်။

နည်းစနစ်ကိုအာရုံစိုက်ခြင်းသည် ကျောင်း၌ စာတတွတ်တွတ်ကျက် သည်နှင့် တူလေသည်။ ရံဖန်ရံခါအောင်မြင်ပြီး၊ အဆင့်ကောင်းလည်း ရပေ မည်။ သို့သော် နေ့စဉ် အချိန်ယူမကြိုးစားလျှင် ဘာသာရပ်များကို မှန်ကန်စွာ နားလည်မည် မဟုတ်ပေ။ သို့မဟုတ် ပညာ တကယ်တတ်မည် မဟုတ်ပေ။

လယ်ယာလုပ်ငန်းတွင် ရာသီချိန်ခါအလိုက် မစိုက်ပျိုးဘဲ မိုးလွန်မှ ထွန်ချ ဆိုသလို လုပ်ကိုင်လျှင် မည်သို့ အောင်မြင်နိုင်မည်နည်း။ လယ်ယာသည် သဘာဝ စည်းစနစ်ပင် ဖြစ်သည်။ အချိန်အခါအလိုက် လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ရ ပါမည်။ ဖြတ်လမ်းမရှိဘဲ ကိုယ်လုပ်သလိုသာ ပြန်ခံစားရပေမည်။

ဤစည်းကမ်းသည် နောက်ဆုံး၌ လူ့အပြုအမူ, လူ့ဆက်ဆံရေးတွင်လည်း မှန်ကန်နေသည်။ ယင်းတို့သည်လည်း ကိုယ်ပြုမူသလို ပြန်ခံစားရသည့် သဘာဝ တရားများပင် ဖြစ်လေသည်။ စာသင်ကျောင်းကဲ့သို့ လူမှုအဖွဲ့အစည်းတွင် ကျောင်း စည်းကမ်းများကို ကြံဖန်လိုက်နာလျှင် ရေတိုတွင် အောင်မြင်နိုင်လေသည်။ လူမှုဆက်ဆံရေးအများစုတွင်လည်း ယာယီအောင်မြင်ရန်, သူတစ်ပါးသဘောကျ စေရန် (ကျွမ်းကျင်မှု, ဆွဲဆောင်မှု, သူတစ်ပါး၏ဝါသနာကို စိတ်ဝင်စားဟန် ပြမှု)ပုဂ္ဂိုလ်ရေးကျင့်ဝတ်ကို အသုံးချနိုင်လေသည်။ ရေတိုအခြေအနေတွင် အလုပ် ဖြစ်ရန် မြန်ဆန်လွယ်ကူသောနည်းလမ်းများကို အသုံးချနိုင်သည်။ သို့သော် ရေရှည်ဆက်ဆံရေးတွင် အပေါ်ယံလက္ခဏာတစ်မျိုးတည်းဖြင့် အကျိုးအမြတ် ဖြစ်ထွန်းမည် မဟုတ်ပေ။ တကယ်မရိုးသားလျှင်, အခြေခံစာရိတ္တ မခိုင်မာလျှင်

ဘဝစိန်ခေါ်မှုများကြောင့် အမှန်တရားများ ဘူးပေါ်သလို ပေါ်လာမည်။ ရေတို အောင်မြင်မှုတွင် ဆက်ဆံရေးပျက်ပြားမှုက အစားထိုးဝင်လာပေမည်။

အပေါ်ယံကောင်း၍ လူမှုစွမ်းရည်ဖြင့် အောင်မြင်နေသူအချို့သည် အတွင်းစာရိတ္တ မကောင်းကြပေ။ သူတို့သည် လုပ်ဖော်ကိုင်ဖက်,ဇနီး,ခင်ပွန်း,သူငယ်ချင်း, သားသမီးတို့နှင့်ဆက်ဆံရာတွင် စာရိတ္တသည် လွန်စွာအရေးပါလေသည်။

"ကျွန်တော့်နားမှာ သင် ကျယ်လောင်စွာပြောနေပေမယ့် သင်ပြောတာ ကျွန်တော် မကြားဘူး"ဟု အီမာဆင်[၁]က ဆိုခဲ့လေသည်။

စာရိတ္တအားကောင်းပြီး ဆက်ဆံရေးညံ့မနသူများလည်း ရှိပါသည်။ ထိုအခါ ဆက်ဆံရေးသည် ချောမွေ့သင့်သလောက် မချောမွေ့တော့ပေ။ သို့သော် ပြဿနာငယ်လေးမျှသာ ဖြစ်လေသည်။

နောက်ဆုံးအဆင့်တွင် စာရိတ္တသည် အပြော, အလုပ်တို့ထက် တန်ဖိုးရှိ ခရီးရောက်လေသည်။ ဤအချက်ကို လူတိုင်းလိုကို သိလေသည်။ စာရိတ္တတွင် စိတ်ချရသူကို ကျွန်တော်တို့ ယုံကြည်ကြသည်။ သူတို့ အပြော မကောင်း, ဆက်ဆံရေး မချောမွေ့စေကာမူ သူတို့ကို ယုံကြသည်။ သူတို့နှင့် အောင်မြင်စွာ အလုပ်လုပ်နိုင်သည်။

"လူတိုင်းတွင် အကောင်းအဆိုးကိုဖန်တီးနိုင်သည့် အံ့ဖွယ်စွမ်းအား ရှိနေသည်။ ယင်းသည် သူ့ဘဝကို အရှိန်ဩဇာပေးနေသည့် မသိမမြင်ရသော တိတ်ဆိတ်သည့်စွမ်းအားတစ်မျိုးပင် ဖြစ်သည်။ ယင်းစွမ်းအားဖြင့် သူ ဘယ်လို လူစားဆိုသည့်အဖြေ ပေါ်လာသည်။ ဟန်ဆောင်၍ မရပေ"ဟု ဝီလျံ ဂျော့ ဂျော်ဒန်[၂]က ဆိုလေသည်။

၁။ Emerson
၂။ Willian George Jordan

ရှုထောင့်စွမ်းအား

စွမ်းရည်မြင့်မားသူတို့၏ အလေ့အကျင့် ၇ ပါးတွင် ထိရောက်အောင်မြင်စေသော အခြေခံစည်းကမ်းတရား များစွာပါဝင်နေသည်။ ယင်းအလေ့အကျင့်တို့သည် အခြေခံ ပဓာနကျသည်။ မှန်ကန်သော (စည်းကမ်း)တရားများအတွင်း သက်ဝင်လှုပ်ရှားမှသာ ကြာရှည်ခံသော အောင်မြင်မှုနှင့် ပျော်ရွှင်မှုကို ရရှိနိုင်မည်။

သို့သော် ယင်းအလေ့အကျင့် ၇ ပါးကို ကောင်းစွာနားမလည်မီ မိမိ၏ ရှုထောင့်နှင့် ယင်းရှုထောင့်အား မည်သို့ပြောင်းရွှေ့ရမည်ကို နားလည်ရန် လိုအပ်လေသည်။

စာရိတ္တကျင့်ဝတ်နှင့် ပုဂ္ဂိုလ်ရေးကျင့်ဝတ် ၂ ခုစလုံးသည် လူမှုရေးရှုထောင့်များ ဖြစ်လေသည်။ ရှုထောင့်၏အဓိပ္ပာယ်သည် မြေပုံ (Map)၏ အဓိပ္ပာယ်နှင့် ဆင်တူလေသည်။ မြေပုံသည် နယ်မြေတစ်ခု၏ မြင်ကွင်းများကို ဖော်ပြလေသည်။

သင်သည် ချီကာဂိုမြို့လယ်ရှိ နေရာတစ်ခုသို့ သွားလိုသည်ဆိုပါစို့။ ထိုနေရာသို့ရောက်ရန် ယင်းမြို့၏ လမ်းပြမြေပုံသည် များစွာအထောက်အကူ ရပေလိမ့်မည်။ သို့သော် အကယ်၍ သင်ရသောမြေပုံသည် ချီကာဂို ဟု မှားယွင်းရေးထားသော်လည်း ဒက်ထရွိုက်မြို့မြေပုံဖြစ်နေလျှင် သင်သွားလိုသောနေရာသို့ လွယ်ကူစွာ ရောက်ပါတော့မည်လား။ ယင်း မြေပုံဖြင့် သင်ကြိုးစားသွားသော်လည်း တလွဲနေရာသို့သာ ရောက်သွားပေမည်။

သင်သည် အပြုစိတ်ရှိသူဖြစ်လျှင် စိတ်ထိခိုက်မည်တော့ မဟုတ်ပေ။ သင်လိုရာခရီးသို့ မရောက်သည်မှာ သင်လုပ်ဆောင်ပုံ, သင့်ဆုံးဖြတ်မှုတို့သည် အဓိကမကျဘဲ မြေပုံလွဲမှားသောကြောင့်သာ ဖြစ်လေသည်။

အကယ်၍ သင်ရသောမြေပုံသည် ချီကာဂိုမြို့မြေပုံ အစစ်ဖြစ်လျှင် သင်သွားသလောက် ခရီးပေါက်ပေမည်။ လမ်းတွင် စိတ်ပျက်ဖွယ် အနှောင့်အယှက်ကြုံလျှင်လည်း သင် အဆင်ပြေအောင် ရင်ဆိုင်ရပေမည်။ သို့သော် အရေးအကြီးဆုံးမှာ မြေပုံအမှန် ရရှိရန်ပင် ဖြစ်လေသည်။

ကျွန်တော်တို့သည် တွေ့ကြုံသောအရာတိုင်းအား မြေပုံတစ်ပုံကို ရှုမြင်သလို တွေးမြင် အဖြေထုတ်ကြသည်။ ယင်းသည် တိကျမှန်ကန်ခြင်း ရှိ, မရှိကိုမူ ထည့်တွက်လေ့ မရှိပေ။ တွေ့မြင်ရသောအရာများသည် တကယ့်အမှန်များ၊ သို့မဟုတ် ဖြစ်သင့်ဖြစ်ထိုက်, ရှိသင့်ရှိထိုက်သည့်အတိုင်းပင်ဟု ယူဆလေ့ရှိကြသည်။

ကျွန်တော်တို့၏ သဘောထားနှင့် အပြုအမူများသည်လည်း ဤအယူအဆများမှ ဖြစ်ပေါ်လာလေသည်။ ကျွန်တော်တို့ မြင်တွေ့ပုံကို အခြေပြု၍ ကျွန်တော်တို့ တွေးမြင် လုပ်ဆောင်ကြသည်။

ရှေ့မဆက်မီ ဥဏှစွမ်းစမ်းသပ်ရန် စိတ်ဝင်စားဖွယ် အတွေ့အကြုံကို တင်ပြလိုပါသည်။ ဖော်ပြပါ ပုံ ၁ ကို စက္ကန့်အနည်းငယ်ခန့် ကြည့်ပါ။

ထို့နောက် ပုံ ၂ ကို သေချာစွာကြည့်ပြီး တွေ့မြင်ရသည်တို့ကို ဖော်ပြပါ။

အမျိုးသမီးတစ်ဦးကို တွေ့ပါသလား။ အသက် ဘယ်လောက်ရှိပြီ သင်ဆင်ပါသလဲ၊ သူမကို ဘယ်လိုမြင်ပါသလဲ။ ဘာတွေ ဝတ်ဆင်ထားသလဲ။ သူမ ဘာဖြစ်သင့်သည်, လုပ်သင့်သည် ထင်မြင်ပါသလဲ။

ဒုတိယပုံမှာ အမျိုးသမီးမှာ အသက် ၂၅ နှစ်ခန့်ရှိမည်ဟု သင်ထင်မြင်ပေမည်။ သူမသည် ရှက်စနိုးဟန်၊ သေးသွယ်သောနှာခေါင်းနှင့် အတန်ပင်ခေတ်ဆန်ကာ အလွန်ချစ်စရာကောင်းသည်။ သင်လူပျိုလူလွတ်ဖြစ်လျှင် သူမနှင့်တွဲသွားချင်မည်။ သင် အလှပြင်ဆိုင်ဖွင့်လျှင် သူမကို ဖက်ရှင်မယ် ခန့်လိုပေမည်။

သို့သော် သင်မှားသည်ဟု စာရေးသူကဆိုလျှင် သင် ဘာပြောမည်နည်း။ ထိုအမျိုးသမီးသည် အသက် ၆၀ သို့မဟုတ် ၇၀ ခန့် ရှိသည်။ သူမ ဝမ်းနည်းနေပုံရသည်။ သူမသည် နှာခေါင်းကြီးပြီး စံပြမယ်လည်း မဟုတ်ပါ။ သူမ လမ်းဖြတ်ကူးလျှင်ပင် သင်တွဲကူပေးရမည့်အရွယ်တွင် ရှိနေသည်။

မည်သူမှန်သနည်း။ ရုပ်ပုံကို တစ်ဖန်ပြန်ကြည့်ပါ။ အဘွားအိုကို သင်မြင်ပါရဲ့လား။ မမြင်သေးလျှင် မြင်လာအောင် ကြိုးစားကြည့်နေပါ။ သူမ၏ ခပ်ကောက်ကောက်နှာခေါင်းကြီးနှင့် ပခုံးတင်စောင်တို့ကို မမြင်သေးဘူးလား။

အကယ်၍ ကျွန်တော်နှင့် သင် မျက်နှာချင်းဆိုင်စကားပြောခွင့်ရလျှင် ဤရုပ်ပုံနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ပါသည်။ သင်တွေ့မြင်ပုံကို ပြောပြနိုင်ပြီး၊ ကျွန်တော်တွေ့မြင်ပုံကိုလည်း ပြောပြနိုင်ပေမည်။ သင်မြင်သလို ကျွန်တော် မြင်လာအောင် သင် ပြောနိုင်ပြီး၊ ကျွန်တော်မြင်သလို သင် မြင်လာအောင်လည်း ကျွန်တော် ပြောနိုင်ပါသည်။

ကျွန်တော်တို့မျက်နှာချင်းဆိုင် မပြောဆိုနိုင်ကြသောကြောင့် ပုံ ၃ ကို လေ့လာပါ။ ထို့နောက် ဤပုံကို တစ်ဖန်ပြန်ကြည့်ပါ။ အဘွားအိုကို သင် မြင်ရပြီလား။ စာ ရှေ့ဆက်မဖတ်မီ အဘွားအိုကို မြင်နိုင်ဖို့ လိုအပ်လေသည်။

ဤလေ့ကျင့်ခန်းကို လွန်ခဲ့သည့်နှစ်များစွာက ဟားဗတ်စီးပွားရေးကျောင်းတွင် စာရေးသူ တွေ့ကြုံခဲ့ပါသည်။ လူ ၂ ဦးသည် အရာတစ်မျိုးတည်းကို မြင်ပုံချင်းမတူဘဲ ၂ ဦးစလုံးသည် မှန်နိုင်ကြောင်းကို နည်းပြဆရာက လေးနက်ရှင်းလင်းစွာ သရုပ်ပြသောကြောင့် ဖြစ်လေသည်။ ယင်းသည် ကြောင်းကျိုးနှင့် မဆိုင်။ စိတ္တဗေဒနှင့် ပတ်သက်လေသည်။

ဆရာသည် အခန်းထဲသို့ အရုပ်ကားချပ်ကြီးများစွာ ယူလာသည်။ ရုပ်ပုံတစ်ဝက်မှာ ပုံ ၁က မိန်းမပျိုပုံဖြစ်ပြီး၊ ကျန်တစ်ဝက်မှာ စာမျက်နှာ...တွင် သင်မြင်ရမည့် အဘွားအိုပုံ ဖြစ်လေသည်။

မိန်းမပျိုဏ်ပုံကို တစ်ခြမ်းရှိ အတန်းသားများအား ပေးဝေပြီး၊ အဘွားအိုပုံကို အခြားတစ်ခြမ်းရှိ အတန်းသားများအား ပေးဝေသည်။ ရုပ်ပုံကို ၁၀ စက္ကန့်ခန့် အာရုံ စိုက်ကြည့်ရန် ပြောပြီး နောက်ရုပ်ပုံများကို ပြန်သိမ်းသည်။ ထို့နောက် ပိတ်ကားပေါ်သို့ ၂ ဦးစလုံးပုံ ပေါင်းစပ်နေသည့်ရုပ်ပုံကို ထိုးပြပြီး၊ သူတို့ ဘာမြင်သည်ကိုပြောပြရန် အတန်းသားများကို ပြောသည်။ မိန်းမပျိုပုံကို ပထမမြင်ထားရသည့် အတန်းသားအားလုံးနီးပါးသည် ပိတ်ကားပေါ်တွင် မိန်းမျိုပုံကို မြင်ကြသည်။ အဘွားအိုပုံကို ပထမမြင်ထားရသည့် အတန်းသား အားလုံးနီးပါးသည်လည်း ပိတ်ကားပေါ်တွင် အဘွားအိုပုံကို မြင်ကြလေသည်။

ထို့နောက် ဆရာက အတန်းသားတစ်ဦးအား သူမြင်သည်ကို အခြားတစ်ခြမ်းရှိ အတန်းသားအား ပြောပြစေသည်။ သူတို့ ၂ဦး အမြင်မတူကြ၍ စကားအချေအတင် ဖြစ်လာသည်။

"ဘာတွေ ပြောနေလဲ။ အဘွားအိုတဲ့လား။ အသက် ၂၀–၂၂ နှစ်ထက် မကျော်နိုင်ပါဘူး"

"ဟာ– တယ်ဆိုပါလား။ ရယ်စရာတွေတော့ ပြောနေပြီ။ အသက် ၇၀ လောက်ရှိပြီ။ ၈၀ တောင် ဖြစ်နိုင်တယ်"

"ခင်ဗျား ဘာဖြစ်နေလဲ။ မျက်စိကန်းနေလား။ ဒီအမျိုးသမီး အသက်ငယ်တယ်။ ကြည့်ကောင်းတယ်။ ချစ်စရာကောင်းတယ်။ ကျွန်တော်တောင် တွဲခုတ်ချင်တယ်"

"ချစ်စရာကောင်းတယ်လား။ အမယ်အိုကြီးကိုများ"

သူတို့သည် မိမိအမြင်ကို ခိုင်မာစွာယုံကြည်၍ တင်းမာစွာ ငြင်းခုံနေကြသည်။ သူတို့ ကိုယ့်ရှုထောင့်မှ ဤသို့ ငြင်းခုံကြသော်လည်း အခြားအမြင်တစ်မျိုး ရှိနိုင်သေးသည်ကို သူတို့ ကြိုသိထားကြလေသည်။ သို့သော် ယင်းအသိကို ဝန်မခံလိုကြပေ။ စာသင်သားအနည်းငယ်သာ အခြားအမြင်တစ်မျိုးဖြင့် ရှုမြင်ရန် တကယ်ကြိုးစားကြလေသည်။

ယင်းသို့ငြင်းခုံနေရာ မအောင်မြင်သဖြင့် သင်တန်းသားတစ်ဦးသည် ပုံကားဆီသို့သွားပြီး ပုံမှ အရေးအကြောင်းများကို ထောက်ပြလေသည်။

"ဒါ မိန်းမပျိုရဲ့ဆွဲကြိုး"

"မဟုတ်ဘူး။ အဲဒါ အဘွားကြီးရဲ့ပါးစပ်" ဟု အခြားတစ်ယောက်ကငြင်းသည်။

သူတို့သည် မတူသောအမြင်တို့ကို အေးဆေးစွာ ဆက်လက်ဆွေးနွေးကြရာ နောက်ဆုံးတွင် တစ်ယောက်ပြီးတစ်ယောက် ပုံ ၂ မျိုးကို တွဲမြင်လာကြလေသည်။ ကျွန်တော်တို့သည် တည်ငြိမ်, လေးစား, သေချာစွာ ဆက်လက်ဆွေးနွေးကြရာ နောက်ဆုံးတွင် တစ်ဖက်သား၏အမြင်ကို သိမြင်လာလေသည်။ သို့သော် ကျွန်တော်တို့သည် တစ်နေရာသို့ကြည့်ပြီးနောက် ပုံကို ပြန်ကြည့်သော အခါ အများစုသည် ဦးစွာ ၁၀ စက္ကန့်မျှမြင်ခဲ့ဖူးသော ရုပ်ပုံကိုသာ ရုတ်တရက်မြင်လေသည်။

ကိုယ်တိုင်နှင့် အချင်းချင်းဆက်သွယ်မှု ထက်မြက်ထိရောက်ရေးတွင် နက်နဲသော အသိအမြင်များပေးနိုင်သောကြောင့် စာရေးသူသည် လူများနှင့် အဖွဲ့အစည်းတို့ကို ဆွေးနွေးဟောပြောရာတွင် ဤ မြင်သိပုံသရုပ်ပြခြင်းကို မကြာခဏ တင်ပြလေသည်။ တွေ့ကြုံခဲ့သည့်အခြေအနေသည် လူတို့၏သဘောထား, မြင်သိပုံ, ရှုထောင့်များအပေါ် မည်မျှသြဇာကြီးမားသည်ကို ဖော်ပြလေသည်။ ၁၀ စက္ကန့်မျှအတွေ့အကြုံသည် ကျွန်တော်တို့မြင်သိပုံကို ထိုမျှအကျိုးရောက်လျှင် တစ်သက်တာအတွေ့အကြုံ၏ အရှိန်သြဇာသည် မည်မျှ ကြီးမားနေမည်နည်း။ မိသားစု, ကျောင်း, ဘာသာရေး, လုပ်ငန်းခွင်, မိတ်ဆွေများ, လုပ်ဖော်ကိုင်ဖက်များ, ပုဂ္ဂိုလ်ရေးကျင့်ဝတ်ကဲ့သို့သော လက်ရှိလူမှုရေးရှုထောင့်များ စသည်တို့သည် ကျွန်တော်တို့၏အမြင်, မြင်သိပုံရှုထောင့်, ကိုးကားအဖြေရှာခြင်းတို့အပေါ် မသိမသာ သြဇာသက်ရောက်နေကြလေသည်။

ဤ မြင်သိပုံရှုထောင့်များမှ ကျွန်တော်တို့၏သဘောထားနှင့် အပြုအမူများ ဖြစ်ပေါ်လာသည်ကိုလည်း ညွှန်ပြလေသည်။ ကျွန်တော်တို့သည် မြင်သိပုံ ရှုထောင့်အရ တွေးမြင်လုပ်ဆောင်ကြသည်။ ကျွန်တော်တို့သည် သိမြင်သလို ပြောဆို

လျှောက်လှမ်းကြသည်။ အကယ်၍ သင်သည် ပုံ ၂ မျိုး ပေါင်းစပ်နေသော ကားချပ်တွင် မိန်းမပျိုကိုသာ မြင်သည့်အများစု၌ ပါဝင်နေလျှင်၊ သူမလမ်းဖြတ်ကူးသောအခါ ကူညီရန် စိတ်ကူးတော့မည် မဟုတ်ပေ။ သူမနှင့်ပတ်သက်သော သင့်သဘောထား, အပြုအမူတို့သည် သူမကို သင် မြင်သိပုံနှင့် အံဝင်ဆီလျော်နေရပေမည်။

သဘောထားနှင့် အပြုအမူတို့သည် အခြေခံမြင်သိပုံရှုထောင့်မှ ဖြစ်ပေါ်လာသောကြောင့် ယင်းအခြေခံကို စစ်ဆေးရန်ပျက်ကွက်လျှင်၊ သဘောထားနှင့် အပြုအမူတို့ ပြောင်းလဲရန်ကြိုးစားခြင်းသည် ထိရောက်ခရီးပေါက်မည် မဟုတ်ပေ။ ဤသည်မှာ ပုဂ္ဂိုလ်ရေးကျင့်ဝတ်၏ အခြေခံချို့ယွင်းချက်တစ်ခုပင် ဖြစ်လေသည်။

ဤမြင်သိပုံသရုပ်ပြခြင်းက အခြားလူများနှင့် ကျွန်တော်တို့ဆက်ဆံရာတွင် မြင်သိမှုရှုထောင့်သြဇာ မည်မျှကြီးမားသည်ကိုလည်း ပြသလေသည်။ ကျွန်တော်တို့သည် အခြင်းအရာတို့ကို ဓမ္မဓိဋ္ဌာန်ကျစွာ ရှုမြင်ကြသည်ဟု ထင်မြင်သလို၊ အခြားလူများကလည်း သူတို့ရှုထောင့်မှ တစ်မျိုးရှုမြင်တတ်ကြောင်း ကျွန်တော်တို့ စတင်သဘောပေါက်ဘသည်။ 'ကျွန်တော်တို့ထိုင်သော နေရာတွင်ပင် ကျွန်တော်တို့ရပ်ကြသည်'မဟုတ်ပါလား။

လူတိုင်းလိုပင် သူသည် ဓမ္မဓိဋ္ဌာန်ကျစွာ အရှိကိုအရှိအတိုင်း မြင်တတ်သည်ဟု ထင်မြင်လေ့ရှိသည်။ ဤအဆို မှန်လေ့ မရှိပါ။ ကျွန်တော်တို့သည် အရာရာကို ပကတိအတိုင်း မမြင်ဘဲ၊ မိမိ၏အခြေအနေ, မိမိ၏ဘဝကို အခြေခံ၍သာ ရှုမြင်လေသည်။ ကျွန်တော်တို့တွေ့မြင်သည်ကို ဖွင့်ဟပြောဆိုသောအခါ စင်စစ်အားဖြင့် ကျွန်တော်တို့သည် မိမိ၏အခြေအနေ, မိမိ၏အသိအမြင်, မိမိ၏ မြင်သိမှုရှုထောင့်တို့ကို တင်ပြနေခြင်းသာ ဖြစ်လေသည်။ ကျွန်တော်တို့ အမြင်ချင်းမတူကြသောအခါ၊ 'တစ်ဘက်လူတွင် တစ်စုံတစ်ရာချို့ယွင်းနေပြီ'ဟု ကျွန်တော်တို့ ထင်မြင်တော့သည်။ သို့သော် သရုပ်ပြရာတွင် သိမြင်သည့်အတိုင်း ကွဲပြားသော ရှုမြင်ပုံဖြင့် ခြားနားစွာ သိမြင်ကြလေသည်။

အမှန်တရားသည် ရှိသည်ပင်။ သရုပ်ပြရာတွင် ပုံတစ်မျိုးစီကို မြင်ခဲ့သော လူ ၂ ဦးသည် တတိယပုံကို အတူကြည့်ကြလေသည်။ ယခု သူတို့သည်

တူညီသည့် တစ်ခုတည်းသောပုံကို ကြည့်ကြသည်။ ကောက်ကြောင်းနှင့် အဖြူ ကွက်များကိုမြင်ကြောင်း ဝန်ခံကြသည်။ သို့သော် ယင်းအချက်အလက်တို့ကို ယခင်အတွေ့အကြုံအတိုင်း သူတို့ ရှုမြင်ကြလေသည်။ သူတို့အတွက် အဖြေ ကွဲလွဲမှု မရှိပေ။

ကျွန်တော်တို့သည် အခြေခံ မြင်သိရှုထောင့် မြင်ကွင်း, အယူအဆတို့ကို ပိုသဘောပေါက်လေ၊ အတွေ့အကြုံ၏အရှိန်သြဇာကို နားလည်လေ၊ ယင်းမြင်သိ ပုံများနှင့်ပတ်သက်၍ တာဝန် ပိုယူနိုင်လေပင်။ ထို့ပြင် ယင်းတို့ကို ဆန်းစစ် လာမည်။ အမှန်တရားနှင့် ချိန်ထိုးလာမည်။ အခြားလူတို့၏အမြင်ကို နားလည် အောင် လေ့လာမည်။ ထိုအခါ အမြင်ကျယ်လာပြီး ဓမ္မဓိဋ္ဌာန်ကျစွာ ပိုမိုရှုမြင် လာကြပေမည်။

မြင်သိပုံရှုထောင့် ပြောင်းလဲခြင်းတန်ခိုး

မြင်သိပုံသရုပ်ပြရာတွင် ရရှိသောအသိမှာ 'မြင်သိပုံကို ပြောင်းလဲနိုင်သည်' ဟု သဘောပေါက်လာခြင်းပင် ဖြစ်သည်။ ပေါင်းစပ်နေသောပုံတွင် နောက်ဆုံး၌ အခြားတစ်ပုံကိုလည်း တွေ့မြင်နိုင်လာသည်။ ယင်းသို့မြင်လာလျှင် ဉာဏ်အလင်း ပွင့်လာသလို ကျေနပ်အားရလေသည်။

မြင်သိရှုထောင့် ပြောင်းရွှေ့ခြင်းဝေါဟာရသည် သောမတ်ခွန်[1]၏ The Structure of Scientific Revolutions စာအုပ်တွင် စတင် ပေါ်ပေါက်လာ သည်။ 'သိပ္ပံဆိုင်ရာကြိုးပမ်းမှုနယ်ပယ်တွင် ထူးခြားသော အောင်မြင်မှုအားလုံး နီးပါးသည် ရှေးထုံးစဉ်လာ အတွေးအမြင်ဟောင်းများ, ရှုထောင့်ဟောင်းများကို ဖြတ်ကျော်ခွဲခွာရာမှ စတင်သည်'ဟု ဆိုထားလေသည်။

အီဂျစ်နက္ခတ်ပညာရှင်ကြီး 'ပတိုလီမီ'[2]က 'ကမ္ဘာသည် စကြဝဠာ အလယ်တွင် ရှိသည်'ဟု ဆိုလေသည်။ သို့သော် 'ကော့ပါနီကယ်'[3]က 'နေသည်

၁။ Thomas Khun
၂။ Ptolemy
၃။ Copernicus

စကြဝဠာလယ်တွင်ရှိသည်' ဟု ပြောင်းလဲပြောသောအခါ ခုခံတော်လှန်မှု, သက်ဖြတ်မှုများစွာ ပေါ်ပေါက်လာသည်။ အရာရာကို အဓိပ္ပာယ်အမျိုးမျိုး ကောက်လာကြတော့သည်။

ရူပဗေဒဆိုင်ရာ နယူတန်၏ အယူအဆ[1]သည် ခေတ်သစ်စက်မှုပညာ၏ အခြေခံဖြစ်နေဆဲပင်။ သို့သော် ယင်းသည် တစ်ပိုင်းတစ်စသာ။ မပြည့်စုံပေ။ သို့သော် အိုင်းစတိုင်း[2]၏ ဆက်စပ်နှိုင်းယှဉ်မှုရလဒ် အယူအဆပေါ်လာသောအခါ သိပ္ပံပညာလောကသည် အကြီးအကျယ်ပြောင်းလဲသွားသည်။ ၎င်းအယူအဆသည် များစွာရှင်းလင်းပြီး ကြီးမြင်လေသည်။

ရောဂါပိုးမွှားအသိအမြင် မပေါ်ပေါက်မီက မီးဖွားစဉ် မိခင်နှင့်ကလေးသေနှုန်း အဘယ်ကြောင့်မြင့်မားသည်ကို လူတို့ မသိကြပေ။ စစ်ပွဲများတွင် ဒဏ်ရာအနည်းငယ်နှင့် ရောဂါများကြောင့် လူအသေအပျောက်သည် ရှေ့တန်း အကျအဆုံးထက် ပိုများလေသည်။ ရောဂါပိုးမွှားသဘောတရား ပေါ်ပေါက်လာသောအခါ အခြေအနေမှန်ကို သဘောပေါက်ပြီး၊ ဆေးပညာလည်း ထူးခြားစွာ တိုးတက်လာလေသည်။

ကမ္ဘာသမိုင်းတွင်လည်း နိုင်ငံများစွာတို့သည် စနစ်ဟောင်းဖြင့် အုပ်ချုပ်နေရာမှ စနစ်သစ်ကို ပြောင်းလဲအသုံးချရာ လွန်စွာ တိုးတက်ထွန်းကားလာလေသည်။

မြင်သိရှုထောင့်ပြောင်းလဲတိုင်း အပြုသဘောဆောင်သည်တော့ မဟုတ်ပေ။ ကျွန်တော်တို့ သိမြင်ခဲ့သည့်အတိုင်း စာရိတ္တကျင့်ဝတ်မှ ပုဂ္ဂိုလ်ရေးကျင့်ဝတ်သို့ ပြောင်းသွားသောအခါ လူတို့သည် အောင်မြင်မှုနှင့် ပျော်ရွှင်မှုကို အားဖြည့်ပေးသည့်ရေသောက်မြစ်မှ ဝေးကွာသွားလေသည်။

သို့သော် ယင်းတို့ကြောင့် အပြုသဘော၊ သို့မဟုတ် အပျက်သဘောသို့ ဦးတည်ရာ၌ ချက်ချင်းဖြစ်စေ, တဖြည်းဖြည်းဖြစ်စေ မြင်သိရှုထောင့် ပြောင်းလဲ

[1] Newtonian model
[2] Einstein

ခြင်းကြောင့် ကျွန်တော်တို့၏လောကအမြင်သည် တစ်မျိုးမှတစ်မျိုးသို့ ပြောင်းသွားလေသည်။

မြင်သိပြောင်းလဲပုံလေးတစ်ခုကို တစ်ခုသောတနင်္ဂနွေနံနက် နယူးယောက်မြို့ မြေအောက်ရထားပေါ်တွင် စာရေးသူ ကြုံတွေ့ခဲ့လေသည်။ ခရီးသည်များ အချို့ သတင်းစာဖတ်နေသည်။ အချို့ တွေးချင်ရာတွေးနေသည်။ အချို့ အိပ်ငိုက်နေသည်။ အခြေအနေသည် ငြိမ်သက်အေးဆေးနေသည်။

ထို့နောက် ရုတ်တရက်လိုပင် လူတစ်ဦးနှင့် သားသမီးများ တက်လာကြသည်။ ကလေးများသည် ကျယ်လောင်စွာ ပြောဆိုဆူပူကြ၍ အခြေအနေ ရုတ်တရက်ပင် ပြောင်းလဲသွားသည်။ ဖခင်သည် ကျွန်တော့်ဘေးတွင်ထိုင်နေပြီး ဘာမျှမကြားသလို မျက်စိမှိတ်နေသည်။ ကလေးတို့သည် ဟိုကိုင်သည်ကိုင်, ဟိုပစ်သည်ပစ် အော်ဟစ်ပြောဆိုနေကြသည်။ အနှောင့်အယှက် အလွန်ဖြစ်နေပါသည်။ သို့သော် သူတို့၏ဖခင်သည် ကျွန်တော့်ဘေးတွင် ငြိမ်နေမြဲ။

ကျွန်တော် စိတ်တိုလာသည်။ သူ့သားသမီးများ ဤမျှဆူပူနေသော်လည်း ဘာမျှမပြောဘဲ ငြိမ်နေသည်ကို ကျွန်တော် နားမလည်နိုင်အောင် ဖြစ်လာသည်။ အခြားလူများလည်း မကျေနပ်ကြတော့သည်ကို တွေ့မြင်လာရသည်။ ထို့ကြောင့် နောက်ဆုံးတွင် ကျွန်တော် စိတ်ကိုထိန်းရင်း ပြောလိုက်သည်။

"ဒီမှာ ခင်ဗျားကလေးတွေ သိပ် အနှောင့်အယှက်လုပ်နေတယ်။ သူတို့ကို နည်းနည်းပါးပါးမထိန်းတော့ဘူးလား"

သူသည် ပတ်ဝန်းကျင်ကို သတိထားမိလာသလို ခေါင်းထောင်လာပြီး လေသံတိုးတိုးနှင့် ပြောပါသည်။

"ဟုတ်ပါတယ်။ ခင်ဗျားပြောတာ မှန်ပါတယ်။ သူတို့ကို ကျွန်တော် ထိန်းသင့်ပါတယ်။ လွန်ခဲ့တဲ့ ၁ နာရီလောက်က သူတို့အမေ ဆေးရုံမှာ ဆုံးသွားတယ်။ ကျွန်တော်တို့ ဆေးရုံက ပြန်လာကြတာ။ သူတို့ စိတ်ထိခိုက်နေကြတယ်။ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိတော့ဘူး"

ထိုအခါ ကျွန်တော် မည်သို့ ခံစားရသနည်း။ ကျွန်တော့် မြင်သိမှုရှုထောင့်ပြောင်းသွားသည်။ ကျွန်တော့်အမြင် ရုတ်တရက်ပြောင်းသွားသည်။ ကျွန်တော်

စိတ်ဆိုးပြေသွားသည်။ ကျွန်တော့်သဘောထားနှင့် အပြုအမူကို ထိန်းရန်မလို တော့ပါ။ ထိုလူအတွက် ကျွန်တော် စိတ်မကောင်းဖြစ်လာသည်။ သူ့ကို ကိုယ် ချင်းစာ သနားလာသည်။

"ဇနီးဆုံးသွားတယ်လား။ ဟာ–စိတ်မကောင်းလိုက်တာ။ ဘာဖြစ်လို့လဲ။ ကျွန်တော် ဘာကူညီရမလဲ"

အရာရာသည် ရုတ်တရက်ပင် ပြောင်းလဲသွားလေသည်။

လူများစွာတို့သည်လည်း အသက်အန္တရာယ်နှင့် ကြုံသောအခါ ဤသို့ပင် အခြေခံအတွေးအမြင် ပြောင်းလဲသွားပြီး၊ ဦးစားပေးမှုလည်း ချက်ချင်းလိုပင် ပြောင်းသွားတတ်သည်။ ခင်ပွန်း သို့မဟုတ် ဇနီး, မိဘသို့မဟုတ် ဘိုးဘွား, စိမ်ခန့်ခွဲသူ သို့မဟုတ် ခေါင်းဆောင်စသည့် နေရာအဆင့်ကို ရုတ်တရက် ထမ်းဆောင်ရသောအခါ မြင်သိပုံ ပြောင်းလဲပြီး၊ သဘောထား, ပြုမူပုံတို့လည်း ပြောင်းလဲသွားလေသည်။

မြင်သိရှုထောင့်ပြောင်းလဲလျှင် သဘောထားနှင့်အပြုအမူတို့ အလို အလျောက် ပြောင်းလဲလာသော်လည်း၊ ပုဂ္ဂိုလ်ရေးကျင့်ဝတ်ဖြင့် လပေါင်းများစွာ, နှစ်များစွာပင် ကြိုးစားစေကာမူ သဘောထားနှင့် အပြုအမူတို့ သိသာစွာပြောင်းလဲ ရန်မူ မလွယ်ပေ။ မိမိတို့ဘဝတွင် သာမန် ပြောင်းလဲမှု လုပ်ဆောင်လိုပါက မိမိတို့၏သဘောထားနှင့် အပြုအမူတို့ကို လိုအပ်သလို အာရုံစိုက်ပြုပြင်လျှင် ဖြစ်လာနိုင်ပါသည်။ သို့သော် အတိုင်းအတာတစ်ခုဖြင့် ထူးခြားစွာပြောင်းလဲလိုပါက အခြေခံမြင်သိရှုထောင့်ကို ပြောင်းလဲရန် လိုအပ်လေသည်။

'မလိုအပ်သည့်အရွက်များကို အချက် ၁၀၀၀ ခုတ်မည့်အစား အမြစ်ကို ၁ ချက်တည်း ခုတ်နိုင်လေသည်'ဟု သော်ရို*က ဆိုလေသည်။ သဘောထားနှင့် အပြုအမူ အရွက်များကို မခုတ်တော့ဘဲ၊ သဘောထားနှင့် အပြုအမူများကို ပေါ်ပေါက်စေသည့်အမြစ် မြင်သိရှုထောင့်ကို ခုတ်ဖြတ်ပြောင်းလဲမှသာ ကျွန်တော် တို့ဘဝ သိသာမြင့်မားစွာ တိုးတက်လာမည် ဖြစ်သည်။

* Thoreau

ဘဝနှင့် အမြင်

မြင်သိပုံပြောင်းလဲခြင်း အားလုံးသည် ချက်ချင်းဖြစ်လာသည်တော့ မဟုတ်ပေ။ မြေအောက်ရထားပေါ်တွင် ကျွန်တော့်အမြင် ရုတ်တရက် ပြောင်းသွားသော်လည်း၊ ကျွန်တော်သားနှင့်ပတ်သက်၍ ကျွန်တော်နှင့်ဇနီးတို့၏အမြင်ပြောင်းလဲပုံမှာ နေးကွေးခက်ခဲပြီး၊ ဆင်ခြင်တုံတရားနှင့်လည်း ဆိုင်လေသည်။ သားကို ကျွန်တော်တို့ ပထမချဉ်းကပ်ရာတွင် နှစ်ပေါင်းများစွာရင်းနှီးခဲ့သော ပုဂ္ဂိုလ်ရေးကျင့်ဝတ်၏အတွေ့အကြုံနှင့် အခြေအနေတို့ကို အသုံးချလေသည်။ ယင်းသည် မိဘများဖြစ်သော ကျွန်တော်တို့၏အောင်မြင်မှု, သားသမီးတို့၏အောင်မြင်မှု ရလဒ် ပိုမိုနက်နဲသည့် မြင်သိရှုထောင့် ဖြစ်လေသည်။ ကျွန်တော်တို့၏ အခြေခံမြင်သိရှုထောင့်ပြောင်းလဲ၍ သဘောထားပြောင်းသွားမှသာ ကျွန်တော်တို့ကိုယ်တိုင်နှင့် အခြေအနေတို့ကို သိသာစွာပြောင်းလဲအောင် ဖန်တီးနိုင်လေသည်။

ကျွန်တော်တို့၏သားကို တစ်မျိုးတစ်ဘာသာ မြင်လာနိုင်သည်မှာ ကျွန်တော်နှင့် ဇနီးတို့ကိုယ်တိုင်လည်း ပြောင်းလဲလာသောကြောင့် ဖြစ်လေသည်။ ကျွန်တော်တို့၏စာရိတ္တ ပိုမိုကောင်းမွန်တိုးတက်လာအောင် ကြိုးစားရာမှ ကျွန်တော်တို့တွင် မြင်သိရှုထောင့်အသစ် ပေါ်ပေါက်လာလေသည်။ စာရိတ္တနှင့် မြင်သိရှုထောင့်တို့ ဆက်စပ်နေသည်။

လူသားတို့သည် ဘဝပေးအခြေအနေဖြင့် ရှုမြင်ကြလေသည်။ ကျွန်တော်တို့၏ဘဝနှင့် ကျွန်တော်တို့၏အမြင်သည် ဆက်စပ်နေသည်။ ဘဝနှင့် အမြင်သည် အပြန်အလှန်ဆက်စပ်သောကြောင့် တစ်ခုခုမပြောင်းလဲလျှင် အခြားတစ်ခုလည်း သိသာစွာပြောင်းလဲနိုင်မည် မဟုတ်ပေ။

ထိုနေ့နံနက် ရထားတွဲပေါ်က ကျွန်တော့်အမြင် ရုတ်တရက် ပြောင်းသွားခြင်းသည်ပင်၊ ကျွန်တော်၏အခြေခံစာရိတ္တအပေါ် များစွာမူတည်နေလေသည်။

ကြေကွဲစိတ်ရှုပ်နေသော လူ၏အနီးထိုင်နေသည့် လူအချို့သည်လည်း အခြေအနေမှန်ကို သိရသောအခါ စိတ်မကောင်းဖြစ်ခြင်း, မလုံမလဲဖြစ်ခြင်းတို့

ခံစားကြရသည်မှာ သေချာလေသည်။ တစ်ဘက်တွင်လည်း လူများစွာသည် ထိုလူအတွက် အလွန်စိတ်ထိခိုက်ကာ သူ့အခက်အခဲကို သိချင်, ကူညီချင်ကြသည်။

မြင်သိရှုထောင့်သည် စွမ်းအားကြီးမားသည်။ အကြောင်းမှာ ယင်းကို ဖန်တီးသော ရှုထောင့်မှန်ပြောင်းဖြင့် လောကကို ကျွန်တော်တို့ ရှုမြင်သောကြောင့် ဖြစ်လေသည်။ ဖြည်းလေးဆင်ခြင်စွာ၊ သို့မဟုတ် ရုတ်တရက်ပင် ပြောင်းလဲသည် ဖြစ်စေ၊ မြင်သိပုံပြောင်းလဲခြင်းသည် စွမ်းအား သိသာထင်ရှားစွာ ပြောင်းလဲရေးအတွက် လိုအပ်မှုတစ်ခုပင် ဖြစ်လေသည်။

တရားစည်းကမ်းအခြေခံသော မြင်သိရှုထောင့်

စာရိတ္တကျင့်ဝတ်သည် အရင်းခံအယူအဆကို အခြေခံပြီး၊ ယင်းအယူအဆအရ လူသားစွမ်းရည်ထက်မြက်ရေးကို ထိန်းကျောင်းနေသော တရားစည်းကမ်းများ ရှိသည် ဟု ဆိုလေသည်။ ရုပ်ပိုင်းရေးရာတွင် ဆွဲငင်အားကဲ့သို့သော ဥပဒေသများ ရှိသကဲသို့၊ လူသားများနှင့်ပတ်သက်၍လည်း မင်ြင်းဆိုနိုင်သော, မပြောင်းလဲနိုင်သော, တကယ်စစ်မှန်သော သဘာဝဥပဒေသများ ရှိလေသည်။

ယင်းတရားစည်းကမ်းများ၏ စစ်မှန်သောအယူအဆနှင့် အရှိန်အဝါကို မြင်သိမှုပြောင်းလဲသည့် အတွေ့အကြုံတစ်ခုတွင် တွေ့ရသည်။ ဤအကြောင်းကို ရေကြောင်းသိပ္ပံမဂ္ဂဇင်းတွင် ဖရန့်ကော့ချ်*က Proceedings ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသားလေသည်။

စစ်သင်္ဘောကြီး ၂ စင်းသည် ရာသီဥတုကြမ်းတမ်းသော ပင်လယ်ပြင်တွင် စစ်ရေးလေ့ကျင့်ပေးနေသည်မှာ ရက်များစွာ ကြာလေပြီ။ ကျွန်တော်သည် ဦးဆောင်သင်္ဘောတွင် ရှိနေပြီး အမှောင်ပျိုးလာ၍ ကွပ်ကဲခန်းတွင် စောင့်ကြည့်နေသည်။ မြူဆိုင်းနေ၍လည်း မြင်ကွင်းမှန်ဝါးနေသည်။ ထို့ကြောင့် သင်္ဘောမာလိန်မှူးသည် အခြေအနေအရုပ်ရုပ်ကို အကဲခတ်နေသည်။

* Frank Koch

မှောင်လာပြီးမကြာမီ ကင်းသမားက သတင်းပို့လေသည်။

"သဘော်ဦး ညာဘက်မှာ အလင်းရောင်"

"အလင်းဟာ တည်ငြိမ်လား။ ရွှေ့နေလား"ဟု သဘော်မာလိန်မှူးက ပြန်မေးသည်။

ကင်းသမားက ပြန်ဖြေသည်။

"တည်ငြိမ်တယ် ကပ္ပတိန်"

ဤအဆိုအရ ကျွန်တော်တို့သည် ထိုသဘော်နှင့် ထိပ်တိုက်တိုးမည့် အန္တရာယ် ရှိနေသည်။

ထိုအခါ သဘော်မာလိန်မှူးက အချက်ပြသမားကို ပြောသည်။

"ဟိုသဘော်ကို အချက်ပေးပါ။ တို့ ထိပ်တိုက်တိုးကြတော့မယ်။ သူ လမ်းကြောင်း ၂၀ ဒီဂရီ ပြောင်းပါလို့ ပြောပါ"

တစ်ဘက်မှ ပြန်အချက်ပြသည်။

"သင်တို့ဘက်မှလမ်းကြောင်း ၂၀ ဒီဂရီ ပြောင်းပေးပါ"

"ငါဟာ ကပ္ပတိန်။ ၂၀ ဒီဂရီ ပြောင်းပါလို့ ပြန်ပြော"ဟု သဘော်မာလိန်မှူးက အမိန့်ပေးသည်။

တစ်ဘက်မှ ပြန်လာသည်။

"ကျွန်တော်က ဒုတိယတန်းသဘော်သား။ ခင်ဗျားသာ ၂၀ ဒီဂရီ ပြောင်းပါ"

ထိုအခါ မာလိန်မှူး ဒေါသထွက်လာပြီး အော်ပြောသည်။

"ငါဟာ စစ်သဘော်။ မင်း ၂၀ ဒီဂရီပြောင်းလို့ ပြောလိုက်"

တစ်ဘက်မှ ပြန်အချက်ပြသည်။

"ငါဟာ မီးပြတိုက်"

မာလိန်မှူးလမ်းကြောင်း ပြောင်းလိုက်ရတော့သည်။

ကျွန်တော်တို့ဖတ်ရှုရသည့်အတိုင်း မာလိန်မှူး၏မြင်သိရှုထောင့် ပြောင်းသွားသောအခါ အခြေအနေသည် လုံးဝ ပြောင်းသွားသည်။ အခြေအနေမှန်ကို

မာလိန်မှူးသည် မှန်ဝါးသောမြင်ကွင်းကြောင့် မမြင်ရပေ။ ယင်းအမှန် တရားသည် မြူများကြားတွင် သဘော်မာလိန်မှူးအတွက် အရေးကြီးသလို၊ ကျွန်တော်တို့ နေ့စဉ်အတွက်လည်း ယင်းအမှန်တရားကို နားလည်ရန် အရေး ကြီးလေသည်။

တရားစည်းကမ်းသည် မီးပြတိုက်နှင့် တူသည်။ ယင်းတို့သည် သဘာဝ ဥပဒေသများဖြစ်ပြီး မကျိုးပျက်နိုင်ပေ။

ဒါရိုက်တာ စီစီဘီဒီမီလီ*သည် မော်ကွန်းတင်လောက်သည့်သူ၏ 'The Ten Commandments' ရုပ်ရှင်ကားတွင်ပါဝင်သည့် တရားစည်းကမ်းများကို ဤသို့ သုံးသပ်လေသည်။

"တရားစည်းကမ်းများကို ကျွန်တော်တို့ မချိုးဖောက်သင့်ပါ။ ယင်းတို့ကို ချိုးဖောက်လျှင် ကျွန်တော်တို့သာ ကျိုးပျက်သွားပေမည်"

လူတို့၏ဘဝအမြင်နှင့် လုပ်ဆောင်မှုများသည် သူတို့၏အတွေ့အကြုံ နှင့် အခြေအနေမှ ပေါ်ပေါက်လာသည်။ ယင်း မြင်သိရှုထောင့်များသည် ထင် မြင်ချက်များသာဖြစ်၍ အခြေအနေမှန် မဟုတ်ပေ။ ယင်းတို့သည် အမှန်တရား ကို ရရှိလိုသော 'လိုရာဆွဲယူသည့် အမှန်တရား'သာ ဖြစ်လေသည်။

ဓမ္မမိဠာန်ကျသောအမှန်တရားသည် မြေပုံစာရွက်မျှသာမဟုတ်၊ ပကတိ နယ်မြေဖြစ်ပြီး၊ မီးပြတိုက်ပမာ တရားစည်းကမ်းများ ပါဝင်လေသည်။ ယင်းတရား စည်းကမ်းများသည် လူသားတို့ တိုးတက်ဖြစ်ထွန်းမှု, ပျော်ရွှင်မှုတို့ကို ထိန်းကျောင်း ပေးလေသည်။ သမိုင်းတစ်လျှောက်တွင် ယဉ်ကျေးမှုများတိုးတက်လာသည်မှာ ယင်းသဘာဝဥပဒေများကြောင့် ဖြစ်လေသည်။ မိသားစုများ, အဖွဲ့အစည်းများ တိုးတက်ထွန်းကား ရေရှည်ခံသည်မှာ ယင်းသဘာဝဥပဒေသများကို အခြေခံသော ကြောင့် ဖြစ်လေသည်။ တရားစည်းကမ်းကို လူတို့ မည်သို့ပင် မြင်ပါစေ။ ၎င်းသည် ပြောင်းလဲမည် မဟုတ်ပေ။

လူမှုသမိုင်းကို လေးနက်စွာသုံးသပ်ဆန်းစစ်လျှင် သဘာဝဥပဒေများ သို့မဟုတ် တရားစည်းကမ်းများ၏စွမ်းအားကို ထင်ရှားစွာ သိမြင်လာမည်။

* Cecil B. de Mille

ဤတရားစည်းကမ်းများ မကြာခဏဖြစ်ပေါ်လာပြီး ယင်းတို့ကို နားလည်လိုက်နာသော လူအဖွဲ့အစည်းများ တည်ငြိမ်, ရှင်သန်၍၊ မလိုက်နာသော လူအဖွဲ့အစည်းများ ပြိုကွဲပျက်စီးကြလေသည်။

စာရေးသူရည်ညွှန်းသော တရားစည်းကမ်းများသည် လျှို့ဝှက်ဆန်းကြယ်သော, သို့မဟုတ် ဘာသာရေးအယူအဆများ မဟုတ်ပေ။ ဤစာအုပ်တွင် တင်ပြသော တရားစည်းကမ်းများသည် ကျွန်တော်အပါအဝင် ဘာသာအယူဝါဒ တစ်ခုခု၏ တစ်မူထူးခြားသော သီးခြားအယူအဆ မဟုတ်ပါ။ ဤတရားစည်းကမ်းများသည် တည်မြဲသောသဘာဝတရားအများစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သလို၊ တည်မြဲနေသော လူမှုရေးအတွေးအခေါ်နှင့် ကျင့်ဝတ်များလည်း ဖြစ်လေသည်။ ယင်းတို့သည် အလိုအလျောက်မှန်ကန်နေပြီး အခြေခိုင်သည်။ ဤတရားစည်းကမ်းများ သို့မဟုတ် သဘာဝဥပဒေသများသည် လူ့အခြေအနေ, အသိတရား, ဩတပ္ပတရားတို့၏ အစိတ်အပိုင်းနီးပါးလို ဖြစ်နေသည်။ ယင်းတို့သည် အခြေအနေအမျိုးမျိုးကြောင့် ထိန်ငုပ်နေတတ်သော်လည်း လူသားတိုင်းတွင် ကိန်းအောင်းနေဟန်ရှိလေသည်။ ဥပမာအားဖြင့် မျှတသည့်သဘာဝမှ ညီမျှမှု, တရားမျှတမှုများ ပေါ်ပေါက်လာသည်။ မျှတမှုကို အဓိပ္ပာယ်ဖော်ကျင့်သုံးရာတွင် များစွာကွဲပြားကြသော်လည်း ယင်းအယူအဆကို အားလုံးနီးပါး သိကြလေသည်။

အခြားစည်းကမ်းများတွင် သမာဓိနှင့် ရိုးသားဖြောင့်မတ်ခြင်းတို့ ပါဝင်သည်။ ယင်းတို့ကြောင့် ယုံကြည်မှု ပေါ်ပေါက်လာပြီး၊ ကိုယ်တိုင်နှင့် အပြန်အလှန်အကျိုးအတွက် ပူးပေါင်းဆောင်ရွက်နိုင်လေသည်။

အခြားစည်းကမ်းမှာ ဂုဏ်, သိက္ခာ ဖြစ်သည်။ လူ့အခွင့်အရေးတွင် အသက်ရှင်သန်ခွင့်, လွတ်လပ်ခွင့်, စိတ်ချမ်းသာရေးဖန်တီးခွင့်များ ပါဝင်လေသည်။

လူသားတွင် စွမ်းအားအရည်အချင်းများ ကိန်းအောင်းနေပြီး၊ ယင်းတို့ မလွဲမသွေ ထွက်ပေါ်ကြီးထွားလာနိုင်သည် ဟူသော စည်းကမ်းဖြစ်သည်။ အမြင့်မာဆုံးဆက်စပ်သော စည်းကမ်းမှာ 'ကြီးထွားခြင်း'ဖြစ်သည်။ သည်းခံခြင်း, ပြုစုပျိုးထောင်ခြင်း, အားပေးအားမြှောက်ပြုခြင်း စသည့်စည်းကမ်းများ တွဲဖက်လာ လျှင် ဖြစ်ထွန်းမှုများထွက်ပေါ်၍ စွမ်းရည်များ တိုးတက်လာသည်။

စည်းကမ်းများသည် လေ့ကျင့်မှုဖြစ်ပြီး၊ လေ့ကျင့်မှုသည် သီးသန့်လုပ်ဆောင်ချက်အပြုအမူ ဖြစ်သည်။ အခြေအနေတစ်မျိုးတွင် အောင်မြင်သောလုပ်ဆောင်မှုသည် အခြားအခြေအနေတွင် အောင်မြင်ချင်မှ အောင်မြင်ပေမည်။ မိဘများ, သားသမီးများကိုပျိုးထောင်ရာတွင် ပထမကလေးနှင့်တူညီအောင် ဒုတိယကလေးအား လေ့ကျင့်၍မရသည်ကို တွေ့ရပေမည်။ လေ့ကျင့်လုပ်ဆောင်မှုသည် သီးသန့်အခြေအနေနှင့် ဆိုင်သည်၊ စည်းကမ်းများသည် အရင်းခံကျသော အမှန်တရားများဖြစ်၍ အားလုံးနှင့် သက်ဆိုင်အသုံးချနိုင်သည်။ ယင်းတို့ကို တစ်ဦးချင်း, အိမ်ထောင်ရေးမိသားစု, အများဆိုင်ရာ အဖွဲ့အစည်း အမျိုးမျိုးတွင် အသုံးချနိုင်သည်။ ဤအမှန်တရားများသည် လူ့အတွင်းသန္ဓာန်တွင် အလေ့အထဖြစ်လာသောအခါ အခြေအနေအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်သည့်စွမ်းရည်များ ဖြစ်ထွန်းလာသည်။

စည်းကမ်းသည် အထင်အမြင် မဟုတ်။ စည်းကမ်းများသည် နယ်မြေဒေသနှင့် တူပြီး၊ အထင်အမြင်တို့သည် မြေပုံနှင့် တူသည်။ မှန်ကန်သော စည်းကမ်းများကို ကျွန်တော်တို့တန်ဖိုးထားသောအခါ အမှန်တရား ရရှိလာပြီး၊ အရှိကိုအရှိအတိုင်း သိမြင်လာသည်။

တရားစည်းကမ်းများအတိုင်း လိုက်နာကျင့်ကြံလျှင် ကြာရှည်တည်မြဲသော အကျိုးကျေးဇူးများကို ခံစားရပေမည်။ တရားစည်းကမ်းများသည် အရင်းခံကျသည်။ ယင်းတို့သည် အလိုအလျောက်မှန်ကန်နေ၍ ငြင်းခုံပြောဆိုရန် မရှိပေ။ ဤစည်းကမ်းများနှင့် ဆန့်ကျင်နေထိုင်ကြည့်လျှင် ယင်းတို့ခိုင်မာပုံကို တွေ့မြင်လာမည်။ ယင်းသို့နေထိုင်လျှင် ထိရောက်အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်မည် မဟုတ်ပေ။ တရားမျှတခြင်း, လိမ်ညာခြင်း, ယုတ်မာခြင်း, အသုံးမကျခြင်း, ထူးခြားမှုမရှိခြင်း, ဆုတ်ယုတ်ညံ့ဖျင်းခြင်း စသည်တို့သည် အောင်မြင်မှုနှင့် ပျော်ရွှင်မှုတို့အတွက် ခိုင်မာသောအခြေခံအုတ်မြစ် မဖြစ်နိုင်ကြောင်း လူတိုင်းလိုပင် သဘောပေါက်ပေမည်။ ဤတရား စည်းကမ်းများကို မည်သို့ပင် အဓိပ္ပာယ်ကောက်စေကာမူ မိမိတို့အတွင်းသန္ဓာန်တွင် ယင်းတို့ရှိနေကြောင်းကို လူတိုင်းလိုလို ခံစားမိပုံရလေသည်။

ကျွန်တော်တို့၏အမြင်၊ သို့မဟုတ် မြင်သိရှုထောင့်သည် ဤတရား စည်းကမ်းများ၊ သို့မဟုတ် သဘာဝဥပဒေသများနှင့် ပိုမိုနီးစပ် လိုက်လျှော ညီထွေရှိလေ၊ ယင်းအသိအမြင်သည် ပိုမို မှန်ကန်ထိရောက်လေပင်။ တစ်ဦးချင်းနှင့် အပြန်အလှန်ဆက်သွယ်မှု ထိရောက်အောင်မြင်ရေးတွင် သဘောထားနှင့် အပြုအမူတို့ မည်သို့ပင် ပြောင်းလဲကြိုးစားစေကာမူ မှန်ကန်သောအမြင်, မှန်ကန်သောရှုထောင့်လောက် ပိုမိုခရီးပေါက်မည် မဟုတ်ပေ။

ပြောင်းလဲခြင်းနှင့် တိုးတက်ခြင်း သဘောတရား

ပုဂ္ဂိုလ်ရေးကျင့်ဝတ်သည် လွန်စွာ ဆွဲဆောင်မှုရှိသည်။ ယင်းက သဘာဝအတိုင်း မလုပ်ဆောင်မကြိုးပမ်းဘဲ၊ မြန်ဆန်လွယ်ကူစွာဖြင့် ဘဝအရည်အသွေးမြင့်မားနိုင်သည်။ စွမ်းရည်ထက်မြက်လာပြီး အခြားလူများနှင့် ထိရောက်အောင်မြင်စွာ ဆက်သွယ်နိုင်မည်ဟု ဆိုလေသည်။

ယင်းသည် အနှစ်မပါ အကာသာ ဖြစ်သည်။ ယင်းသည် 'အလုပ်မလုပ်ဘဲ ချမ်းသာနိုင်သည်'ဆိုသည့် 'အမြန်ဆုံးချမ်းသာနည်း'စနစ်ပင် ဖြစ်လေသည်။ သို့သော် ဤနည်းဖြင့် တကယ်တမ်း မအောင်မြင်နိုင်ပေ။ ပုဂ္ဂိုလ်ရေးကျင့်ဝတ်သည် လိမ်ညာပြီး ထင်ယောင်ထင်မှားဖြစ်စေသည်။ မြင့်မားသောအကျိုးကျေးဇူးရရှိအောင် ယင်း၏ဖြတ်လမ်းနည်းစနစ်တို့ဖြင့် ကြိုးပမ်းခြင်းသည် ဒက်ထရှိုက်မြို့မြေပုံကိုင်ပြီး ချီကာဂိုမြို့ထဲသွားသလိုပင် ဖြစ်ပေမည်။

ပုဂ္ဂိုလ်ရေးကျင့်ဝတ်၏ အရင်းအမြစ်နှင့် အကျိုးကျေးဇူးကို ပါးနပ်စွာ အကဲခတ်သူ အီရစ်ဖရွမ်း* က အောက်ပါအတိုင်း ဆိုလေသည်။

'ယခုအခါ ကျွန်တော်တို့သည် စက်ရုပ်လိုပြုမူနေသော လူသားတို့ကို တွေ့ကြုံနေရသည်။ သူတို့သည် မိမိကိုယ်ကို မသိနားမလည်ကြပေ။ သူသိသော လူမှာလည်း သူ'သိသည်ဟု ထင်သောလူ'သာ ဖြစ်လေသည်။ သူတို့သည် အကျိုးရှိသောစကားအစား အဓိပ္ပာယ်မဲ့ တတွတ်တွတ်ပြောကြသည်။ စိတ်ပါလက်ပါ ရယ်မောရမည့်အစား ဟန်ဆောင်ပြုံးကြသည်။ တကယ်စိတ်ထိခိုက်မည့်အစား

* Erich Fromm

ထိုင်းမှိုင်းအားလျော့ကြသည်။ ဤလိုလူမျိုးအကြောင်းကို အချက် ၂ ချက်ဖြင့် ဖော်ပြနိုင်သည်။ တစ်ချက်မှာ သူတို့သည် တစ်ဦးချင်းချို့တဲ့ချက်ရှိ၍ ကုစားရန် မလွယ်ပေ။ တစ်ချိန်တည်းမှာပင် 'သူတို့သည် ဤကမ္ဘာပေါ်ရှိ ကျန်လူသန်းပေါင်း များစွာနှင့် အထူးကွာခြားခြင်း မရှိ' ဟု ဆိုရပါမည်။'

ဘဝအားလုံး၌ ဖြစ်ပေါ်တိုးတက်မှုတွင် အစီအစဉ်အဆင့်များ ရှိလေသည်။ ကလေးငယ်သည် ၄ ဖက်မှောက် သင်သည်။ ထထိုင်သည်။ ၄ ဖက် သွားသည်။ ထို့နောက် လမ်းလျှောက်, အပြေးသင်လေသည်။ တစ်ဆင့်စီသည် အရေးကြီး အချိန်ယူရလေသည်။ မည်သည့်အဆင့်ကိုမျှ ကျော်မရပေ။ (ဤသဘောသည် ဘဝအဆင့်အားလုံးတွင် မှန်ကန်နေသည်)။ စန္ဒယားတီးသင်ရာတွင် ဖြစ်စေ၊ လုပ်ဖော်ကိုင်ဖက်နှင့် ဆက်ဆံရေးတိုးတက်အောင် လုပ်ဆောင်ရာတွင် ဖြစ်စေ၊ ဖြစ်ပေါ်တိုးတက်မှုနေရာအားလုံးတွင် ယင်းသည် တစ်ဦးချင်း, အိမ်ထောင်စု, အဖွဲ့အစည်းများ စသည်တို့နှင့်လည်း မှန်ကန်နေသည်။

ဤ အချက်အလက်၊ သို့မဟုတ် စည်းကမ်းအစဉ်သည် ရုပ်ပိုင်းရေးရာ တွင် မှန်ကန်ကြောင်း ကျွန်တော်တို့ နားလည်လက်ခံလေသည်။ သို့သော် ယင်းကို စိတ်ပိုင်းဆိုင်ရာ, လူမှုဆက်ဆံရေးနှင့် ပုဂ္ဂိုလ်ရေးစာရိတ္တဆိုင်ရာတို့တွင် သိမြင် နားလည်ရန် ပိုခက်လေသည်။ အကယ်၍ ယင်းကို ကျွန်တော်တို့ နားလည် သည့်တိုင် လက်ခံပြီး လိုက်လျောညီထွေနေထိုင်ရန် မလွယ်ပေ။ ဤသို့ဖြင့် ကျွန်တော်တို့သည် တစ်ခါတစ်ရံ ဖြတ်လမ်းကို ရှာကြသည်။ လိုအပ်သော အကျိုးတရား ခံစားနိုင်ရေးတွင် အချိန်ကုန်သက်သာ, အပင်ပန်းသက်သာစေရန် အရေးကြီးသော ယင်းအဆင့်များကို ခုန်ကျော်လိုကြသည်။

သို့သော် တိုးတက်ဖြစ်ထွန်းရေးတွင် ကျွန်တော်တို့ သဘာဝအစဉ်တိုင်း မလုပ်ဘဲ ဖြတ်လမ်းလိုက်သောအခါ ဘာတွေဖြစ်လာသနည်း။ အကယ်၍ သင် သည် တင်းနစ်ကစားရာတွင် သာမန်အဆင့်သာ ရှိသော်လည်း သူတစ်ပါးအထင် ကြီးစေရန် အဆင့်မြင့်အောင်ကစားပြပါက မည်သို့ဖြစ်နေမည်နည်း။ အဆင့်မြင့် လိုသည့် စိတ်တစ်မျိုးတည်းဖြင့် သင်သည် ကြေးစားသမားကို တန်းတူယှဉ်ပြိုင်

နိုင်ပါမည်လား။ အကယ်၍ သင်သည် စန္ဒယားတီးတတ်စအဆင့်တွင် ရှိနေသော်လည်း သံစုံဂီတဝိုင်းကြီးတွင် တီးနိုင်သူလို ဟန်ဆောင်လျှင် မည်သို့ဖြစ်နေမည်နည်း။

အဖြေမှာ ရှင်းပါသည်။ ဤ ဖြစ်ပေါ်တိုးတက်မှုအစဉ်ကို ချိုးဖောက်, ပစ်ပယ်, ဖြတ်လမ်းလိုက်၍ မရပေ။ ယင်းသည် သဘာဝနှင့်ဆန့်ကျင်ပြီး ဖြတ်လမ်းလိုက်ရန်ကြိုးစားပါက အချည်းနှီးဖြစ် စိတ်ဆင်းရဲရပေမည်။

အဆင့် ၁၀ ဆင့်ရှိသော အလုပ်နယ်ပယ်တစ်ခုတွင် ကျွန်တော်သည် အဆင့် ၂ တွင် ရောက်နေပြီး၊ အဆင့် ၅ သို့ရောက်လိုပါက ပထမတွင် အဆင့် ၃ သို့ တက်လှမ်းရပေမည်။ 'မိုင် ၁၀၀ ခရီးကို ပထမခြေလှမ်းဖြင့် စရမည်'ဖြစ်၍၊ တစ်လှမ်းပြီးတစ်လှမ်းသာ လျှောက်လှမ်းရပါမည်။

မိမိနားမလည်သည်ကို ထုတ်ဖော်ခြင်း, မေးမြန်းခြင်း စသည်ဖြင့် မိမိ၏ ပညာရည်အဆင့်ကို ဆရာသိအောင် မလုပ်လျှင် သင် တတ်မြောက် တိုးတက်မည် မဟုတ်ပေ။ နောက်ဆုံးတွင် အခြေအနေမှန် ပေါ်လာမည်ဖြစ်၍ ကြာရှည် ဟန်ဆောင်နိုင်မည် မဟုတ်ပေ။

ပညာရေးတွင် မသိသည်ကို ဝန်ခံခြင်းသည် တိုးတက်ရန် ပထမခြေလှမ်းပင် ဖြစ်လေသည်။ 'သိနားလည်သလို တစ်ချိန်လုံးနေထိုင်လျှင် မသိသည်ကို မည်သို့ သိလာတော့မည်နည်း'ဟု သော်ရိုးက ထောက်ပြလေသည်။

ကျွန်တော့်သူငယ်ချင်းတစ်ဦး၏ သမီး ၂ ဦး အဖြစ်လေးကို မှတ်မိသေးသည်။ သူတို့ ကျွန်တော်ထံလာပြီး ဖခင်၏ခက်ထန်ပုံ, နားလည်မှုမရှိပုံကို ငိုယိုပြောကြပါသည်။ ယင်းအကြောင်း မိဘကိုပြောချင်သော်လည်း မပြောရဲကြပေ။ သူတို့သည် မိဘ၏မေတ္တာ, နားလည်မှု, သွန်သင်မှုကိုတော့ လိုလားနေကြသည်။

သူတို့ဖခင်နှင့် ကျွန်တော် ပြောဆိုကြည့်သောအခါ သမီးတို့ခံစားနေရသည်ကို သူ နားလည်ဟန်ရှိလေသည်။ သူ ဒေါသကြီးတတ်သည်ကို ဝန်ခံသော်လည်း ယင်းအတွက် အပြစ်ရှိသည်ဟု မမြင်ရပေ။ သူ့စိတ်ဓာတ် ရင့်ကျက်မှုနည်းနေ

သည့်အဖြစ်ကိုလည်း လက်မခံချင်ပေ။ သူ့စိတ်ဓာတ်ကို စတင်ပြုပြင်ရန် သူ့မာနတွင် အဆင်သင့်မရှိပေ။

ကျွန်တော်တို့ ကောင်းစွာနားထောင်တတ်မှသာ ဇနီး, ခင်ပွန်း, သား, သမီး, မိတ်ဆွေများ, လုပ်ဖော်ကိုင်ဖက်များနှင့်ဆက်ဆံရေး ထိရောက်အဆင်ပြေပေမည်။ ယင်းအတွက် စိတ်ဓာတ်ရင့်ကျက်ရန် လိုလေသည်။ သည်းခံ, ပွင့်လင်း, နားလည်လိုသောစိတ်ဖြင့် နားထောင်ရပါမည်။ စာရိတ္တအရည်အသွေးမြင့်မားနေရပါမည်။ စိတ်ဓာတ်ရင့်ကျက်ရန် မလွယ်သော်လည်း အကြံဉာဏ်ကောင်းပေရန် မခက်လှပေ။

တင်းနစ်ကစားရာတွင် ဖြစ်စေ, စန္ဒယားတီးရာတွင် ဖြစ်စေ ကျွန်တော်တို့၏ လက်ရည်အဆင့်အတန်းနှင့် ပတ်သက်၍ ဟန်ဆောင်မရပေ။ သို့သော် စာရိတ္တနှင့် စိတ်ဓာတ်ဖွံ့ဖြိုးမှုအခြေအနေကို ပေါ်လွင်စွာသိမြင်ရန် မလွယ်ပေ။ အပေါင်းအဖော်လူစိမ်းတို့ကို လှည့်စားဟန်ဆောင်နိုင်သော်လည်း ခေတ္တမျှသာ အလုပ်ဖြစ်ပေမည်။ မိမိကိုယ်ကို လိမ်ညာနိုင်ပေမည်။ သို့သော် လူများစုသည် မိမိ၏အတွင်းဓာတ်ခံအခြေအနေကိုတော့ သိကြပေမည်။ အတူနေ, အတူလုပ်ကိုင်သူများစွာသည်လည်း သိကြမည်ပင်။

စီးပွားရေးလောကတွင် ဖြတ်လမ်းလိုက်သည့်အကျိုးဆက်များကို စာရေးသူ မကြာခဏ တွေ့မြင်ရလေသည်။ အမှုဆောင်အရာရှိတို့သည် ထုတ်ကုန်, အရည်အသွေး, စိတ်ဓာတ်, ဖောက်သည်ဝန်ဆောင်မှု ကောင်းမွန်တိုးတက်ရန် သင်တန်းပေးခြင်း, ဝင်ရောက်ပူးပေါင်းခြင်း, ဆက်ခံတာဝန်ယူခြင်းများ ပြုလုပ်ကြသည်။ သို့သော် ယင်းသို့ ချဉ်းကပ်ကိုင်တွယ်သည့်အတွက် ယုံကြည်စိတ်နည်းပါးနိမ့်ကျသည်ကို လျစ်လျူရှုကြသည်။ ဤနည်းလမ်းများကို မအောင်မြင်သောအခါ အလုပ်ဖြစ်မည့် အခြားပုဂ္ဂိုလ်ရေးကျင့်ဝတ်နည်းလမ်းများကို သုံးကြပြန်သည်။ ယုံကြည်မှုအခြေအနေ မြင့်မားစေသည့် သဘာဝတရားစည်းကမ်းအစဉ်ကို တစ်ချိန်လုံးပစ်ပယ်ချိုးဖောက်နေကြသည်။

လွန်ခဲ့သည့်နှစ်များစွာက စာရေးသူသည် ဖခင်တစ်ဦးအနေဖြင့် ဤစည်းကမ်းကို ဖောက်ဖျက်ဖူးလေသည်။ တစ်နေ့တွင် ကျွန်တော့် သမီးလေး

၃ နှစ်ပြည့်မွေးနေ့ပွဲအတွက် အိမ်သို့ပြန်လာသည်။ သမီးလေးကို အိမ်ရှေ့ခန်းထောင့်တွင် လက်ဆောင်ကစားစရာများနှင့် တွေ့ရသည်။ ယင်းကစားစရာများကို အခြားကလေးများအား ပေးကစားရန် အကြောက်အကန် ငြင်းနေသည်။ သမီးလေးတစ်ကိုယ်ကောင်းဆန်နေပုံကို အခန်းတွင်းရှိ အခြားမိဘများ တွေ့မြင်နေသည်ကို ကျွန်တော် သတိထားမိသည်။ ထိုစဉ်က ကျွန်တော်သည် တက္ကသိုလ်တွင် လူမှုဆက်ဆံရေးသင်ကြားနေ၍ စိတ်အနှောင့်အယှက် အလွန်ဖြစ်သွားသည်။ ဤမိဘများ၏ လိုလားမှုကိုလည်း ကျွန်တော် သတိထား ခံစားမိလေသည်။

အခန်းတွင်းအခြေအနေမှာ မကောင်းပေ။ ကလေးများသည် သူတို့ပေးသော လက်ဆောင်များနှင့် ကစားလိုကြောင်း တောင်းနေကြပြီ။ သမီးလေးကလည်း ပေးကစားရန် ငြင်းဆန်နေသည်။ 'သူတစ်ပါးကို ကူညီဖို့ သမီးလေးကို သင်ပေးရဦးမယ်။ ကူညီခြင်းဟာ ဘဝရဲ့အခြေခံတရားတစ်ခုပဲလေ' ကျွန်တော် မိမိကိုယ်ကို ပြောလိုက်သည်။ ထို့ကြောင့် ပထမ ကျွန်တော် အေးဆေးစွာ ချော့လိုက်သည်။

"သမီးလေး။ သူတို့ပေးတဲ့လက်ဆောင်တွေကို ခဏပေးကစားလိုက်ပါကွယ်၊ နော်"

"ဟင့်အင်း"ဟု သူမက ပြတ်သားစွာ ငြင်းသည်။

ဒုတိယအကြိမ် ကြောင်းကျိုးပြ၍ပြောလိုက်သည်။

"သမီးလေး။ သမီးလေးရဲ့အိမ်မှာ သမီးရဲ့ကစားစရာနှင့် သူတို့ကို ပေးကစားရင် သူတို့အိမ်သွားတဲ့အခါ သူတို့ရဲ့ကစားစရာကိုလည်း သမီးလေး ကစားရမှာပေါ့ကွယ်"

"ဟင့်အင်း"ဟု သူမ ချက်ချင်းပင်ပြန်ဖြေသည်။

ကျွန်တော့်စကားကို သူမ အလေးမထားတော့သည်မှာ ထင်ရှားလာ၍ ကျွန်တော် ပိုစိတ်ညစ်လာသည်။ လာဘ်ထိုးသည့်နည်းဖြင့် တတိယအကြိမ် အသာအယာပြောလိုက်သည်။

"သမီးလေး။ သူတို့ကိုပေးကစားရန် ဖေဖေက သမီးလေးကို သမီးကြိုက်တဲ့ ကပ်စေးနဲ့ ပေးစားမယ်လေ"

"ကပ်စေးနဲ့ မလိုချင်ဘူး"ဟု သူမ အော်ပြောသည်။

ကျွန်တော် အလွန်စိတ်ဆိုးလာ၍ ကြောက်အောင် ခြိမ်းခြောက်တော့သည်။

"သမီးလေး ပေးမကစားရင်တော့ သမီး တကယ်ဒုက္ခရောက်မှာနော်"

"ရောက်ပါစေ။ ဒါ သမီးရဲ့ပစ္စည်းတွေ။ ပေးမကစားဘူး"ဟု သူမ အော်ပြောသည်။

နောက်ဆုံးတွင် ကျွန်တော် အကြမ်းနည်း သုံးရတော့သည်။ ကစားစရာ အချို့ ကျွန်တော် ယူလိုက်ပြီး၊ အခြားကလေးငယ်များကို ပေးလိုက်သည်။

"ရော့၊ ကလေးတို့။ ကစားကြ"

ကျွန်တော့်သမီးလေးသည် ပစ္စည်းများကို သူတစ်ပါးအား မပေးမီ၊ ယင်းကိုပိုင်ဆိုင်သည့်အတွေ့အကြုံ, ပိုင်ရှင်ဖြစ်လိုစိတ် ရှိနေပေမည်။ သမီးလေးအား ယင်းအတွေ့အကြုံပေးရန် ဖခင်တစ်ဦးအနေဖြင့် ကျွန်တော် ရင့်ကျက်ဖို့ လိုအပ်နေပါသည်။

သို့သော် သမီးလေး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျွန်တော်တို့ ဆက်ဆံရေး ကောင်းမွန်ရန်ထက်၊ ထိုမိဘများက ကျွန်တော့်အပေါ် ထားသည့်သ ၊ ၊ ကို ကျွန်တော် ပိုတန်ဖိုးထားလေသည်။ ကျွန်တော့်ဆုံးဖြတ်ချက်မှန်၍ သမီး လိုက်နာသင့်သည်။ မလိုက်နာလျှင် သမီး မှားသည်ဟု အစပိုင်းတွင် ကျွန်တော် ခံယူလေသည်။

သမီးလေးကို ဤသို့ ပိုမြင့်စွာ မျှော်လင့်သည်မှာ ကျွန်တော်ကိုယ်တိုင် ရင့်ကျက်မှုလိုနေသောကြောင့် ဖြစ်ပေမည်။ သမီးလေးကို နားမလည်၊ သို့မဟုတ် သည်းမခံနိုင်၍ ယင်းသို့ သမီးလေးကို ပေးကစားရန်ပြောခြင်း ဖြစ်လေသည်။ သမီးလေးကို ပြောမရသောအခါ ကျွန်တော်သည် ဖခင်၏အခွင့်အာဏာဖြင့် အကြမ်းနည်းသုံးမိလေသည်။

အကြမ်းနည်းသုံးသောအခါ ပျော့ညံ့မှု ဖြစ်ပေါ်လာသည်။ အကြမ်းနည်းသုံးသူသည် ဖြစ်မြောက်အောင် ပြင်ပအကူအညီယူရသောကြောင့် ပျော့ညံ့လာသည်။ အကြမ်းနည်းအသုံးခံရသူတွင်လည်း လွတ်လပ်စွာတွေးခေါ်မှု, ဖွံ့ဖြိုး

တိုးတက်မှု, စည်းကမ်းစနစ်များတိုးတက်မှုများ ရပ်တန့်နိမ့်ကျသွားသည်။ နောက်ဆုံးတွင် ဆက်ဆံရေးလည်း ပျော့ညံ့လာသည်။ ကြောက်စိတ်ဝင်လာ၍ ပူးပေါင်းဆောင်ရွက်မှု မရှိတော့ဘဲ၊ ကာကွယ်ခြင်း, ငါတကောကောခြင်းများ ပိုလုပ်လာတော့သည်။

အကြမ်းနည်းတွင်သုံးသော လက်နက်များဖြစ်သည့် 'ကြိုးမားသောအရွယ်၊ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာခွန်အား, ရာထူးအဆင့်, သြဇာ, ယုံကြည်မှုအထောက်အထား, အသွင်အပြင်, အောင်မြင်ခဲ့မှုများ' စသည်တို့ ပြောင်းလဲမှုမရှိတော့သော အခါ ဘာဖြစ်လာမည်နည်း။

ကျွန်တော်သည် ပေးကမ်းခြင်းနှင့် တိုးတက်မှုသဘာဝကို နားလည်၍ မေတ္တာဖြင့် ပြုစုပျိုးထောင်နိုင်ပါက မိမိအနေဖြင့် ပိုမိုရင့်ကျက်မည်။ မိမိ၏ပင်ကို ခွန်အားကို အားကိုးကာ ပေးရန်, မပေးရန်ကိစ္စတွင် သမီးလေးကို လွတ်လပ်စွာ ရွေးချယ်ခွင့် ပေးနိုင်ပေမည်။ သမီးလေးကို ကျွန်တော် ကြောင်းကျိုးပြ၍ ပြောဆို မရသောအခါ ကလေးများကို စိတ်ဝင်စားဖွယ်ကစားပွဲတစ်မျိုးသို့ အာရုံပြောင်းပေးခြင်းဖြင့် သမီးလေးကြုံနေရသော အကျပ်အတည်းကို ဖြေရှင်းပေးနိုင်လေသည်။ ကလေးသည် တကယ်ပိုင်ဆိုင်သည့်ခံစားမှုကို ရရှိသောအခါ၊ လွတ်လပ်စွာ ပေးဝေကူညီရန် အခက်အခဲမရှိတော့သည့် သဘာဝကို လေ့လာတွေ့ရှိရပါသည်။

ကျွန်တော့်အတွေ့အကြုံအရ သင်ရမည့်အချိန်နှင့် မသင်ရမည့်အချိန် ဟူ၍ ရှိလေသည်။ ဆက်ဆံရေး တင်းမာ၍ ခံစားချက်ပြင်းပြနေစဉ် သင်ကြားရန်ကြိုးစားသည်ကို ငြင်းပယ်လေ့ ရှိလေသည်။ ဆက်ဆံရေးကောင်းမွန်နေစဉ် ကလေးကို အေးဆေးစွာခေါ်၍ ဆွေးနွေးသင်ကြားလျှင် ပိုမို ခရီးရောက်လေသည်။ ထိုနေ့တွင် ကျွန်တော် ရင့်ကျက်မှုနည်းပါး, သည်းမခံနိုင်၍ အဆင်မပြေခြင်း ဖြစ်လေသည်။

တကယ်တမ်းပေးဝေနိုင်ရန် ပိုင်ဆိုင်သည့်ခံစားချက် ဦးစွာရှိနေရန် လိုအပ်ပေလိမ့်မည်။ အိမ်ထောင်ရေးနှင့် မိသားစုများစွာတွင် အပေးအယူမတည့် အဆင်မပြေသည်မှာ မိမိကိုယ်ကို နားမလည်ခြင်း, မိမိ၏တန်ဖိုးကို နားမလည်ခြင်း, ပိုင်ဆိုင်မှုသဘာဝကို နားမလည်ခြင်းတို့ကြောင့် ဖြစ်လေသည်။ သားသမီးတို့ကို ပြုစုပျိုးထောင်ရာတွင် ပိုင်ဆိုင်မှုသဘာဝကိုခံစားတတ်အောင် သည်းခံ အချိန်

ပေးသင့်သလို၊ ဝေမျှခံစားခြင်းတန်ဖိုးကိုလည်း စံနမူနာပြု၍ သင်ကြားပေးရန် လိုအပ်လေသည်။

အမြင် မကြည်လင်ခြင်း

ခိုင်မာသောစည်းစနစ်ကို အခြေခံ၍ အဆင်ပြေအောင်မြင်နေသော လူပုဂ္ဂိုလ်များ, မိသားစုများ, အဖွဲ့အစည်းများကို မြင်ရသောအခါ လူတို့သည် အလွန်အားကျလေသည်။ ယင်းလူတို့၏ ရင့်ကျက်မှု, စိတ်ဓာတ်ခိုင်မာမှု, မိသားစုစည်းလုံးညီညွတ် စုပေါင်းဆောင်ရွက်မှုများကြောင့် အဆင်ပြေအောင်မြင်နေသော အဖွဲ့အစည်းများကို သူတို့ ချီးကျူးကြသည်။

သူတို့ လိုလားတောင်းဆိုပုံသည် သူတို့၏ အခြေခံမြင်သိရှုထောင့်ကို ဖော်ပြနေလေသည်။

"ဒီလိုဖြစ်လာအောင် ဘယ်လိုလုပ်သလဲ။ နည်းလမ်းလေး သင်ပေးပါ"

သူတို့ တကယ်ပြောလိုသည်မှာ "ကျွန်တော့်အခြေအနေ သက်သာကောင်းမွန်လာအောင် ဖြတ်လမ်းနည်းလေး ပေးပါ"ဟူ၍ပင် ဖြစ်လေသည်။

သူတို့လိုချင်သောနည်းလမ်းကို ပေးသူလည်း ရှိလေသည်။ ယင်းနည်းလမ်းနှင့် ကျမ်းကျင်မှုတို့သည် ခေတ္တမျှ အောင်မြင်နေပုံ ရလေသည်။ လူမှု ရေးနှင့် အဖွဲ့အစည်းအကူအညီဖြင့် ပြဿနာအချို့ကို ဖြေရှင်းနိုင်ပေမည်။ သို့ သော် စွဲမြဲနေသော ပြဿနာ၏အခြေအမြစ်ကို မကုစားသဖြင့် နောက်ဆုံးတွင် ပြဿနာ ပေါ်လာပြန်သည်။ လူတို့သည် ပြဿနာများကို ဖြတ်လမ်းနည်းဖြင့် ဖြေရှင်းလေ၊ ပြဿနာ၏အရင်းအမြစ်ကို ထောက်ကူအားပေးသလို ဖြစ်လေပင်။

ဤသည်မှာ ပြဿနာကို ကြည်လင်စွာမရှုမြင်နိုင်သောကြောင့်ပင် ဖြစ်လေသည်။

ဤအခန်းအစတွင် ဖော်ပြသော ပြဿနာများအနက် အချို့နှင့်ပုဂ္ဂိုလ်ရေးကျင့်ဝတ်၏ အရှိန်သြဇာကို တင်ပြလိုက်ပါသည်။

'အောင်မြင်စွာ စီမံခန့်ခွဲနိုင်ရေးသင်တန်း တစ်ခုပြီးတစ်ခု တက်ပါသည်။ ဝန်ထမ်းများ၏လုပ်အားကို ကျွန်တော် ယုံကြည်အားကိုးသည်။ သူတို့ကို ကျွန်တော်

ရင်းနှီးစွာပြောဆိုသည်။ တရားမျှတစွာ ဆက်ဆံသည်။ သို့သော် သူတို့ သစ္စာ မရှိကြပါ။ ကျွန်တော် အိမ်တွင်ဖျားနေလျှင် သူတို့ အလုပ်ကောင်းကောင်းမလုပ် တော့ဘဲ စကားသာ ပြောနေကြသည်။ နားလည်တာဝန်သိသူများ ဖြစ်လာအောင် သူတို့ကို ကျွန်တော် ဘာကြောင့် မစည်းရုံးနိုင်သလဲ။ တာဝန်သိလုပ်သားများကို ဘာကြောင့် မရနိုင်ပါသလဲ'

ဤသို့ဖြစ်နေလျှင် ဝန်ထမ်းများ၏ ရာထူးနေရာ အပြောင်းအလဲလုပ်ပေးရန် ပုဂ္ဂိုလ်ရေးကျင့်ဝတ်က ဆိုလေသည်။ သို့မဟုတ် အလုပ်တွင် စိတ်ဝင်စားစေမည့် သင်တန်းပေးရန်ပင် ဖြစ်သည်။ သို့မဟုတ် အလုပ်ကို ပိုကြိုးစားလုပ်မည့် လူ အသစ်များငှားရန် ဖြစ်လေသည်။

ထိုသို့ မရိုးသားသောအခြေအနေတွင် ကျွန်တော် သူတို့အကျိုးအတွက် တကယ်လုပ်ပေးသည်ဟု ထင်မြင်ကြမည်လား။ သူတို့ကို စက်ရုပ်လို သဘော ထားသည်ဟု ထင်မြင်ကြမည်လား။ ကျွန်တော့်အပေါ် သူတို့ထင်မြင်ချက် မည် သည့်အတိုင်းအတာအထိ မှန်ပါသလဲ။

နက်ရှိုင်းသောကျွန်တော့်အတွင်းစိတ်တွင် သူတို့ကို ထိုသို့ တကယ်မြင်ပါ သလား။ ဝန်ထမ်းများကို ကျွန်တော်ရှုမြင်ပုံကပင် ပြဿနာ၏တစ်ပိုင်းတစ်စ ဖြစ်နေပါသလား။

ကျွန်တော် လုပ်စရာများနေ၍ အချိန်မလုံလောက်ပါ။ စိတ်လေးလံနေ၍ နေ့စဉ်လို စကားများ ရန်ဖြစ်နေပါသည်။ အချိန်စီမံခန့်ခွဲမှု နှီးနှောဖလှယ်ပွဲများ ကို ကျွန်တော် တက်ပါသည်။ အချိန်စီမံခန့်ခွဲခြင်းနည်းစနစ် ဒါဇင်ဝက်ခန့်ကို လည်း ကျွန်တော် စမ်းသပ်ကြည့်ပါသည်။ အနည်းငယ် အဆင်ပြေပါသည်။ သို့သော် ကျွန်တော်မျှော်မှန်းသည့် အဆင်ပြေ, အေးငြိမ်း, ပျော်စရာကောင်းသည့် ဘဝကို မရသေးပါ။

ဤအခက်အခဲများကို ပိုမိုထိရောက်စွာ ဖြေရှင်းနိုင်အောင် ကူညီပေးနိုင် သည့် စီမံကိန်းရေးဆွဲသူများ၊ သို့မဟုတ် နှီးနှောဖလှယ်ပွဲများရှိသည်ဟု ပုဂ္ဂိုလ် ရေးကျင့်ဝတ်က ဆိုလေသည်။

သို့သော် ကျွမ်းကျင်ထိရောက်ခြင်းသည် တကယ့်အဖြစ်မှန်လား။ အချိန်

တိုနှင့် အလုပ်များများလုပ်နိုင်လျှင် တကယ် ထူးခြားလာမည်လား။ သို့မဟုတ် ယင်းသို့လုပ်နိုင်ခြင်းသည် ကျွန်တော်ဘဝကို ထိန်းချုပ်နေပုံရသော အခြေအနေနှင့် လူတို့ကို ကျွန်တော် တိုးမြှင့်တုံ့ပြန်စေရုံမျှလား။

ကျွန်တော်ဘဝ, ကျွန်တော်သဘာဝ, ကျွန်တော်အချိန်တို့ကိုရှုမြင်ရာတွင် ကြိုးကိုင်နေသော ကျွန်တော်မြင်သိမှုရှုထောင့်ကို အခြေအမြစ်အထိ ပိုလေးနက်စွာ ဆန်းစစ်ရန် လိုအပ်နေပြီလား။

ကျွန်တော်အိမ်ထောင်ရေး ငြီးငွေ့စရာဖြစ်လာသည်။ ကျွန်တော်တို့ ရန်မဖြစ်ကြပါ။ တစ်ဦးကိုတစ်ဦး မချစ်ကြတော့ခြင်းသာ ဖြစ်သည်။ ဤကိစ္စများနှင့် ပတ်သက်၍ ပညာရှင်များနှင့် ကျွန်တော် ဆွေးနွေးကြည့်ပါသည်။ ကောင်းနိုးရာရာ နည်းများနှင့်လည်း စမ်းသပ်ကြည့်ပါသည်။ သို့သော် ကျွန်တော်တို့ ယခင်ကကဲ့သို့ ပြန်လည်မခံစားနိုင်တော့ပါ။

ကျွန်တော်ကို ကျွန်တော်ဇနီးက ပိုနှားလည်လာနိုင်အောင် လမ်းညွှန်ပေးနိုင်သည့် စာအုပ်ကောင်း, သို့မဟုတ် နီးနှောဖလှယ်ပွဲအချို့ရှိသည်ဟု ပုဂ္ဂိုလ်ရေးကျင့်ဝတ်က ဆိုလေသည်။ သို့မဟုတ် ယင်းနည်းတို့ဖြင့် မအောင်မြင်နိုင်၍ အချစ်သစ်ရှာရန် လိုအပ်သည်ဟု ဆိုလေသည်။ သို့မဟုတ် ကျွန်တော်ဇနီးသည်ပင် တကယ့်ပြဿနာ မဖြစ်နိုင်ဘူးလား။ ဇနီးသည်၏ပျော့ကွက်ကို အားပေးသလို ဖြစ်နေ၍ ကျွန်တော် ယခုလို ခံစားနေရခြင်းလား။

ကျွန်တော်တို့၏ပြဿနာကို ရှုမြင်ရာ၌ ယင်းပြဿနာများကို ကြိုးစားဖြေရှင်းရာတွင် ပုဂ္ဂိုလ်ရေးကျင့်ဝတ်၏ မြင်သိမှုရှုထောင့်များ အခြေခံကျအရေးပါပုံကို သင် သတိထားမိပါပြီလား။

ယင်းသို့ သတိပြုမိသည်ဖြစ်စေ, မပြုမိသည်ဖြစ်စေ၊ လူများစွာတို့သည် ပုဂ္ဂိုလ်ရေးကျင့်ဝတ် ခရီးမရောက်ပုံကို သိမြင်လာကြလေပြီ။ ကျွန်တော်သည် နိုင်ငံအနှံ့လှည့်လည်ပြီး အဖွဲ့အစည်းများစွာနှင့် လုပ်ကိုင်ခဲ့ပါသည်။ ရေရှည်ကို တွေးမြင်ရသော အုပ်ချုပ်ရေးမှူးများသည် ကြီးကျယ်သောစကားလုံး, အကြောင်းအရာတို့ဖြင့်စိတ်တက်ကြွစေသော စိတ်လှုံ့ဆော်ရုံမျှ ဟောပြောသူတို့အား လက်မခံတော့သည်ကို တွေ့ရပါသည်။

သူတို့သည် စနစ်ရှိသည့် အနှစ်သာရကို လိုချင်ကြသည်။ ရေတိုဖြတ်လမ်း နည်းထက် ကောင်းသောလမ်းစဉ်ကို လိုချင်ကြသည်။ အတွင်းတွင် စွဲမြဲနေသည့် ပြဿနာကို ဖြေရှင်းနိုင်သော, ရေရှည်အကျိုး ဖန်တီးပေးနိုင်သော တရားစည်းကမ်း များကိုသာ အာရုံစိုက်ကြသည်။

အတွေးအမြင်သစ် အဆင့်တစ်ဆင့်

'ထူးခြားသောပြဿနာများကို ယင်းပြဿနာကို ပေါ်ပေါက်စေသော အတွေးအမြင်အဆင့်ဖြင့် ဖြေရှင်း၍ မရပေ'ဟု အဲလ်ဘတ်အိုင်းစတိုင်း*က ဆို လေသည်။

ကျွန်တော်တို့သည် ပုဂ္ဂိုလ်ရေးကျင့်ဝတ်ဘောင်အတွင်း နေထိုင်ဆက်ဆံ ကြရာမှ မိမိတို့အတွင်းနှင့် ပတ်ဝန်းကျင်တွင် ပြဿနာများဖြစ်သောကြောင့် အပေါ်ယံသဘောဖြင့် ဖြေရှင်းမရသည်ကို စတင် သိမြင်လာကြသည်။

ဤ လေးနက်သောပြဿနာတို့ကို ဖြေရှင်းရန် ပိုမိုနက်နဲသော အတွေး အမြင် အဆင့်သစ်တစ်ခု လိုအပ်လာပါသည်။ လူသားတို့ စွမ်းရည်ထက်မြက်စေ၍ အချင်းချင်းဆက်ဆံရေး ပြေလည်တိုးတက်စေသော မှန်ကန်သောတရားစည်းကမ်း များကို အခြေခံသည့် မြင်သိရှုထောင့် ဖြစ်ရပါမည်။

ဤ အဆင့်သစ်အတွေးအမြင်သည် စွမ်းရည် လွန်စွာမြင့်မားသူတို့၏ အလေ့အကျင့် ၇ ပါးပင် ဖြစ်လေသည်။ ယင်းသည် ကိုယ်ဇီဝနှင့် အချင်းချင်း ဆက်သွယ်မှုကို ထက်မြက်ထိရောက်စေသော အတွင်းမှအပြင်သို့ ချဉ်းကပ်သည့် စာရိတ္တအခြေခံတရားစည်းကို ဗဟိုပြုသည့် အတွေးအမြင်သစ်ပင် ဖြစ်လေသည်။

အတွင်းမှအပြင် ဆိုသည်မှာ ပထမ မိမိကိုယ်မှ စ,ရန်ပင် ဖြစ်သည်။ သင့် စိတ်စေတနာ, သင့်စာရိတ္တ, သင့်မြင်သိရှုထောင့် စသည့် အခြေခံအနက် ရှိုင်းဆုံးအတွင်းပိုင်းမှ စတင်ရန်ပင် ဖြစ်လေသည်။

သင့်အိမ်ထောင်ရေးသာယာစေလိုလျှင် သင်ကိုယ်တိုင် အပျက်သဘော များရှောင်၍ အပြုသဘောဖြင့်နေထိုင်ရန် ဖြစ်လေသည်။ လိမ္မာယဉ်ကျေး, ဝိုင်းကူ

* Albert Einstein

တတ်သောသားသမီးကို လိုချင်လျှင် သင်ကိုယ်တိုင် ပိုမိုနားလည်, စာနာ, မှန်ကန်, ချစ်တတ်သော မိဘ ဖြစ်ပါစေ။ သင့်လုပ်ငန်းတွင် ပိုမိုလွတ်လပ်မှု, သည်းခံမှုကို လိုလားလျှင် သင်ကိုယ်တိုင် ပိုမို တာဝန်သိပါ။ ပိုမို ကူညီပါ။ ပိုမိုအားပေးထောက်ပံ့သည့် အလုပ်ရှင် ဖြစ်ပါစေ။ သင့်ကို ယုံကြည်စေလိုလျှင် ယုံကြည်ခံထိုက်အောင် နေပါ။ စွမ်းရည်မြင့်မားလိုလျှင် စာရိတ္တခိုင်မာအောင် ပထမ ကြိုးစားပါ။

'မိမိကိုယ်ကို အောင်နိုင်မှသာ သူတစ်ပါးကို အောင်နိုင်မည်။ မိမိကိုယ်ကို သစ္စာရှိမှသာ သူတစ်ပါးကို သစ္စာရှိနိုင်မည်'ဟု အတွင်းမှအပြင်သို့ ချဉ်းကပ်သည့် စနစ်က ဆိုလေသည်။ စာရိတ္တထက် ဥပဓိရုပ်ကိုဦးစားပေးလျှင် အချည်းနှီးသာ။ မိမိကိုယ်တိုင် ဆက်ဆံရေးညံ့နေပါက သူတစ်ပါးနှင့် ဆက်ဆံရေးတိုးတက်ရန် မလွယ်ပါ။

အတွင်းမှအပြင်သို့စနစ်သည် ပြန်လည်ဆန်းစစ်စေသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပြီး၊ ဖွံ့ဖြိုးတိုးတက်စေသည့် သဘာဝဥပဒေသများကို အခြေခံလေသည်။ ယင်းစနစ်ဖြင့် လူတို့သည် လွတ်လပ်တာဝန်သိစွာ ဖွံ့ဖြိုးတိုးတက်၍ အချင်းချင်းလည်း ဆက်သွယ်မှုထိရောက်ကာ၊ ပိုမိုမြင့်မားသည့် တိုးတက်မှုပုံစံသို့ မြင့်တက်သွားလေသည်။

စာရေးသူသည် လူများစွာနှင့် ဆက်ဆံလုပ်ကိုင်ဖူးလေသည်။ အုံ့ညြစရာကောင်းသူများ, စွမ်းရည်ရှိသူများ, တကယ် အောင်မြင်ပျော်ရွှင်လိုသူများ, စူးစမ်းနေသူများ, ဒုက္ခပေးသံုးများ စသည်တို့ ပါဝင်လေသည်။ စာရေးသူသည် လုပ်ငန်းအုပ်ချုပ်ရေးမှူးများ, ကောလိပ်ကျောင်းသားများ, ဘာသာရေးနှင့် လူမှုရေးအဖွဲ့ဝင်များ, မိသားစုအိမ်ထောင်သည်များ စသည်တို့နှင့်လည်း အလုပ်လုပ်ဖူးသည်။ ယင်းအတွေ့အကြုံများအရ အပြင်မှအတွင်းသို့နည်း, အပေါ်ယံနည်းလမ်းတို့ဖြင့် ပြဿနာများ, အောင်မြင်မှုများ, ပျော်ရွှင်မှုများကို ကြာရှည်ခံအောင်မဖြေရှင်းနိုင်ကြောင်း တွေ့ရပါသည်။

စာရေးသူသည် အပြင်မှအတွင်းသို့ ချဉ်းကပ်နည်း, အပေါ်ယံနည်းသုံးသူများကို တွေ့ဖူးသည်။ သူတို့သည် သားကောင်ဘဝမှ မရုန်းထွက်နိုင်ဖြစ်ကာ စိတ်ဆင်းရဲနေကြသည်။ သူတို့သည် သူတစ်ပါးပျော့ကွက်ကိုသာ အာရုံစိုက်နေ၍

သူတို့ခံစားနေရသည်မှာ မသန့်စင်သော သူတို့၏အတွေးအမြင်ကြောင့်သာ ဖြစ်လေသည်။ မသာယာသောအိမ်ထောင်ရေးတွင် တစ်ဦးက အခြားတစ်ဦးသည် ပြုပြင်ရန်လိုအပ်နေသည်ဟု ထင်မြင်လေသည်။ အခြားတစ်ဦး၏အပြစ်ကိုသာ မြင်နေသည်။ အခြားတစ်ဦးပြောင်းလဲအောင်သာ ကြိုးစားကြသည်။

ပုဂ္ဂိုလ်ရေးကျင့်ဝတ်၏ စွမ်းအားကြီးသော လက်ရှိလူမှုရေး မြင်သိရှုထောင့်နှင့် အခြေအနေကြောင့် အတွင်းမှအပြင်သို့ ချဉ်းကပ်နည်းသည် လူများစုအတွက် ထူးခြားသော မြင်သိရှုထောင့်ပြောင်းလဲမှုတစ်ခုပင် ဖြစ်လေသည်။

စာရေးသူကိုယ်တိုင် အခြား လူထောင်ပေါင်းများစွာတို့နှင့်အတူ လုပ်ကိုင်ရာမှရရှိသည့် အတွေ့အကြုံများအရ သမိုင်းတစ်လျှောက်တွင် အောင်မြင်ခဲ့ကြသော တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းများကို သေချာစွာဆန်းစစ်ရာတွင် ရရှိသော အသိအမြင်များအရ အလေ့အကျင့် ၇ ပါးတွင်ပါဝင်သော စည်းကမ်းများစွာသည် ကျွန်တော်တို့၏ ထိုးထွင်းဉာဏ်, အဆိုးအကောင်းခွဲခြားတတ်သည့် စိတ်တို့သည် ကျွန်တော်တို့၏ ခန္ဓာကိုယ်အတွင်းတွင်သာရှိနေသည်ဟု ယူဆပါသည်။ ယင်းတို့ကို သိမြင်ဖော်ထုတ်ရန်, မိမိတို့၏ နက်နဲသောပြဿနာတို့ကို ဖြေရှင်းရာတွင် အသုံးချနိုင်ရန်အတွက် ကျွန်တော်တို့၏အတွေးအမြင်ကို ပြောင်းရမည်။ ကျွန်တော်တို့၏ မြင်သိရှုထောင့်သည် သစ်လွင်, နက်နဲသောအတွင်းမှ အပြင်အဆင့်သို့ ပြောင်းရမည်။

ဤစည်းကမ်းတရားများကို သေချာစွာနားလည်အောင် လုပ်ပြီး၊ မိမိတို့ဘဝတွင် လက်တွေ့လိုက်နာကျင့်ကြံလျှင် ကျွန်တော်တို့သည် တီအက်စ်အီလီယော့*၏ အောက်ပါအဆိုမှန်ကန်ပုံကို တွေ့မြင်ပြီးရင်း တွေ့မြင်လာမည်ဟု ယုံကြည်ပါသည်။

'ကျွန်တော်တို့သည် ဆက်လက် ရှာဖွေနေရမည်။ ကျွန်တော်တို့ စထွက်သောနေရာသို့ ပြန်ရောက်လာပြီး၊ ယင်းကို ဦးစွာနားလည်လိုက်သောအခါ၌ပင် ရှာဖွေမှုသည် ပြီးဆုံးသွားမည် ဖြစ်ပါသည်'

* T.S.Eliot

ကျွန်တော်တို့ ထပ်တလဲလဲပြုမှုသည်အတိုင်း ကျွန်တော်တို့ဘဝ ဖြစ်ပေါ်လာသည်။ သို့ဖြစ်၍ ထူးကဲ ကောင်းမွန်ခြင်းသည် အပြုအမူတစ်ခုမဟုတ်ဘဲ အလေ့ အကျင့်တစ်ခု ဖြစ်လေသည်။

အရစ္စတိုတယ်[၁]

၁။ Aristole

အလေ့အကျင့် ၇ ပါး

ကျွန်တော်တို့၏ စာရိတ္တသည် အခြေခံအားဖြင့် ကျွန်တော်တို့၏အလေ့အကျင့်များနှင့် ပေါင်းစပ်ထားသည်။

'အတွေးအမြင်မှ အပြုအမူ ပေါ်ပေါက်သည်။ အပြုအမူမှ အလေ့အကျင့် ဖြစ်ပေါ်သည်။ အလေ့အကျင့်မှ စာရိတ္တ ပေါ်ပေါက်သည်။ စာရိတ္တမှ ကံကြမ္မာ ဖြစ်ပေါ်လာသည်'ဟု ဆိုရိုးစကား ရှိလေသည်။

အလေ့အကျင့်များသည် လူတို့ဘဝတွင် အလွန်အရေးပါသည်။ ယင်းတို့ကို သတိမထားမိဘဲ လုပ်ဆောင်လေ့ရှိသောကြောင့် အမြဲမပြတ် နေ့စဉ်ပင် ကျွန်တော်တို့၏စာရိတ္တကိုဖော်ပြနေကာ ကျွန်တော်တို့ ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးကိုလည်း ဖန်တီးလေသည်။

'ဟိုရေ့မန်း'[1]အမည်ရှိ ဆရာကြီးသည် တစ်ကြိမ်က ဤသို့ဆိုလေသည်။ 'အလေ့အကျင့်များသည် ကြေးနန်းကြိုးတစ်ချောင်းနှင့် တူသည်။ ကျွန်တော်တို့ နေ့စဉ် ထိုအမျှင်ကို ရက်ထည့်နေသောကြောင့် မကြာမီ ၎င်းကို မဖြတ်နိုင်တော့ပေ'

ဤအဆို၏နောက်အပိုင်းကို စာရေးသူ သဘောမကျပါ။ ယင်းကို 'ချိုးဖြတ်နိုင်ပါသည်။ အလေ့အကျင့်များကို လုပ်ယူနိုင်သလို ပယ်ဖျက်၍လည်း ရလေသည်။' သို့သော် အလွယ်တကူတော့ မပယ်ဖျက်နိုင်ပါ။ ကြိုးစား၍ အချိန်ယူကာ ပယ်ဖျက်ရပါမည်။

အပိုလို ၁၁[2] လကမ္ဘာသို့သွားကာ၊ လူသားများ ပထမဆုံးအကြိမ် လပေါ် လမ်းလျှောက်သည်။ ပြီးလျှင် ကမ္ဘာသို့ပြန်လာသည်ကို မြင်ရသောအခါ ကျွန်တော်တို့ အံ့အားသင့်ကြသည်။ ယင်းဖြစ်ရပ်တို့ကိုဖော်ပြရာတွင် 'ထူးဆန်းသည်။ မယုံနိုင်ဖွယ်' စသည့် အသုံးအနှုန်းတို့သည် မလုံလောက်ပေ။ သို့သော် အာကာသ ယာဉ်မှူးတို့သည် လပေါ်ရောက်ရန် ကြိုးမားသောကမ္ဘာဆွဲအားကို သေချာစွာ

[1]။ Horace mann
[2]။ Apollo 11

ရုန်းထွက်ရလေသည်။ လသို့ခရီးနှင်ရာ၌ နောက်ပိုင်း မိုင်သန်းတစ်ဝက်ခန့်ကို ရက်များစွာသွားရာတွင်သုံးရသော စွမ်းအင်ထက်၊ ပထမထွက်ခွာစ မိုင်အနည်းငယ်ကို မိနစ်အနည်းငယ်ရုန်းထွက်ရာတွင်သုံးရသော စွမ်းအင်က ပိုများလေသည်။

အလေ့အကျင့်သည်လည်း လူတို့ထင်မြင်, ဝန်ခံသည်ထက်ပင် ဆွဲအားကြီးလေသည်။ နက်ရှိုင်းစွ စွဲမြဲနေသော အလေ့အကျင့်လိုဖြစ်နေသည့် လူသားစွမ်းရည်ကို တိုးတက်စေသော အခြေခံစည်းကမ်းများကို ဖောက်ဖျက်သည့် ရွှေ့ဆိုင်းခြင်း, သည်းမခံနိုင်ခြင်း, ဝေဖန်အပြစ်ရှာခြင်း, တစ်ကိုယ်ကောင်းဆန်ခြင်း စသည်တို့ကို ပယ်ဖျက်ရာတွင် စိတ်ဓာတ်အား အနည်းငယ်ဖြင့် ပြုပြင်ပြောင်းလဲရုံမျှနှင့် လုံလောက်မည် မဟုတ်ပေ။ ပယ်ဖျက်စတွင် အပြင်းအထန် ကြိုးစားရမည်ဖြစ်သော်လည်း၊ အရှိန်ရလာလျှင် များစွာခက်ခဲတော့မည် မဟုတ်ပေ။

အခြား သဘာဝစွမ်းအားများလိုပင် အလေ့အကျင့်စွမ်းအားသည် လူတို့ကို အကျိုးပြုနိုင်သလို ဒုက္ခလည်း ပေးနိုင်လေသည်။ အချို့သော အလေ့အကျင့်တို့၏ ဆွဲအားကြောင့် ကျွန်တော်တို့သည် မိမိတို့ရည်မှန်းရာသို့မရောက်နိုင်ဘဲ ဖြစ်နေလေသည်။ သို့သော် ဆွဲအားကြောင့်ပင် ကမ္ဘာပေါ်တွင် လူသတ္တဝါများ နေထိုင်နိုင်သည်။ ဂြိုဟ်နက္ခတ်များ သူတို့လမ်းကြောင်းတွင် လည်ပတ်နိုင်သည်။ ကျွန်တော်တို့၏စကြဝဠာသည်လည်း အစီအစဉ်မပျက် ရှိနေလေသည်။ ယင်းသည် စွမ်းအားကြီးမားသည်။ ကျွန်တော်တို့သည် အလေ့အကျင့်ဆွဲအားကို ကောင်းစွာ အသုံးချလျှင် စည်းရုံး, စနစ်ကျသောကြောင့် စွမ်းရည်များ ထက်မြက်ထိရောက်လာမည်။

'အလေ့အကျင့်' ဟူသည်

'အလေ့အကျင့်တွင် ဗဟုသုတ, ကျွမ်းကျင်မှု, အလိုဆန္ဒတို့ ပေါင်းစပ်နေသည်'ဟု ဤစာအုပ်တွင် အဓိပ္ပာယ်ဖွင့်လိုပါသည်။

ဗဟုသုတသည် အယူအဆနှင့်ဆိုင်ပြီး၊ ဘာလုပ်ရမည်, ဘာကြောင့် လုပ်ရမည်ကို ညွှန်းလေသည်။

ကျွမ်းကျင်မှုက ဘယ်လိုလုပ်ရမည်ဟု ဆိုလေသည်။

အလိုဆန္ဒသည် လှုံ့ဆော်မှုဖြစ်ပြီး၊ လုပ်ချင်သည်ကို ညွှန်းလေသည်။

မိမိဘဝတွင် အလေ့အကျင့်တစ်ခု ရှိလိုလျှင် ယင်းအချက် ၃ ချက် ရှိရပါမည်။

စာရေးသူသည် လုပ်ဖော်ကိုင်ဖက်များ, မိသားစုဝင်များ ဆက်ဆံရာတွင် မိမိ၏ထင်မြင်ချက်ကိုသာပြောပြီး၊ သူတို့၏ အထင်အမြင်ကို နားမထောင်လျှင် ဆက်ဆံရေး အဆင်မပြေဖြစ်ပေမည်။

မှန်ကန်သော လူမှုဆက်ဆံရေးစည်းကမ်းများကို မလေ့လာလျှင် သူတစ်ပါး အယူအဆကို နားထောင် သင့်ကြောင်းကိုပင် သိမည်မဟုတ်ပေ။ သူတစ်ပါးနှင့် ဆက်ဆံရာတွင် အဆင်ပြေစေရန် သူတစ်ပါးအဆိုကိုလည်း နားထောင်သင့်ကြောင်း ကျွန်တော်နားလည်သည့်တိုင် ကျွန်တော်နားထောင် တတ်ချင်မှ တတ်ပေမည်။ သူတစ်ပါးပြောသည်ကို လေးနက်စွာ မည်သို့နားထောင်ရမည်ကို ကျွန်တော် သိချင်မှသိပေမည်။

သို့သော် 'သူတစ်ပါးပြောသည်ကို နားထောင်သင့်သည်'ဟုသိပြီး မည်သို့ နားထောင်ရမည်ကို သိရုံဖြင့်လည်း မလုံလောက်သေးပေ။ ကျွန်တော် နားမထောင် ချင်လျှင်၊ နားထောင်ရန် ဆန္ဒမရှိလျှင် ကျွန်တော့်ဘဝတွင် အလေ့အကျင့်တစ်ခု ဖြစ်လာမည် မဟုတ်ပေ။ အလေ့အကျင့်တစ်ခုဖြစ်လာရန် ဖော်ပြပါအချက် ၃ ချက် ပါဝင်ရမည်။

ဘဝအမြင်ပြောင်းလဲလျှင် တိုးတက်နိုင်သည်။ ပြောင်းလဲတိုးတက်ရာတွင် ဘဝပြောင်း၍ အမြင်ပြောင်းလာသလို၊ အမြင်ပြောင်းသောကြောင့်လည်း ဘဝ ပြောင်းလဲလာသည်။ နှစ်ပေါင်းများစွာ အတုအယောင်လုံခြုံမှုကိုပေးနေသော အသိအမြင်ဟောင်းကိုပယ်ဖျက်ရန်နှင့် အပြန်အလှန်ဆက်သွယ်ရေး, တိုးတက် စေရန်အတွက် အလေ့အကျင့်သစ်ရှိအောင် ဗဟုသုတ, ကျွမ်းကျင်မှု, အလိုဆန္ဒ တို့ကို အသုံးချရပါမည်။



အလေ့အကျင့်သစ်ထူထောင်ရန် တစ်ခါတစ်ရံ အလွန်ခက်ခဲလေသည်။ ပိုမိုမြင့်မားသော မျှော်မှန်းချက်အတွက် အပြောင်းအလဲလုပ်ရန်ပင် ဖြစ်သည်။ နောင်လိုချင်သောအရာအတွက် ယခုလိုချင်နေသောအရာကို ပဓာနမထားရန်ပင် ဖြစ်သည်။ သို့သော် ယင်းသည် 'လူ့ဘဝမျှော်မှန်းချက်ပုံစံ'ဖြစ်ပြီး၊ စိတ်ချမ်းသာရန် ဖန်တီးပေးသည်။ စိတ်ချမ်းသာခြင်းသည် နောင်လိုချင်သောအရာအတွက် ယခုလိုချင်သောအရာကို စွန့်လွှတ်နိုင်သည့်ဆန္ဒနှင့် အရည်အချင်း ဟု အနည်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပေမည်။

ရင့်ကျက်မှုဖြစ်စဉ်

အလေ့အကျင့် ၇ ခုသည် စိတ်ဓာတ်မြင့်တက်စေသော သီးသန့်ပုံသေနည်း တစ်ခု, တစ်တွဲ မဟုတ်ပါ။ ဖွံ့ဖြိုးတိုးတက်မှု သဘာဝဥပဒေသများနှင့် သဘာဝ ကျစွာ, ယင်းအကျင့်တို့ဖြင့် စုစည်းသိပ်သည်းစွာ အစီအစဉ်ဖြင့် တိုးတက်ချဉ်းကပ် နိုင်သောကြောင့် တစ်ဦးချင်းနှင့် အပြန်အလှန်ဆက်သွယ်မှု ထိရောက်တိုးတက် လာမည်။ ယင်းတို့ဖြင့် ကျွန်တော်တို့သည် ရင့်ကျက်မှုဖြစ်စဉ်အတိုင်း မိုခိုခြင်းမှ လွတ်လပ်ခြင်းသို့၊ ယင်းမှ အပြန်အလှန် မိုခိုအားကိုးခြင်းသို့ တက်ရောက်ရှိလာမည် ဖြစ်သည်။

လူတို့သည် သူတစ်ပါးကို လုံးဝမှီခိုရသည့် ကလေးငယ်အနေဖြင့် ဘဝကို စကြသည်။ သူတစ်ပါး၏ထောက်ပံ့မှု, ပြုစုစောင့်ရှောက်မှု, ညွှန်ကြားမှုကို ခံရသည်။ ယင်းသို့ ပြုစုစောင့်ရှောက်ခြင်းမခံရလျှင် ကျွန်တော်တို့သည် နာရီအနည်းငယ်သာ, ရက်အနည်းငယ်သာ အသက်ရှင်နေနိုင်ပေမည်။

ထို့နောက် တဖြည်းဖြည်းနှင့် နှစ်, လများကြာလာသောအခါ ကျွန်တော်တို့သည် ရုပ်ပိုင်း, စိတ်ပိုင်း, ခံစားမှု, ငွေရေးကြေးရေးတွင် ပို၍ပို၍ လွတ်လပ်လာကြသည်။ နောက်ဆုံးတွင် ကျွန်တော်တို့သည် မိမိကိုယ်ကို စောင့်ရှောက်နိုင်ကာ မိမိကိုယ်ကို အားကိုးထိန်းသိမ်းနိုင်လာသည်။

ကျွန်တော်တို့ ဆက်လက်ကြီးပြင်း ရင့်ကျက်လာသောအခါ သဘာဝတရား အားလုံးသည် အပြန်အလှန်မှီခိုနေကြသည်ကို ပို၍ သဘောပေါက်လာသည်။ သဘာဝပတ်ဝန်းကျင်စီမံသည့် စနစ်ရှိနေပြီး၊ ယင်းသည် လူ့အဖွဲ့အစည်းအပါအဝင် သဘာဝတရားကို ထိန်းကျောင်းနေရသည်။ လူသားတို့ဘဝသည် အပြန်အလှန် မှီခိုနေကြပြီး၊ အခြားလူများနှင့် ဆက်သွယ်မှုသာ ကျွန်တော်တို့၏သဘာဝ မြင့်မားလာနိုင်သည်ကိုလည်း သိရှိလာကြသည်။

ကလေးငယ်ဘဝမှ လူကြီးဘဝသို့ ကျွန်တော်တို့ ကြီးပြင်းလာသည်မှာ သဘာဝဥပဒေသအတိုင်းပင် ဖြစ်လေသည်။ ကြီးရင့်မှုနယ်ပယ်များစွာ ရှိလေသည်။ ရုပ်ပိုင်းဆိုင်ရာ အပြည့်အဝရင့်ကျက်လာလျှင်၊ စိတ်ပိုင်း သို့မဟုတ် ခံစားမှုတွင် တစ်ပြိုင်တည်း ရင့်ကျက်ချင်မှ ရင့်ကျက်ပေမည်။ တစ်ဘက်တွင်လည်း ရုပ်ပိုင်းအနေဖြင့် မှီခိုနေသူတစ်ဦးသည် စိတ်ပိုင်း သို့မဟုတ် ခံစားမှုတွင် မရင့်ကျက်သေးဟု မဆိုနိုင်ပေ။

ရင့်ကျက်မှုဖြစ်စဉ်တွင် မှီခိုခြင်းသည် 'သင်'မြင်သိရှုထောင့် ဖြစ်သည်။ သင် ကျွန်တော့်ကို စောင့်ရှောက်သည်။ သင် ကျွန်တော့်အတွက် မလုပ်ပါ။ ဒါအတွက် သင့်ကို ကျွန်တော် အပြစ်တင်သည်။

လွတ်လပ်ခြင်းသည် 'ငါ'မြင်သိရှုထောင့် ဖြစ်သည်။ 'ဒါ ငါလုပ်နိုင်တယ်။ ငါ့မှာ တာဝန်ရှိတယ်။ ငါ့ကိုယ်ငါ အားကိုးတယ်။ ငါ ရွေးချယ်နိုင်တယ်။

အပြန်အလှန်မှီခိုခြင်းသည် 'ကျွန်တော်တို့' မြင်သိရှုထောင့် ဖြစ်သည်။ 'ဒါ ကျွန်တော်တို့ လုပ်နိုင်တယ်။ ကျွန်တော်တို့ ပူးပေါင်းလုပ်နိုင်တယ်။ ကျွန်တော်တို့ရဲ့ စွမ်းအားနှင့်အရည်အချင်းတွေ ပူးပေါင်းပြီး ပိုကောင်းတာဖန်တီးကြမယ်'။

မှီခိုသူများသည် သူတို့လိုချင်သည်ကိုရရန် သူတစ်ပါးကို အားကိုးသည်။ လွတ်လပ်သူများသည် သူတို့လိုချင်သည်ကို ကိုယ်တိုင်လုပ်ယူကြသည်။ အပြန်အလှန်မှီခိုသူများသည် သူတို့အကျိုးအတွက် အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြသည်။

အကယ်၍ ကျွန်တော်သည် လေဖြတ် မသန်စွမ်းဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာတွင် မှီခိုနေရလျှင်၊ သင့်အကူအညီကို လိုချင်ပေမည်။ အကယ်၍ ကျွန်တော်သည် ခံစားမှုတွင်မရင့်ကျက်လျှင် လုံခြုံမှုနှင့် တန်ဖိုးတို့၏အဓိပ္ပာယ်ကို သင်မြင်သလို လိုက်မြင်ပေမည်။ သင် ကျွန်တော့်ကိုသဘောမကျလျှင် ကျွန်တော် အလွန်စိတ်ထိခိုက်မည်။ အကယ်၍ ကျွန်တော်သည် အသိဉာဏ်ရေးရာတွင် မှီခိုနေရလျှင် ကျွန်တော့်ကိစ္စ ဘဝပြဿနာတို့အတွက် စဉ်းစားပေးရန် သင့်အကူအညီ လိုပေမည်။

အကယ်၍ ကျွန်တော်သည် လွတ်လပ်လျှင် ရုပ်ပိုင်းဆိုင်ရာတွင် မိမိကိုယ်တိုင် အသင့်အတင့်ကောင်းအောင် လုပ်ကိုင်ပေမည်။ စိတ်ပိုင်းဆိုင်ရာတွင် မိမိကိုယ်တိုင် တွေးမြင်နိုင်ပြီး၊ ပညာအဆင့် တိုးတက်မြင့်မားနိုင်သည်။ ခွဲခြမ်းစိတ်ဖြာ ကြံဆနိုင်မည်။ မိမိ၏အယူအဆို သူတစ်ပါးနားလည်အောင် စီစဉ်ဖော်ပြနိုင်မည်။ ကျွန်တော့်ခံစားမှုသည် အတွင်းအာရုံကို အခြေခံသည်။ အတွင်းအာရုံသည် ကျွန်တော့်ကို လမ်းညွှန်နေမည်။ တန်ဖိုးဆိုင်ရာ ကျွန်တော့်အမြင်သည် သူတစ်ပါး၏အယူအဆ, အပြုအမူတို့ကြောင့် ပြောင်းလဲမည် မဟုတ်ပေ။

လွတ်လပ်ခြင်းသည် မှီခိုခြင်းထက် ပို၍ရင့်ကျက်သည်ကို အလွယ်တကူ ပင် သိမြင်နိုင်လေသည်။ လွတ်လပ်ခြင်းသည် ပဓာနကျသော အောင်မြင်မှုတစ်ခု ပင် ဖြစ်လေသည်။ သို့သော် လွတ်လပ်မှုသည် အရေးကြီးဆုံးတော့မဟုတ်ပေ။

သို့တစေ၊ လက်ရှိလူမှုရေးအမြင်သည် လွတ်လပ်မှုကို လွန်စွာ တန်ဖိုးထား

လေသည်။ လွတ်လပ်ခြင်းသည် သူတို့၏ပန်းတိုင်ဟုပင် လူများစွာနှင့် အဖွဲ့အစည်းများစွာတို့ ဝန်ခံလှုပ်ရှားကြလေသည်။ ဘဝမြင့်မားရေးဆိုင်ရာ စာပေအများစုသည် ဆက်သွယ်ရေး, စုပေါင်းလုပ်ဆောင်မှု, ပူးပေါင်းဆောင်ရွက်မှုတို့ထက် လွတ်လပ်မှုကို ဦးစားပေးတန်ဖိုးထားကြသည်။

သို့သော် လူများစွာတို့သည် အပြန်အလှန်အားကိုးခြင်း အဓိပ္ပာယ်ကို ကောင်းစွာနားမလည်၍ လွတ်လပ်ခြင်း မရှိသလို ထင်မြင်ကြလေသည်။ ထို့ကြောင့် လူတို့သည် များသောအားဖြင့် လွတ်လပ်ရန်အကြောင်းပြုပြီး တစ်ကိုယ်ကောင်းဆန်စွာ အိမ်ထောင်မှုကို စွန့်ခွာကြသည်။ သားသမီးတို့ကို ချန်ပြေးကြသည်။ လူမှုတာဝန်အမျိုးမျိုးကို ရှောင်ကြဉ်ကြသည်။

လူတို့သည် လက်ထပ်များကိုဖြုတ်ပစ်ပြီး လွတ်လပ်စွာ စိတ်ကြိုက်ထင်သလိုနေထိုင်ကြသောအခါ အတွင်းဓာတ်ခံကြောင့် မရှောင်လွှဲနိုင်ဘဲ ပို၍ပင်မလွတ်မလပ် ဖြစ်လာကြသည်။ မိမိနှင့် ပတ်သက်သူများ ဒုက္ခရောက်၍ စိတ်ထိခိုက်ရသည်။ သို့မဟုတ် မိမိ မထိန်းကျောင်းနိုင်သောလူနှင့် အခြေအနေတို့ကြောင့် သားကောင် ဖြစ်လာရသည်။

မိမိတို့၏အခြေအနေကို ပြောင်းလဲရန် လိုအပ်သည်မှာ မှန်ပါသည်။ သို့သော် မှီခိုခြင်းပြဿနာသည် တစ်ဦးချင်းရင့်ကျက်မှုကိစ္စဖြစ်၍ အခြေအနေနှင့် မဆိုင်လှပေ။ အခြေအနေများ ပိုကောင်းနေသည့်တိုင် မရင့်ကျက်မှု, မှီခိုမှုတို့ကား ဆက်လက်ရှိနိုင်သည်။

စာရိတ္တ တကယ်တိုးတက်, လွတ်လပ်လာလျှင် သူတစ်ပါးကိုလည်း ဦးဆောင်နိုင်လာမည်။ ယင်းသည် အဖိုးတန်သည့်လွတ်မြောက်ရေးပန်းတိုင် တစ်ခုဖြစ်ပြီး သူတစ်ပါးကိုမှီခိုခြင်းမှ လွတ်ကင်းစေမည်။ သို့သော် ထိရောက်ထက်မြက်စွာ နေထိုင်နိုင်ရေးအတွက် ယင်းသည် နောက်ဆုံးပန်တိုင် မဟုတ်ပေ။

အပြန်အလှန်မှီခိုအကျိုးပြုနိုင်ရန် လွတ်လပ်စွာ တွေးခေါ်တတ်ရုံဖြင့် မလုံလောက်ပေ။ အပြန်အလှန် အကျိုးအတွက် စဉ်းစားလုပ်ဆောင်တတ်လောက်အောင် မရင့်ကျက်သည့် လွတ်လပ်စွာတွေးမြင်တတ်သူများသည် တစ်ဦးကောင်း တစ်ယောက်ကောင်းအတွက် လုပ်ဆောင်နိုင်မည်ဖြစ်သော်လည်း သူတို့သည်

ခေါင်းဆောင်ကောင်းများ, အစုအဖွဲ့နှင့်လုပ်ဆောင်တတ်သူများ မဖြစ်နိုင်ပေ။ အိမ်ထောင်ရေးမိသားစု, သို့မဟုတ် အဖွဲ့အစည်းတို့ တကယ်အောင်မြင်ရေးတွင် လိုအပ်သော အပြန်အလှန်မှီခိုခြင်း မြင်သိရှုထောင့် သူတို့တွင်မရှိပေ။

ဘဝသည် သဘာဝအားဖြင့် အပြန်အလှန် လွန်စွာမှီခိုနေလေသည်။ လွတ်လပ်မှုဖြင့် အမြင့်ဆုံးထက်မြက်ထိရောက်စေရန် ကြိုးစားခြင်းသည် ဂေါက်သီး ရိုက်တံဖြင့် တင်းနစ်ကစားသလို ဖြစ်နေပေမည်။ သုံးသောကိရိယာသည် ပကတိ အရှိတရားနှင့် မဆီလျော်ပေ။

အပြန်အလှန်မှီခိုခြင်းသည် များစွာ ရင့်ကျက်၊ ပိုမိုတိုးတက်သော အယူ အဆဖြစ်သည်။

အကယ်၍ ကျွန်တော်သည် ရုပ်ပိုင်းဆိုင်ရာတွင် အပြန်အလှန် မှီခိုနေလျှင် ကျွန်တော်သည် စွမ်းရည်ရှိကာ မိမိကိုယ်ကို အားကိုးနိုင်သည်။ သို့သော် သင်နှင့် ကျွန်တော် အတူပူးပေါင်းလုပ်ကိုင်လျှင် ကျွန်တော်တစ်ဦးတည်း အကောင်းဆုံး လုပ်ကိုင်သည်ထက်ပင် ပိုမိုအကျိုးရှိနိုင်သည်ကိုလည်း ကျွန်တော် နားလည်လေ သည်။

အကယ်၍ ကျွန်တော်သည် ခံစားမှုတွင် အပြန်အလှန်မှီခိုလျှင် မိမိ ကိုယ်ကို တန်ဖိုးထားတတ်မည်။ မေတ္တာကိုလိုအပ်၍ ယင်းစိတ်မွေးရန်နှင့် အခြားသူများ၏ မေတ္တာ ရရှိရန်လိုသည်ကိုလည်း အသိအမှတ်ပြုမည်။

အကယ်၍ အသိပညာတွင် ကျွန်တော် အပြန်အလှန်မှီခိုနေလျှင် ကျွန်တော့် အတွေးအမြင်နှင့် အခြားသူတို့၏ အကောင်းဆုံးအတွေးအမြင်တို့ ပေါင်းစပ်ရန် လိုသည်ကို နားလည်မည်။

အပြန်အလှန်မှီခိုသူတစ်ဦးအနေဖြင့် ကျွန်တော်သည် အခြားသူများနှင့် လေးနက်အဓိပ္ပာယ်ရှိစွာ ဝေမျှခံစားရမည့်တာဝန် ရှိပြီး၊ အခြားလူသားတို့၏ စွမ်းအားအရင်းအမြစ်တို့ကိုလည်း ကျွန်တော် ဝေမျှခံစားနိုင်မည်။

အပြန်အလှန်မှီခိုခြင်းကို လွတ်လပ်သူများသာ ရွေးချယ်နိုင်သည်။ မှီခိုသူ များသည် အပြန်အလှန်မှီခိုအားကိုးသူများ မဖြစ်လာနိုင်ပေ။ ယင်းသို့လုပ်နိုင်သော

စာရိတ္တ(အကျင့်စရိုက်) သူတို့တွင် မရှိပေ။ သူတို့ကိုယ်သူတို့ အပြည့်အဝမပိုင်ဆိုင်ပေ။

ထို့ကြောင့် လာမည့်အခန်းများတွင် 'အလေ့အကျင့် ၁, ၂, ၃' တို့သည် မိမိကိုယ်ကို ပိုင်နိုင်ရန် တင်ပြလေသည်။ ယင်းတို့ဖြင့် လူတစ်ဦးသည် မှီခိုသူမှ လွတ်လပ်သူသို့ ပြောင်းလဲလာမည်။ ယင်းတို့သည် စာရိတ္တဖွံ့ဖြိုးခြင်း၏ အနှစ်သာရ 'မိမိကိုယ်ကိုအောင်နိုင်ခြင်းများ' ဖြစ်လေသည်။ မိမိကိုယ်ကို အောင်နိုင်မှသာ သူတစ်ပါးကို အောင်နိုင်မည်။ သီးနှံတစ်မျိုးကိုမစိုက်ဘဲ မရိတ်သိမ်းနိုင်သလို၊ ယင်းအစီအစဉ်ကိုလည်း မပြောင်းနိုင်ပေ။ ယင်းသည် အတွင်းမှ အပြင်သို့ဖြစ်စဉ် ဖြစ်လေသည်။

သင် တကယ်တမ်းလွတ်လပ်လာသည်နှင့် အကျိုးရှိစွာ အပြန်အလှန် မှီခိုအားကိုးနိုင်သည့်အခြေခံ သင့်တွင် ရှိနေလေပြီ။ ယင်းစာရိတ္တကို အခြေခံ၍ သင်သည် ဥပမိရုပ်အရင်းခံသည့် 'သူတစ်ပါးကို အောင်နိုင်မှုများဖြစ်သော အသင်းအဖွဲ့နှင့် လုပ်ကိုင်မှု, ပူးပေါင်းဆောင်ရွက်ခြင်း, ဆက်သွယ်မှုများကို ထိရောက်အောင်မြင်စွာ လုပ်ကိုင်နိုင်လာမည်'။ 'ဤအကြောင်းများကို 'အလေ့အကျင့် ၄, ၅, ၆' တို့တွင် တင်ပြထားပါသည်။

'အလေ့အကျင့် ၄,၅,၆'တို့ကို မပိုင်ဆိုင်မီ၊ 'အလေ့အကျင့် ၁,၂,၃'တို့ကို ကောင်းစွာပိုင်ဆိုင်နေရမည် ဟု မဆိုလိုပေ။ အစီအစဉ်ကို နားလည်မှသာ မိမိ၏ အလေ့အကျင့်တိုးတက်အောင် ပိုမိုထိရောက်စွာ ကျင့်ကြံနိုင်သည်။

အပြန်အလှန်မှီခိုနေသော ကမ္ဘာသူကမ္ဘာသားတစ်ဦးအနေဖြင့် သင်သည် အခြားလူတို့နှင့် ဆက်သွယ်နေရမည်။ သို့သော် အရေးကြီးသောပြဿနာများကို ဖြေရှင်းနေရ၍ စာရိတ္တ၏တန်ဖိုး မှေးမှိန်လာသည်။ လူအချင်းချင်းဆက်ဆံမှုသည် မိမိဘဝအား အရှိန်ဩဇာပေးနိုင်သည်ကို သိရမည်။ ဖွံ့ဖြိုးတိုးတက်မှု သဘာဝ ဥပဒေသနှင့် သဟဇာတဖြစ်အောင် စနစ်တကျ အာရုံစိုက်ကြိုးစားနေရမည်။

'အလေ့အကျင့် ၇' သည် နိုးကြွဆန်းသစ်စေသည့်စနစ် ဖြစ်သည်။ ဘဝအခြေခံ အပိုင်း ၄ ပိုင်းကို ဟန်ချက်ညီစွာ မှန်မှန် ပြန်လည်ဆန်းသစ်စေရန်ပင် ဖြစ်လေသည်။ အခြားအလေ့အကျင့်အားလုံး သက်ဝင်လှုပ်ရှားနေအောင်လည်း



ဖန်တီးပေးရန် ဖြစ်သည်။ ဘဝ ဆက်လက်တိုးတက် မြင့်မား လာစေမည့် အလေ့အကျင့်ဖြစ်သည်။ အလေ့အကျင့်တစ်ခုစီကို အမြင်သစ်မြင့်နားလည်လာပြီး ပိုမိုတိုးတက်အောင် ကျင့်ကြံနိုင်လာမည်။

ဖော်ပြထားသော သရုပ်ပြပုံသည် အလေ့အကျင့် ၇ ခု အပြန်အလှန်ဆက်သွယ်နေပုံကို ဖော်ပြလေသည်။ ယင်းအလေ့အကျင့်များ အစဉ်အတိုင်းဆက်သွယ်နေကြပုံနှင့် ပိုမိုဖွံ့ဖြိုးတိုးဝက်လာအောင် အပြန်အလှန်ဆက်သွယ်အကျိုးပြုပုံများကို တင်ပြရာတွင် ဤသရုပ်ပြပုံများကို ဆက်လက်အသုံးပြုသွားပါမည်။ အလေ့အကျင့်တစ်ခုစီ၏ သဘောသဘာဝကိုလည်း ရှင်းလင်းသွားပါမည်။

'ထက်မြက်ထိရောက်ခြင်း' ဟူသည်

အလေ့အကျင့် ၇ ခုသည် ထက်မြက်ထိရောက်စေသောအလေ့အကျင့်များ ဖြစ်သည်။ ယင်းတို့သည် တရားစည်းကမ်းများကို အခြေခံသောကြောင့် ရေရှည်ခံသည့် အမြင့်ဆုံးအကျိုးတရားများကို ဖန်တီးပေးနိုင်လေသည်။ ယင်းတို့သည် လူတစ်ဦး၏အခြေခံစာရိတ္တ ဖြစ်လာပြီး၊ မှန်ကန်စွာသိမြင်နိုင်သည့် စွမ်းအားကို ပိုင်ဆိုင်လာမည်။ ပြဿနာများကို ထိရောက်စွာ ဖြေရှင်းနိုင်လာမည်။ အမြင့်ဆုံးအခွင့်အလမ်းများကို ဖန်တီးနိုင်မည်။ ဆက်လက်တိုးတက်မြင့်မားရန်လည်း အခြားတရားစည်းကမ်းများကို နားလည်ကျင့်သုံးနိုင်လာမည်။ ယင်းတို့သည် ထိရောက်ရေးမြင်သိရှုထောင့်ကို အခြေခံသောကြောင့် ထက်မြက်ထိရောက်မှု အလေ့အကျင့်များလည်း ဖြစ်လေသည်။ ယင်းရှုထောင့်သည် အကျိုးတရားနှင့် 'အကျိုးတရားကို ဖန်တီးခြင်း'တို့ ဟန်ချက်ညီသည့် သဘာဝဥပဒေတစ်ခုနှင့်လည်း သဟဇာတ ဖြစ်လေသည်။ ယင်း ဟန်ချက်ညီစည်းကမ်းကို လူတို့ချိုးဖောက်၍ ဒုက္ခရောက်လေ ရှိလေသည်။ အီစွတ်ပုံပြင်မှ ရွှေဥဿုသည့် ငန်းအကြောင်းကို လေ့လာလျှင် ဤစည်းကမ်းကို လွယ်ကူစွာသဘောပေါက်လာမည်။

ဆင်းရဲသား ယာသမားတစ်ဦးအကြောင်း ဖြစ်လေသည်။ တစ်နေ့တွင် သူသည် မွေးထားသောငန်းက အရောင်လက်နေသော ရွှေတစ်လုံးအုသည်ကို ဥကျင်းတွင် ဘွေ့လေသည်။ ပထမတွင် သူ့မျက်စိကို သူ မယုံပေ။ သို့ဆော်

သူ သေချာစွာလေ့လာစစ်ဆေးသောအခါ ယင်းသည် ရွှေအစစ်ဖြစ်နေသည်ကို တွေ့ရသည်။

ယာသမားသည် သူကံကောင်းပုံကို မယုံနိုင်လောက်အောင် ဖြစ်သွားသည်။ နောက်နေ့တွင်လည်း ရွှေတစ်လုံး တွေ့ရပြန်၍ သူ ပိုမိုအံ့ဩရပြန်သည်။ နောက်နေ့များတွင်လည်း ရွှေတစ်နေ့တစ်လုံး ဆက်လက်ရလေသည်။ သူ အလွန်ပင် ချမ်းသာလာသည်။ အခြေအနေကောင်းလွန်းပုံမှာ မဖြစ်နိုင်ဟုပင် ထင်မြင်စရာ။

သို့သော် သူ တိုးတက်ချမ်းသာလာလေ လောဘပိုကြီးလေ၊ ပိုမိုချမ်းသာလိုလေပင်။ ရွှေများကို နေ့စဉ် စောင့်ယူရသည်ကို စိတ်မရှည်တော့ဘဲ တစ်ကြိမ်တည်း အားလုံးရရန်အတွက် ငန်းကိုသတ်ရန် ယာသမားက ဆုံးဖြတ်လေသည်။ သို့သော် ငန်းကိုခွဲကြည့်သောအခါတွင် အထဲတွင် ရွှေ မရှိပေ။ ရွှေများကို သူ မရနိုင်တော့ပြီ။ ရွှေအုသည့်ငန်းကို သူ သတ်မိလေပြီ။

ဤပုံပြင်သည် သဘာဝဥပဒေတစ်ခု, တရားစည်းကမ်းတစ်ခုကို ဖော်ပြလေသည်။ ထက်မြောက်ထိရောက်ခြင်း အခြေခံအဓိပ္ပာယ်ကို တင်ပြလေသည်။ လူများစုသည် ထက်မြက်ထိရောက်မှုကို ရွှေရှုထောင့်ဖြင့် မြင်လေသည်။ 'ပိုမိုထုတ်လုပ်လေ–ပိုမိုလုပ်ကိုင်လေ–ပိုမိုထိရောက်လေ' ဟု ထင်မြင်လေသည်။

သို့သော် ပုံပြင်တွင်တင်ပြသည့်အတိုင်း တကယ်တမ်းထိရောက်ရန် ၂ မျိုးလိုသည်ကို တွေ့ရပေမည်။ ယင်းမှာ ထုတ်လုပ်သောအရာ (ရွှေများ)နှင့် ထုတ်လုပ်သော အရင်းအနှီး၊ သို့မဟုတ် ထုတ်လုပ်နိုင်မှု(ငန်း)တို့ ဖြစ်လေသည်။

အကယ်၍ သင်လိုက်နာသော ဘဝပုံစံသည် ရွှေများကိုအာရုံစိုက်ပြီး ငန်းကို ဂရုမစိုက်လျှင် မကြာမီ ရွှေထုတ်လုပ်သည့်အရင်းအနှီး ပျောက်ပျက်သွားပေမည်။ တစ်ဘက်တွင်လည်း သင်သည် ငန်းကိုသာဂရုစိုက်ပြီး ရွှေများကို အလေးမထားလျှင် မကြာမီ သင်စားရန်၊ သို့မဟုတ် ငန်းကိုကျွေးရန် ရှိတော့မည် မဟုတ်ပေ။

ထိရောက်ထက်မြက်မှုသည် ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီးတို့ ဟန်ချက်ညီခြင်းအပေါ် မူတည်လေသည်။

ပိုင်ဆိုင်မှု ၃ မျိုး

အခြေခံအားဖြင့် ပိုင်ဆိုင်မှု ၃ မျိုး ရှိလေသည်။ ရုပ်ပိုင်းဆိုင်ရာ, ငွေကြေး ဆိုင်ရာ, လူသားဆိုင်ရာ တို့ဖြစ်သည်။ ယင်းတို့ကို တစ်ခုစီ လေ့လာသွားပါမည်။

လွန်ခဲ့သည့်နှစ်အနည်းငယ်က စာရေးသူ မြက်ရိတ်စက်တစ်လုံး ဝယ်ပါသည်။ ယင်းကိုမထိန်းသိမ်းဘဲ မကြာမကြာ သုံးနေပါသည်။ ယင်းကို j ရာသီမျှ ကောင်းစွာသုံးနိုင်ပါသည်။ ထို့နောက် စက် စတင်ချို့ယွင်းလာပါသည်။ ကျွန်တော် ကြိုးစားပြုပြင်သောအခါ အင်ဂျင်သည် စွမ်းအားတစ်ဝက်ကျော် ပျက်စီးနေသည်ကို တွေ့ရပါသည်။ စက်သည် သုံးမရတော့ပါ။

ကျွန်တော်သည် ထုတ်လုပ်သည့်အရင်းအနှီးတွင် အကုန်ခံပါက၊ ယင်းကို ထိန်းသိမ်းပြုပြင်ပါက ထုတ်ကုန်ကို ကျွန်တော် ရနေပေမည်။ မြက်ခင်း သန့်စင်လုပနေပေမည်။ စက်ကို ကျွန်တော် ဂရုစိုက်ပြုပြင်နေလျှင် အချိန်ကုန်, ငွေကုန် ဖြစ်မည် မဟုတ်ပေ။

ကျွန်တော်တို့သည် ရေတိုအကျိုးကိုသာကြည့်၍ လုပ်ကိုင်ကြသည့်အတွက် ရုပ်ပိုင်းဆိုင်ရာ အဖိုးတန်ပစ္စည်းများဖြစ်သော ကား, ကွန်ပျူတာ, အဝတ်လျှော်စက်, ကိုယ်ခန္ဓာ, ကျွန်တော်တို့၏ပတ်ဝန်းကျင်တို့ပင် ထိခိုက်ပျက်စီးရလေသည်။ ရုပ်ပိုင်းဆိုင်ရာ အရင်းအနှီးတို့ကို အသုံးချရာတွင် ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီးတို့ ဟန်ချက်ညီအောင်အာရုံစိုက်ပါက လွန်စွာထိရောက် အကျိုးထူးလေသည်။

ယင်းသို့ ဟန်ချက်ညီခြင်းသည် ငွေကြေးအရင်းအနှီးကို ထိရောက်စွာ အသုံးချနိုင်ရေးတွင်လည်း လွန်စွာ အရေးပါလေသည်။ လူတို့သည် အကျိုးအမြတ်နှင့် အရင်းအနှီးကို မကြာခဏရောထွေးကြသည်။

အကျိုးများစွာခံစားနိုင်ရန်, လူနေမှုအဆင့်မြင့်မားစေရန် အရင်းအနှီးကိုသင် ထုတ်သုံးလေ့ရှိပါသလား။

အရင်းအနှီးလျော့သွားလျှင် အကျိုးအမြတ်, သို့မဟုတ် ဝင်ငွေလည်း လျော့သွားပေမည်။ ယုတ်လျော့နေသောအရင်းအနှီးသည် တဖြည်းဖြည်းနည်းလာပြီးနောက်ဆုံးတွင် စားသောက်လောက်ရုံပင် ဝင်ငွေရှိတော့မည် မဟုတ်ပေ။

ဝင်ငွေကောင်းအောင် လုပ်ကိုင်နိုင်ခြင်းသည် အဖိုးတန်ဆုံး အရင်းအနှီးပင် ဖြစ်လေသည်။ လုပ်ကိုင်နိုင်သည့်စွမ်းရည် တိုးတက်အောင်မကြိုးစားလျှင် ဝင်ငွေ ကျဆင်းလာမည်ပင်။ သူတစ်ပါးကို မှီခိုနေရမည်။

လူဘဝနယ်ပယ်တွင်လည်း ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီး ဟန်ချက် ညီရန် အရေးကြီးသည်ပင်။ ရုပ်ပိုင်းနှင့် ငွေကြေးအရင်းအနှီးတို့ကို ချုပ်ကိုင်ရသည့် အတွက် ပို၍ပင် အရေးကြီးလေသည်။

အိမ်ထောင်ရေးတွင် အိမ်ထောင်သာယာရေးထက် မိမိအလိုဆန္ဒကို ဦးစား ပေးလာသောအခါ အရေးကြီးသည့် ယဉ်ကျေးယျှင်ဘမှ, ကြင်နာမှုလေးများကို ပစ်ပယ်ထားပြီး၊ မထောက်မညှာ အေးတိအေးစက်ဖြစ်လာတော့သည်။ တစ်ဦးကို တစ်ဦးကြိုးကိုင်ရန် အားထုတ်လာသည်။ ကိုယ့်အလိုဆန္ဒကိုသာ အာရုံစိုက်လာ သည်။ မိမိသာမှန်သည်ဟု ခံယူလာသည်။ တစ်ဘက်သားအပြစ်ကို ရှာဖွေလာ သည်။ အချစ်, အကြင်နာ, ကြည်နူးစရာများ လျော့ပါးလာသည်။ အိမ်ထောင်ရေး အခြေအနေ တစ်နေ့တခြားပျက်ပြားလာတော့သည်။

ကလေးတို့သည် မိဘကို မှီခိုနေရသည်။ သူတို့ကို ပြုစုပျိုးထောင်ရန် မေ့လျော့နေတတ်သည်။ လေ့ကျင့်ပေးရန်, ဆက်သွယ်တတ်ရန်, ပေါင်းသင်း ဆက်ဆံတတ်ရန်, နားထောင်တတ်ရန်အတွက် သင်ကြားပေးရန် လိုအပ်နေပါ သည်။ သူတို့ထံမှ အခွင့်အရေးယူရန်, သူတို့ကိုအသုံးချရန်, မိမိလိုလားသလို လုပ်ဆောင်ရန်မှု လွယ်ကူကောင်းလွယ်ကူနေမည်။ သူတို့ကို. အော်ငေါက် ခြိမ်းခြောက်နိုင်သည်။ မိမိဖြစ်ချင်ရာ ဖြစ်အောင်လုပ်နိုင်သည်။

သို့မဟုတ် သူတို့ကို သင် အလိုလိုက်နိုင်သည်။ သူတို့စိတ်ချမ်းသာအောင် လုပ်ပေးခြင်း, လုပ်ချင်ရာလုပ်ခွင့်ပေးခြင်းဖြင့် သင့်ကို သဘောကျလာအောင် လုပ်နိုင်သည်။ ထိုအခါ သူတို့ စိတ်ဓာတ်အဆင့် နိမ့်လာမည်။ စည်းကမ်းမဲ့, တာဝန်မဲ့ ဖြစ်လာမည်။

ကလေးကို တင်းတင်းကျပ်ကျပ် အုပ်ချုပ်သည်ဖြစ်စေ, အလိုလိုက်သည် ဖြစ်စေ ယင်းကို 'ငန်း'ကို အလေးမထား, 'ရွှေ'ကို ဦးစားပေးသည့် စိတ်သဘော ပင် ဖြစ်လေသည်။ ယင်းသည် သင်လုပ်ချင်ရာ လုပ်နေခြင်း၊ သို့မဟုတ် သင့်ကို

သဘောကျစေလို၍ လုပ်နေခြင်းပင် ဖြစ်လေသည်။ ယင်းသို့လုပ်လျှင် 'ငန်း' မည်သို့ ဖြစ်သွားနိုင်သနည်း။

အရေးကြီးသောဘဝပန်းတိုင်သို့ ရောက်ရှိရန်၊ သို့မဟုတ် မှန်ကန်စွာ ရွေးချယ်တတ်ရေးတွင် လိုအပ်သော တာဝန်သိတတ်မှု, မိမိကိုယ်တိုင် ထိန်းသိမ်းနိုင်မှုနှင့် ယုံကြည်စိတ်တို့ ကလေးတွင် ရှိလာနိုင်ပါမည်လား။ ထိုအခါ ကလေးနှင့် မိဘတို့၏ဆက်ဆံရေး မည်သို့ ဖြစ်လာမည်နည်း။

ကလေးကို ယင်းသို့ဆက်ဆံလာသဖြင့် သူ စဉ်းစားတတ်သည့် ဆယ်ကျော်သက်သို့ ရောက်သောအခါ သူ့စကားကို မိဘက အလေးအနက်ထား နားထောင်သည်ဟု ထင်မြင်ပါမည်လား။ သူ့ကို လေးနက်စွာ တကယ်ဂရုစိုက်သည်ဟု ထင်မြင်ပါမည်လား။ မိဘကို သူ့အကြောင်း တစ်ခုခုနှင့်ပတ်သက်၍ ယုံကြည်စိတ်ချပါမည်လား။ မိဘသည် သူတို့နှင့်တွေ့ရန်, ဆက်သွယ်ရန် သြဇာညောင်းနိုင်လောက်အောင် ဆက်ဆံရေး ကောင်းနိုင်ပါမည်လား။

သင်သည် သင့်သမီး၏အခန်း သန့်ရှင်းစေချင်သည် ဆိုပါစို့။ ယင်းသည် 'ရှေဉ'လိုချင်သည့်သဘောပင် ဖြစ်သည်။ အခန်းကို သမီးကိုယ်တိုင် သန့်ရှင်းရေးလုပ်စေလိုသည် ဆိုပါစို့။ ယင်းသည် 'ထုတ်လုပ်မှုစွမ်းရည်'သဘောပင် ဖြစ်လေသည်။ သင့်သမီးသည် အရင်းအနှီး 'ငန်း'သဘောသက်ရောက်ပြီး 'ရှေဉ'ထုတ်လုပ်သည့်သဘော ဖြစ်လေသည်။

သင်တို့၏ဆက်ဆံရေးသည် ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီး ဟန်ချက်ညီသည့်သဘောရှိလျှင်၊ သမီးသည် တာဝန်နားလည်ကာ၊ သတိပေးစရာမလိုဘဲ အခန်းကို ရှင်လန်းစွာ သန့်ရှင်းရေးလုပ်ပေမည်။ သူမသည် တန်ဖိုးရှိသည့် အရင်းအနှီးဖြစ်ပြီး 'ရှေဉ'အုသည့် ငန်းသဘော သက်ရောက်လေသည်။

အကယ်၍ သင်သည် ထုတ်လုပ်မှုကိုသာအာရုံစိုက်လျှင် အခန်းသန့်ရှင်းရေးအတွက် သူမကို မြည်တွန်တောက်တီးမည်။ ခြိမ်းခြောက်မည်။ သို့မဟုတ် အောက်ငေါက်မည်။ 'ရှေဉ'ရလို၍ 'ငန်း'၏ကျန်းမာရေးနှင့် အဆင်ပြေရေးကို ပျက်ပြားအောင်လုပ်သလို ဖြစ်လေသည်။

ကုန်ထုတ်အရင်းအနှီးအတွေ့အကြုံနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် အဖြစ်လေးတစ်ခုကို တင်ပြလိုပါသည်။ စာရေးသူသည် သားသမီးတစ်ဦးစီနှင့် ပုံမှန် အချိန်ဖြုန်းလေ့ရှိသည်။ ယင်းနေ့ကို ကျွန်တော်တို့မျှော်လင့်နေသလို တွေ့ဆုံ သောအခါမှာလည်း အလွန် ကျေနပ်ပျော်ရွှင်ကြလေသည်။ ထို့ကြောင့် ကျွန်တော့် သမီးထံ ကျွန်တော်ချဉ်းကပ်ကာ ပြောလိုက်သည်။

"သမီးလေး။ ဒီညတော့ သမီးအလှည့်ပဲ။ သမီး ဘာလုပ်ချင်လဲဟင်"

"သြော်–ကောင်းပါတယ်ဖေဖေ"ဟု သူမပြန်ပြောသည်။

"တကယ်ပါ။ သမီး ဘာလုပ်ချင်လဲ။ ပြောပါ"

"သမီးလုပ်ချင်တာ ဖေဖေမှ မလုပ်ချင်ဘဲ"ဟု နောက်ဆုံးတွင် သူမ ဆိုလေသည်။

"တကယ်ပါ သမီးလေး။ သမီးလေး လုပ်ချင်တာ ဖေဖေ လိုက်လုပ်မှာပါ" ဟု ကျွန်တော်က စိတ်အားထက်သန်စွာ ပြောလိုက်သည်။

"ကြယ်တာရာစစ်ပွဲများရုပ်ရှင် သမီး သွားကြည့်ချင်တယ်။ ဒါပေမယ့် ဖေဖေ ဒီရုပ်ရှင်ကားကိုမကြိုက်တာ သမီး သိတယ်။ ဟိုတစ်ခါ သွားကြည့်တာ ဖေဖေ အိပ်ပျော်သွားတယ်လေ။ စိတ်ကူးယဉ်ရုပ်ရှင်တွေ ဖေဖေ မကြိုက်ဘူး။ အရေးမကြီးပါဘူး ဖေဖေရယ်"

"ဟင့်အင်း သမီးလေး။ သမီးလေးကြည့်ချင်ရင် ဖေဖေလည်း ကြည့်မှာ ပေါ့"

"ရပါတယ် ဖေဖေ။ ဒီနေ့ သမီးတို့ ဘယ်မျှမသွားလည်း ဖြစ်ပါတယ်" ဟု သူမကပြောပြီးနောက် ဆက်ပြောလေသည်။

"ဒါပေမယ့် ဒီကားကို ဖေဖေ ဘာကြောင့်မကြိုက်မှန်း ဖေဖေသိရဲ့လား။ 'ဂျယ်ဒီနိုက်'ကို သင်ကြားပေးတာနှင့် သူ့ဒဿနကို ဖေဖေ နားမလည်လို့ပါ"

"ဘာတဲ့လဲ"

"ဖေဖေသင်နေတာပဲ ဖေဖေကသိတယ်။ ဟုတ်ရဲ့လား။ အဲဒီကားလည်း ဒီလိုပဲပေါ့"

"တကယ်လား။ ဒါဆို သွားကြည့်ရအောင်"

ကျွန်တော်တို့ သွားကြည့်ကြသည်။ သမီးလေးက ကျွန်တော့်ဘေးနား ထိုင်ပြီး သူ့အမြင်ကို ပြောပြသည်။ ကျွန်တော်က သူတပည့် နာခံသူ ဖြစ်သွားသည်။ ကျွန်တော် အလွန်စွဲသွားသည်။ ကျွန်တော်သည် ရှုထောင့်သစ်ဖြင့် 'ဂျယ်ဒီနိုက်'* ၏လေ့ကျင့်ရေးအခြေခံဒဿနကို သိမြင်လာသည်။

ဤအတွေ့အကြုံသည် 'ထုတ်ကုန်'အတွက် စီစဉ်လုပ်ဆောင်သည်မဟုတ်ပေ။ 'ကုန်ထုတ်'အရင်းအနှီးမှ အမှတ်မထင်ပေါ်ပေါက်လာသော 'ထုတ်ကုန်'ပင် ဖြစ်လေသည်။ ယင်းသည် သံယောဇဉ်ဖြင့် အလွန်ကျေနပ်ဖွယ် ကောင်းလေသည်။ ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီး ဟန်ချက်ညီခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ဆက်ဆံရေး လွန်စွာကောင်းမွန်သည်။

စာရေးသူတို့မိသားစုတွင် အလွန်ရင်းနှီးသော 'ကာရို'အမည်ရှိ မိတ်ဆွေတစ်ဦးရှိခဲ့သည်။ သူမသည် မျှော်လင့်ချက်မဲ့သော ကင်ဆာရောဂါကို ခံစားနေရစဉ် ၄ နှစ်မျှ သူမနှင့် နီးကပ်စွာဆက်ဆံခဲ့ရသည်။ သူမသည် စာရေးသူ ဇနီး၏သတို့သမီးအရန် လုပ်ခဲ့သည်။ အလွန်ရင်းနှီးစွာ ၂၅ နှစ်မျှ ဆက်ဆံခဲ့ကြသည်။

"အဲဒီစွမ်းအား ကျွန်မမှာရှိနေတာ နောက်ဆုံးမှာ သိမြင်လာပါတယ်။ အဲဒီဆေးခါးကြီးကို မျိုချပြီးနောက် ကျွန်မစိတ်ဆင်းရဲတာ ကျွန်မရွေးချယ်လို့ပဲ ဆိုတာ သိမြင်လာပါတယ်။ ကျွန်မ စိတ်မဆင်းရဲအောင် ကျွန်မရွေးချယ်နိုင်တယ် ဆိုတာကိုလည်း သဘောပေါက်လာတယ်။

"အဲဒီအချိန်မှာပဲ ကျွန်မ မတ်မတ်ရပ်လိုက်ပါတယ်။ 'လူတွေရဲ့ အပြုအမူဟာ ငါ့ကို မထိန်းကျောင်း မလွှမ်းမိုးနိုင်တော့ဘူး'လို့ တစ်ကမ္ဘာလုံးကြားအောင် တောင် အော်ဟစ်လိုက်ချင်တယ်"

ကာရိုကွယ်လွန်ရန် နီးကပ်လာသောအခါ သူမ၏သမိုင်းကိုရေးရန် စာရေးသူ၏ဇနီးသည် သူမ၏နားတွင်နေ၍ ဝိုင်းကူရေးပေးလေသည်။ သူမ၏ သားသမီးများ သင့်လျော်သောအချိန်တွင် ဖတ်ရှုရန်ပင် ဖြစ်သည်။ ယင်းသို့

* Jedi Knight.

ဝိုင်းကူရေးစဉ် စာရေးသူ၏ဇနီးသည် ကာရိ၏ဆန္ဒနှင့်သတ္တိတို့ကို မလေးစား မချီးကျူး မအံ့သြဘဲ မနေနိုင်ပေ။

ယင်းသို့ရေးတော့မည်ဆိုလျှင် ကာရိသည် စိတ်တည်ငြိမ်စေရန် အကိုက် အခဲပျောက်ဆေး အနည်းငယ် သောက်လေသည်။ ထို့နောက် သူမပြောလိုသည်ကို အသံဖမ်းစက်တွင် လေသံဖြင့် ပြောသည်။ သို့မဟုတ် စာရေးသူ၏ဇနီးက လိုက် ရေးသည်။ ကာရိသည် ရည်မှန်းချက်ကြီးမားသည်။ သတ္တိရှိသည်။ သူတစ်ပါးကို အလွန်ဂရုစိုက်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ရှိလူများ သူမကို ရိုသေလေးစား ကြသည်။

သူမ မကွယ်လွန်မီ တစ်နေ့တွင် စာရေးသူ သူမကို သွားကြည့်သေးသည်။ မျက်တွင်းဟောက်ပက်နှင့် ခံစားနေရသော သူမ၏မျက်နှာတွင် လူသားတစ်ဦး၏ ပင်ကိုစွမ်းအားကို မြင်ရ၍ စာရေးသူ မေ့နိုင်တော့မည် မဟုတ်ပါ။ သူမ၏မျက်နှာ တွင် ခိုင်မာသောစာရိတ္တ, ကူညီစောင့်ရှောက်မှု, စေတနာ, မေတ္တာ, နှစ်ခြိုက်မှုများ ပေါ်လွင်နေပါသည်။

လူအချို့သည် ဘဝတစ်လျှောက်လုံး သေဆုံးခါနီးတိုင် မြင့်မြတ်သော နှလုံးသား, အကြင်နာ, မေတ္တာ, စေတနာတို့ဖြင့် သူတစ်ပါးအကျိုးကို ဆောင်ရွက် လေသည်။ ဤသို့သော ပုဂ္ဂိုလ်မျိုးကို မြင်ဖူးပါသလားဟု လူစုလူဝေးတို့တွင် စာရေးသူ မကြာခဏ မေးဖူးလေသည်။ များသောအားဖြင့် ပရိသတ်ထဲမှ ၄ ပုံ ၁ ပုံသည် တွေ့မြင်ဖူးကြောင်း တုံ့ပြန်လေသည်။ ယင်းသို့တွေ့မြင်ရ၍ လေးစား အားကျကာ အနည်းဆုံး ယာယီမျှပင်ဖြစ်စေ၊ အကြင်နာ, မေတ္တာစိတ်မွေးပြီး သူတစ်ပါးကိုကူညီကြောင်း ဝန်ခံကြလေသည်။

မှန်ကန်သောတရားစည်းကမ်းတစ်ခု၏ လွန်စွာအဖိုးတန်သောအချက် များမှာ အခြေအနေအမျိုးမျိုးတွင် မှန်ကန်အသုံးဝင်နေခြင်းပင် ဖြစ်လေသည်။

ဤစာအုပ်တွင် ယင်းစည်းကမ်းများသည် မိသားစုအပါအဝင် အဖွဲ့အစည်း များ, တစ်ဦးချင်းများတို့တွင် အသုံးဝင်ပုံများကို တင်ပြထားပါသည်။

အဖွဲ့အစည်းများ၌ ရုပ်ပိုင်းဆိုင်ရာပစ္စည်းများကို အသုံးပြုရာတွင် ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီးဟန်ချက်ညီမှုကို ဂရုမစိုက်လျှင် အဖွဲ့အစည်းဆိုင်ရာ

ထက်မြက်ထိရောက်မှု ကျဆင်းလာပြီး၊ အသက်ငင်နေသော 'ငန်:' သာကျန်တော့သည်။

ဥပမာအားဖြင့် စက်တစ်လုံးကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အရင်းအနှီးတစ်ခုကို ကိုင်တွယ်နေသောလူတစ်ဦးသည် အထက်လူကြီးများ၏ မျက်နှာသာပေးခြင်းကို ရလိုပေမည်။ ကုမ္ပဏီသည် လျင်မြန်စွာတိုးတက်နေပြီး၊ ရာထူးတိုးလည်း မြန်နေပေမည်။ ထို့ကြောင့် သူ့စက်ကို အနားပေးထိန်းသိမ်းရန် ဂရုမစိုက်ဘဲ အစွမ်းကုန်အသုံးချသည်။ စက်ကို နေ့ရောညပါ သုံးသည်။ ထုတ်ကုန် ထူးခြားစွာတိုးတက်လာပြီး ကုန်ကျစရိတ်ကျဆင်းလာသည်။ အကျိုးအမြတ် မြင့်မားလာသည်။ မကြာမီ သူရာထူးတက်သွားသည်။ 'ရှေဥ'များပင် ဖြစ်လေသည်။

သို့သော် သူ့နေရာကို သင် ဆက်ခံသည်ဆိုပါစို့။ သင်သည် အသက်ငင်နေသော 'ငန်:'ကို အမွေဆက်ခံသည့်ပမာ၊ သံချေးတက်, ကျိုးပျက်ခါနီးစက်ကို လက်ခံရပေမည်။ ယင်းစက်ကို ပြန်လည်ပြုပြင်ရန် ငွေများစွာ အသုံးပြုရပေမည်။ ကုန်ကျစရိတ် မြင့်တက်လာမည်။ အကျိုးအမြတ် နိမ့်သွားမည်။ အကျိုးအမြတ်နည်းလာ၍ မည်သူ အပြစ်တင်ခံရမည်နည်း။ သင့်ရှေ့ကလူသည် အရင်းအနှီးကို ဖျက်ဆီးသော်လည်း ငွေစာရင်းမှာ အထွက်တိုးသည့် အကျိုးအမြတ်ကိုသာ ဖော်ပြလေသည်။ ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီး ဟန်ချက်ညီမှုသည် အလွန်အရေးကြီးလေသည်။

ပင်လယ်ခရ ၁၂ မျိုးဟင်းချိုရောင်းသည့် စားသောက်ဆိုင် တစ်ဆိုင်ကို စာရေးသူ တွေ့ဖူးသည်။ နေ့စဉ် နေ့လယ်စာစားချိန်တွင် လာရောက် စားသောက်သူ ပြည့်ကျပ်နေသည်။ ထို့နောက် ယင်းဆိုင်ကို အခြားလူတစ်ဦး ဝယ်လိုက်သည်။ ဆိုင်ရှင်သစ်သည် အကျိုးအမြတ်ကိုသာကြည့်ပြီး ရောင်းသည်။ ပစ္စည်းအရည်အသွေးကို ဂရုမစိုက်ပေ။ တစ်လမျှသာ ကုန်ကျစရိတ်ကျဆင်းပြီး အမြတ်ခေါင်ခိုက်သွားသည်။ သို့သော် ဖောက်သည်များ တဖြည်းဖြည်း လျော့ပါးလာသည်။ ယုံကြည်မှုမရှိတော့၍ လုပ်ငန်းဆုတ်ယုတ်၍ ပျက်ပြားသွားသည်။ လုပ်ငန်းပြန်ကောင်းရန် ဆိုင်ရှင်သစ် အပြင်းအထန်ကြိုးစားသည်။ သို့သော် သူ့ဖောက်သည်များကို ဂရုမစိုက်ခဲ့ပေ။ သူတို့ ယုံကြည်မှုပျက်ပြားအောင် လုပ်ဆောင်ခဲ့သည်။

ထို့ကြောင့် ဖောက်သည်များ စိတ်ပျက်စွန့်ခွာကုန်သည်။ 'ရွှေ' အုသည့်ငန်း သေလေပြီ။

ဖောက်သည်များကို အလေးထားသော်လည်း ဖောက်သည်များနှင့်ဆက်ဆံရသည့် ဝန်ထမ်းလုပ်သားများကို လုံးဝပစ်ပယ်သည့်အဖွဲ့မျိုးလည်း ရှိလေသည်။ ကုန်ထုတ်အရင်းအနှီးစည်းကမ်းမှာ အကောင်းဆုံးသင့်ဖောက်သည်ကို သင် ဆက်ဆံစေချင်သလို သင့်လုပ်သားများက ဆက်ဆံလာစေရန် သူတို့ကိုလည်း သင်ဆက်ဆံပါဟူ၍ပင် ဖြစ်သည်။

လူတစ်ဦးကို သင် ခိုင်းစေနိုင်သော်လည်း သူ့နှလုံးသားကို ခိုင်းစေနိုင်မည် မဟုတ်ပေ။ သူ့နှလုံးသားတွင် စိတ်အားထက်သန်မှုနှင့် သစ္စာစောင့်သိမှုတို့ ရှိနေသည်။ တီထွင်ဉာဏ်, ထူးခြားသည့်ဉာဏ်နှင့် စွမ်းရည်တို့ရှိနေသည့် သူ့ဦးနှောက်ကိုလည်း သင် ဝယ်ယူနိုင်မည် မဟုတ်ပေ။

ဖောက်သည်များကို စေတနာထားပြီး သင် ဆက်ဆံသလို၊ ဝန်ထမ်းလုပ်သားများကိုလည်း သင်ဆက်ဆံဖို့သည် ကုန်ထုတ်အရင်းအနှီး၏သဘောပင် ဖြစ်လေသည်။ သို့မှသာ စိတ်ပါလက်ပါ သူတို့ လုပ်ကိုင်ကြပေမည်။

တစ်ကြိမ်တွင် လူစုထဲမှတစ်ယောက်က မေးလေသည်။

"ပျင်းရိပြီး မကျွမ်းကျင်တဲ့လုပ်သားတွေကို ဘယ်လိုစီမံမလဲ"

တစ်ဦးက ဤသို့တုံ့ပြန်လေသည်။

"မောင်းထုတ်လိုက်တာပေါ့"

သူ့အပြောကို အခြားသူများက သြဘာပေးကြသည်။ ပြောင်းလဲခြင်းသို့မဟုတ် မောင်းထုတ်အုပ်ချုပ်နည်းကို အားပေးကြသည်။

သို့သော် အခြားတစ်ဦးက မေးပြန်သည်။

"ဒီတော့ ဘာတွေဖြစ်သွားလဲ"

"ဘာမျှ မဖြစ်ဘူး"

"ဒါဖြင့် ဖောက်သည်တွေကို ဘာကြောင့် ဒီလိုမလုပ်လဲ"

"ဒီလိုသာ ပြောလိုက်။ 'မဝယ်ချင်ရင်' ထွက်သွားပါ"

"ဖောက်သည်တွေကို ဒီလိုလုပ်လို့ မရပါဘူး"ဟု သူပြောသည်။

"ကောင်းပြီ။ ဝန်ထမ်းတွေကိုကော ဒီလိုလုပ်လို့ရမလား;"

"သူတို့က ကိုယ့်လက်အောက် ဝန်ထမ်းတွေလေ"

"ဟုတ်ပြီ။ ဝန်ထမ်းတွေက မင်းအပေါ် သစ္စာရှိရဲ့လား။ သူတို့ အလုပ်ကြိုးစားရဲ့လား"

"ဘယ်ရှိမလဲ။ ခွင့်ယူသူတွေ, အချောင်ခိုနေသူတွေပဲ များတယ်။ ဂရုမစိုက်ကြဘူး"

သူတစ်ပါး စိတ်ပါလက်ပါကူညီလုပ်ကိုင်လာအောင် ထုတ်ကုန်(အကျိုး)ကိုအာရုံစိုက်သည့် သဘောထားအမြင်သည် လုံးဝမလုံလောက်ပေ။ ရေတိုအကျိုးသည် အရေးကြီးသော်လည်း အဓိကမကျပေ။

ထိရောက်ဖြစ်ထွန်းရေးတွင် ဟန်ချက်ညီရန် လိုပေသည်။ ထုတ်ကုန်ကို ဦးစားပေးလွန်းလျှင် ကျန်းမာရေးထိခိုက်လာမည်။ စက်ကိရိယာ ယိုယွင်းလာမည်။ ဘဏ္ဍာအပ်ငွေ ကုန်ခမ်းလာမည်။ ဆက်ဆံရေး ပျက်ပြားလာမည်။

'ကုန်ထုတ် အရင်းအနှီးကိုသာ အာရုံစိုက်လွန်းခြင်းသည် အသက်တိုနိုင်သည်ကို နားမလည်ဘဲ၊ အသက် ၁၀ နှစ်ခန့် ပိုရှည်လာမည်ထင်ကာ တစ်နေ့ ၃-၄ နာရီပြေးနေသူနှင့် တူလေသည်။ သို့မဟုတ် စာပေသာလေ့လာနေပြီး၊ အခြား ဘာမျှမလုပ်သူနှင့် တူလေသည်။

ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီး ဟန်ချက်မျှနေစေရန် ရွှေ(ထုတ်ကုန်)နှင့် 'ငန်း'ကျန်းမာကောင်းမွန်ရေး(ကုန်ထုတ်အရင်းအနှီး) ဟန်ချက်ညီစေရန် အခက်အခဲ တွေ့ရလေ့ရှိသည်။ သို့သော် ယင်းသည် ထက်မြက်ထိရောက်ရေး၏ အနှစ်သာရ ဖြစ်လေသည်။ ယင်းသည် ရေတိုနှင့် ရေရှည်အကျိုးစီးပွားကို ဟန်ချက်ညီစေသည်။ ပညာရေးတွင်အဆင့်မြင့်လိုလျှင် ကြိုးပမ်းအားထုတ်မှု တန်ဖိုးပေးရပါမည်။အခန်းသန့်ရှင်းစေလိုလျှင် အခန်းနေသူ တာဝန်သိလာအောင်, သူတစ်ပါးသတိမပေးရဘဲ ရှင်လန်းစိတ်ပါစွာလုပ်ချင်လာအောင် သင်ကြားထားရပါမည်။

ရွှေဈေးသည့် ငန်းပုံပြင်ပမာ၊ ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီးတို့ ဟန်ချက်မညီလျှင် လိုအပ်သောအကျိုးတရားကို ခံစားရမည်မဟုတ်ပေ။ သို့သော်

နေ့ဘက်တွင် အလုပ်ကောင်းစွာလုပ်နိုင်ရန်၊ ညဘက်တွင် အိပ်ရေးဝ ရပေမည်။ ဤစည်းကမ်းမှန်ကန်သည်ကို သင့်ဘဝတစ်လျှောက်တွင် တွေ့နေရပေမည်။

ဆက်ဆံရေးတွင် သင့်အလိုဆန္ဒကိုသာ ဦးစားပေးနေလျှင် ရေရှည်အောင်မြင်မည် မဟုတ်ပေ။ သို့မဟုတ် ဆက်ဆံရေးပြေလည်အောင် ကြိုးစားထားပါက အကျိုးတူ လုပ်ကိုင်လာမည်။ ဆက်သွယ်နိုင်လာမည်။ လျင်မြန်စွာ အောင်မြင်လာမည်။

ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီး ဟန်ချက်ညီခြင်းသည် ထိရောက်ထက်မြက်မှုအနှစ်သာရ ဖြစ်လေသည်။ ၎င်းသည် ဘဝနယ်ပယ်အသီးသီးတွင် အခြေခိုင်မာနေလေသည်။ ၎င်းစည်းကမ်းနှင့်အညီ နေထိုင်သူရှိသလို၊ ဆန့်ကျင်နေသူလည်း ရှိလေသည်။ သို့သော် ၎င်းစည်းကမ်းသည် မီးပြတိုက်တစ်ခုလို အစဉ်ရှိနေသည်။ ၎င်းသည် ထိရောက်ထက်မြက်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ရှုထောင့်ဖြစ်ပြီး၊ ၎င်းကို ဤစာအုပ်၏ အလေ့အကျင့် ၇ ခုဖြင့် အခြေခံထားလေသည်။

ဤစာအုပ်ကို အသုံးပြုနည်း

စွမ်းရည် လွန်စွာမြင့်မားသူတို့၏အလေ့အကျင့်ကို မလေ့လာမီ ဤစာအုပ်မှ အကျိုးကျေးဇူးကို မျှားစွာခံစားနိုင်ရန် အောက်ပါနည်းလမ်း ၂ ခုကို လိုက်နာဖို့ အကြံပြုလိုပါသည်။

ပထမ။ ဤစာအုပ်ပါ သဘောတရားကို စာအုပ်တစ်အုပ်မျှသာ သဘောထားပြီး တစ်ကြိမ်ဖတ်ကာ စာအုပ်စင်တွင် သိမ်းမထားလိုက်ပါနှင့်။

စာအုပ်၏ဆိုလိုချက်ကို အကြမ်းမျှသဘောပေါက်ရန် အစမှ အဆုံးတိုင် တစ်ကြိမ် ဖတ်ရှုနိုင်ပါသည်။

ဤစာအုပ်ကို ဘဝပြောင်းလဲတိုးတက်ရေးအတွက် အဖော်တစ်ဦးအနေဖြင့် အသုံးချရန် ရည်ရွယ်တင်ပြထားပါသည်။

အလေ့အကျင့်တစ်ခုကို တင်ပြပြီးတိုင်း လက်တွေ့လိုက်နာလုပ်ဆောင်ရန် အကြံပေးချက်များ တင်ပြထားပါသည်။

အလေ့အကျင့်တစ်ခု၏ စည်းကမ်းများကို ပိုမိုသဘောပေါက်စေရန် မကြာခဏပြန်ဖတ်ပါ။ လိုက်နာကျင့်ကြံပါ။

ဒုတိယ။ လေ့လာပြီးသောစည်းကမ်းများကို အခြားသူတစ်ဦးအား ပြန်လည်ပြောပြပါ။ သင်ပြပါ။ အတွင်းမှ အပြင်သို့ချဉ်းကပ်နည်းကို အသုံးချပါ။ သူတစ်ပါးနှင့် ပြန်လည်ဆွေးနွေးရန်ရည်ရွယ်ချက်ဖြင့် ဖတ်ရှုပါ။ လေ့လာပြီး ၄၈ နာရီအတွင်း တစ်ဦးဦးနှင့် ဆွေးနွေးပြောပြပါ။

ဥပမာ ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီး ဟန်ချက်ညီစည်းကမ်းကို သင်ဖတ်ရှုပြီးနောက် ၄၈ နာရီအတွင်း လူတစ်ဦးနှင့် ဆွေးနွေးလျှင် မည်မျှ အကျိုးရှိလာမည်ကို သိနိုင်လာပါမည်။ ကောင်းစွာမှတ်မိနေစဉ် ယနေ့ သို့မဟုတ် နောက်နေ့တွင် သင့်ဇနီးခင်ပွန်း, သားသမီး, လုပ်ဖော်ကိုင်ဖက်, မိတ်ဆွေ သူငယ်ချင်းတစ်ဦးနှင့် ဆွေးနွေးရန်ရှိသကဲ့သို့ ဖတ်ရှုပါ။ မည်သို့အကျိုးရှိ ခံစားလာရသည်ကို သတိထားကြည့်ပါ။

လာမည့်အခန်းများကိုလည်း ဤအနည်းအတိုင်း လိုက်နာကျင့်ကြံလျှင် ဖတ်ရှုခဲ့သည်ကို ပိုမိုမှတ်မိရုံသာမက အမြင် ကျယ်ပြန့်လာမည်။ နက်နဲစွာနားလည်လာမည်။ လက်တွေ့အသုံးချလိုစိတ် ပြင်းပြလာမည်။

ထို့အပြင် အခြားသူတို့နှင့် ဤသို့ ပွင့်လင်းရိုးသားစွာဆွေးနွေးသဖြင့် အခြားလူများက သင့်အပေါ် အမြင်ကြည်လာသည်ကို အံ့ဩဖွယ်တွေ့လာရမည်။ သင် ဆွေးနွေးသင်ကြားသူများသည် သင် ပြောင်းလဲတိုးတက်နေသည်ကို သတိထားမိလာကြမည်။ အလေ့အကျင့် ၇ ခုကို အခြားလူနှင့် အတူဖြစ်စေ သင် လိုက်နာကျင့်ကြံသောအခါ လူတို့သည် သင့်ကို ပိုမိုကူညီ ထောက်ခံအားပေးလာကြမည်။

သင်ပိုင်ဆိုင်နိုင်သော စွမ်းအားများ

နောက်ဆုံးခွဲခြမ်းစိတ်ဖြာလျှင် မာရီလင်ဖာဂူဆင်* သုံးသပ်သလိုပင် ဖြစ်လေသည်။

'သူတစ်ပါးက သင့်ကို ပြောင်းလဲလာအောင် မစည်းရုံးနိုင်ပါ။ ပြောင်းလဲလိုသူကိုယ်တိုင် အတွင်းမှ စတင်ပြောင်းလဲရပါမည်။ ငြင်းခုံ၍ဖြစ်စေ၊ ဆွဲဆောင်၍ဖြစ်စေ သူတစ်ပါးက ပြောင်းလဲလာအောင် မလုပ်နိုင်ပါ'

သင် ပြောင်းလဲတိုးတက်လို၍ အလေ့အကျင့် ၇ ခု၏ တရားစည်းကမ်းတို့ကို နားလည်လိုက်နာကျင့်ကြံလျှင် သင့်ဘဝ ပြောင်းလဲတိုးတက်လာမည်မှာ အမှန်ပင် ဖြစ်လေသည်။

ပထမတွင် တိုးတက်မှုနှေးကွေးသော်လည်း အကျိုးကျေးဇူးကား ကြီးမားနေမည်ပင်။ ထုတ်ကုန်နှင့် ကုန်ထုတ်အရင်းအနှီး ဟန်ချက်ညီအောင် အားထုတ်လျှင်ပင် တစ်ဦးချင်းနှင့် အဖွဲ့အစည်းတို့အတွက် မည်မျှအကျိုးဖြစ်ထွန်းသည်ကို သင် သဘောပေါက်လောက်ပါပြီ။

ပထမအလေ့အကျင့် ၃ ခုကို လိုက်နာကျင့်ကြံလျှင် မိမိကိုယ်ကို ယုံကြည်မှု ထူးခြားစွာတိုးတက်လာပြီး မိမိကိုယ်ကို အောင်နိုင်လာမည်။ မိမိကိုယ်ကို နက်နဲစွာ, ပိုမိုအဓိပ္ပာယ်ပြည့်ဝစွာ နားလည်လာမည်။ မိမိ၏သဘာဝ, အနက်နဲဆုံးသော တန်ဖိုး, အကျိုးပြုနိုင်သည့် ထူးခြားစွမ်းရည်တို့ကို သိမြင်လာမည်။ ယင်းသို့ကျင့်ကြံနေထိုင်လျှင် သင့်ကိုယ်ပိုင်အနေအထား, သမာဓိ, ထိန်းသိမ်းမှု, အတွင်းမှ လမ်းညွှန်မှုတို့ကြောင့် သင့်ဘဝငြိမ်းချမ်းလာပြီး လွန်စွာ စိတ်ချမ်းသာလာမည်။ မိမိ၏တန်ဖိုးသည် သူတစ်ပါးနှင့် နှိုင်းယှဉ်ခြင်း, သူတစ်ပါးအယူအဆအပေါ် မူမတည်ဘဲ၊ ကိုယ်ပိုင်အပေါ်တွင်သာ မူတည်သည်။ သူတစ်ပါးက မိမိအားမည်သို့ထင်မြင်သည်ကို သင် အလေးထားတော့မည် မဟုတ်ပေ။

သူတစ်ပါးနှင့်ဆက်ဆံရေးတွင် အခြားလူများက လောကကြီးနှင့် သူတို့ကိုယ်တိုင် မည်သို့ထင်မြင်ကြသည်ကိုသာ သင် အလေးထားတော့မည်။ ထိုမျှ

* Marilyn Ferguson

သာမက သင်၏နက်ရှိုင်းသော အတွင်းတစ်နေရာတွင် ခိုင်မာသောစွမ်းအားရှိသော ကြောင့် ပြောင်းလဲရန် သင် ပိုမိုလိုလားလာပြီး၊ ပို၍လည်း လွယ်ကူလာမည်။

သူတစ်ပါး(လူအများ)ကို အောင်နိုင်စေသည့် နောက်အလေ့အကျင့် ၃ ခုကို လိုက်နာကျင့်ကြံသောအခါ ပြည်လည်တည်ထောင် ကုစားနိုင်သည့်ဆန္ဒနှင့် စွမ်းရည် များတိုးပွားလာပြီး၊ ယင်းတို့ ပိုမို လေးနက်လာမည်။ ပိုမို ခိုင်မာလာမည်။ ပိုမို တိတ်ဆိတ်ဖန်တီးနိုင်လာမည်။ ပိုမို စွန့်စားလုပ်ဆောင်လာနိုင်မည်။

အလေ့အကျင့် နံပါတ် ၇ ကို လေးနက်စွာ လိုက်နာကျင့်ကြံသောအခါ ရှေ့ပိုင်းအလေ့အကျင့် ၆ ခုသည် ပိုမိုဆန်းသစ်လာပြီး၊ သင် အမှန်တကယ် လွတ်လပ်လာမည်။ အကျိုးဖြစ်ထွန်းအောင် ပူးပေါင်းဆောင်ရွက်နိုင်လာမည်။ ယင်းအလေ့အကျင့်ဖြင့် သင့်တွင် စွမ်းအားများ အစဉ်ရှင်သန်နေမည်။

လက်ရှိ သင့်အခြေအနေ မည်သို့ပင်ဖြစ်နေပါစေ၊ ဖော်ပြပါအလေ့အကျင့် တို့ကို သင် ပိုင်ဆိုင်နိုင်ပါသည်။ ရှုံးနိမ့်စေသည့် အပြုအမူ ပုံစံဟောင်းများကို သစ်လွင်သော ပုံစံထိရောက်သောအလေ့အကျင့်သစ်များ, ပျော်ရွှင်မှုများ, ယုံကြည်မှု အခြေခံသော ဆက်ဆံရေးများဖြင့် သင် အစားထိုးနိုင်လာမည်။

ဤအလေ့အကျင့်တို့ကို လေ့လာပြီးနောက် သင့်ဘဝ ပြောင်းလဲတိုးတက် ရေးအတွက် သေချာစွာလိုက်နာကျင့်ကြံရန် အကြံပြု အားပေးလိုပါသည်။ စိတ်ရှည် စွာလိုက်နာပါ။ ဘဝတိုးတက်ရေးသည် သိမ်မွေ့ညင်သာသည်။ မြင့်မြတ်တန်ဖိုး ကြီးသည်။ အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုလည်း ဖြစ်လေသည်။

ဖြတ်လမ်းနည်းများ မဟုတ်ပါ။ သို့သော် လိုက်နာကျင့်ကြံလျှင် စိတ်အား တက်လောက်အောင် ချက်ချင်းလိုပင် အကျိုးကျေးဇူးများကို အသေအချာ ခံစား ရမည်။

သောမတ်ပိန်း* က ဤသို့ဆိုလေသည်။

"သိပ်လွယ်လွယ်ရတာတွေကို ကျွန်တော်တို့ သိပ် တန်ဖိုးမထားတတ်ဘူး။ ဈေးကြီးမှသာ တန်ဖိုး ရှိတယ်။ တန်ရာတန်ဖိုးပေးဆပ်ရမှာ သဘာဝတရား ဖြစ်တယ်"

* Thomas Paine

အပိုင်း ၂

မိမိကိုယ်ကို အောင်နိုင်ခြင်း

လူဟာ အသိတရားနှင့် ကြိုးစားရင်
ဘဝမြင့်မားလာနိုင်တဲ့ အရည်အချင်းရှိတာ
မြင်ကွယ်နိုင်တဲ့အတွက်၊ ဒါထက် အားတက်ဖွယ်
ကောင်းတဲ့ အမှန်တရားကို
ကျွန်ပ် မတွေ့ဖူးသေးပါ။

ဟင်နရီဒေးဗစ်သော်ရိုး*

* Henry David Thoreau

အလေ့အကျင့် ၁

လိုအပ်သလို လုပ်ဆောင်ခြင်း





ပုဂ္ဂိုလ်ရေးအမြင်၏ သဘောတရားများ

ဤစာအုပ်ကို သင်ဖတ်နေစဉ် မိမိကိုယ်မှ ခွဲခွာရပ်တည်နိုင်အောင် ကြိုးစားကြည့်ပါ။ အခန်းထောင့် အထက်တစ်နေရာတွင် သင့်စိတ်ကို ကြိုးစားထားပြီး သင်စာထိုင်ဖတ်နေသည်ကို သင့်စိတ်မျက်စိဖြင့် မြင်ကြည့်ပါ။ သင့်ကိုယ်ကို သင် အခြားလူတစ်ယောက်နီးပါးလို မြင်နေရပါသလား။

အခြားတစ်မျိုး ထပ်စမ်းကြည့်ပါ။ ယခု သင့်စိတ်အခြေအနေ မည်သို့ရှိသည်ကို စဉ်းစားပါ။ ယင်းကို စဉ်းစားလို့ရပါသလား။ ဘာတွေ ခံစားနေရပါသလဲ။ သင့်စိတ်အခြေအနေ ယခု မည်သို့ရှိသည်ကို ဖော်ပြနိုင်ပါမည်လား။

ယခု သင့်စိတ် အလုပ်လုပ်နေပုံကို တစ်မိနစ်ခန့် စဉ်းစားပါ။ မြန်ဆန်နိုးကြားနေပါသလား။ သင်သည် ဤစိတ်လေ့ကျင့်ခန်းလုပ်နေပြီး ယင်းမှ အကျိုးတရား မည်သို့ရနိုင်သည်ကိုစဉ်းစားနေကြောင်း သတိထားမိပါသလား။

ယခုလို သင်လုပ်နိုင်သည်မှာ လူသား၏တစ်မူထူးခြားချက်ပင် ဖြစ်လေသည်။ ဤအရည်အချင်းမျိုး တိရစ္ဆာန်များတွင် မရှိပါ။ ယင်းသည် မိမိကိုယ်ကို သိမြင်ခြင်း၊ သို့မဟုတ် သင် ဘာစဉ်းစားနေသည်ကို စဉ်းစားနိုင်သည့်အရည်အချင်းပင် ဖြစ်လေသည်။ ဤသည်မှာ အရာအားလုံးအပေါ် လူသားများလွှမ်းမိုးနိုင်သည့် အကြောင်းတရားပင် ဖြစ်လေသည်။ လူသားများ ခေတ်အဆက်ဆက် ထင်ရှားစွာတိုးတက်လာသည်မှာလည်း ဤအကြောင်းကြောင့်ပင် ဖြစ်လေသည်။

ဤအကြောင်းကြောင့် ကျွန်တော်တို့သည် မိမိတို့၏အတွေ့အကြုံနှင့် အခြားလူတို့၏အတွေ့အကြုံများကို တန်ဖိုးဖြတ်ခြင်း, သင်ယူခြင်း ပြုနိုင်လေသည်။ ဤအကြောင်းကြောင့်ပင် ကျွန်တော်တို့ အလေ့အကျင့်များကို ရယူနိုင်သည်။ ပယ်ဖျက်နိုင်သည်။

ကျွန်တော်တို့၏ခံစားချက်များသည် ကျွန်တော်တို့ မဟုတ်။ ကျွန်တော်တို့၏စိတ်အခြေအနေသည် ကျွန်တော်တို့ မဟုတ်။ ကျွန်တော်တို့၏အတွေးအမြင်သည်ပင် ကျွန်တော်တို့ မဟုတ်ပါ။ ဤအရာများကို ကျွန်တော်တို့ စဉ်းစားနိုင်ခြင်းကပင် ကျွန်တော်တို့သည် တိရစ္ဆာန်ကမ္ဘာမှ ခွဲခြားနေကြောင်း ပြသနေလေသည်။ မိမိကိုယ်ကိုသိမြင်နိုင်သည့်အတွက် ကျွန်တော်တို့သည် မိမိကိုယ်ကို ရှုမြင်ပုံကိုပင် စစ်ဆေးသုံးသပ်နိုင်လေသည်။

မိမိကိုယ်ကိုသိမြင်ခြင်းသည် ထက်မြက်ထိရောက်ရေးတွင် အလွန်ရေးပါလေသည်။ ယင်းသည် ကျွန်တော်တို့၏သဘောထားနှင့် အပြုအမူကို လွှမ်းမိုးရုံမျှမက အခြားလူများအား ကျွန်တော်တို့ရှုမြင်ပုံကိုလည်း ထိန်းကျောင်းလေသည်။ ဤနည်းဖြင့် လူသားတို့၏အခြေခံသဘာဝကို ကျွန်တော်တို့ သိမြင်လေသည်။

လူသည် မိမိနှင့် အခြားလူတို့အား မည်သို့ရှုမြင်သည်ကို နားလည်မှသာ အခြားလူများ၏သူတို့လောက, သူတို့ကိုယ်ကို မည်သို့ရှုမြင်သည်ကို နားလည်

နှိုင်မည်။ ယင်းသို့နားမလည်ပါက သူတစ်ပါးနှင့်ဆက်ဆံရာတွင် မိမိအမြင်သာ ဓမ္မဓိဋ္ဌာန် ကျသည်ဟု ထင်မြင်နေပေမည်။ ထိုအခါ သူတစ်ပါးနှင့်ဆက်ဆံရေး ထိခိုက်လာပြီး စွမ်းရည်များသိသာစွာ ကျဆင်းလာမည်။

လူမှုကြေးမုံ

လူသည် မိမိကိုယ်ကို ရှုမြင်ရာ၌ လူမှုကြေးမုံကိုအခြေခံလျှင်၊ တစ်နည်းအား ဖြင့် လက်ရှိ လူမှုရေးရှုထောင့်, ပတ်ဝန်းကျင်ရှိ လူတို့၏အမြင် အယူအဆများနှင့် မြင်သိရှုထောင့်များကို အခြေခံလျှင် မိမိကိုယ်ကိုပြန်မြင်ပုံသည် ပျော်စရာကြည့် ရသော အရူးမှန်ထဲတွင် မိမိကိုယ်ကိုမြင်ရသလို ဖြစ်နေပေမည်။

"မင်း ဘယ်တော့မှ အချိန်မမီဘူး"

"ဒါတွေကိုတောင် စနစ်တကျမထားတတ်ဘူးလား"

"မင်းဟာ အနုပညာသမားပဲ"

"မြင်းတစ်ကောင်လို စားနေတယ်"

"မင်းနိုင်တယ်ဆိုတာ ငါမယုံဘူး"

"ဒါ သိပ်လွယ်တာပဲ။ ဒါတောင် နားမလည်ဘူးလား"

လူတို့သည် များသောအားဖြင့် အခြေအနေတို့၏ဆုံးဖြတ်ခြင်းကို ခံနေ ရသည်ဟု လက်ရှိ လူမှုမြင်သိရှုထောင့်က ဆိုလေသည်။ မိမိတို့ဘဝတွင် အခြေ အနေသည် လွန်စွာ စွမ်းအားကြီးမားသည်။ ယင်း၏ဆုံးဖြတ်ခြင်းကို ခံနေရသည်။ ယင်း၏အရှိန်သြဇာကို မိမိတို့ မထိန်းကျောင်းနိုင်ဟု အသိအမှတ်ပြုလျှင် အလွန် ကွဲပြားခြားနားသောအမြင်ပင် ဖြစ်လေသည်။

လူမှုရေးအမြင် ၃ မျိုး ရှိလေသည်။ လူ့သဘာဝကိုရှင်းပြသော ကျယ်ပြန့်စွာ လက်ခံထားသည့် ဆုံးဖြတ်မှု အယူအဆ ၃ ခုပင် ဖြစ်လေသည်။

'မိမိ၏မျိုးရိုးဗီဇသည် ဘိုးဘွားတို့မှ စသည်'ဟု မူလဘုတဆုံးဖြတ်မှု အယူအဆက ဆိုလေသည်။ ယင်းကြောင့် သင့်စိတ်အခြေအနေ ဤသို့ရှိနေသည်။ သင့်ဘိုးဘွားများ စိတ်တို၍ သင်လည်း စိတ်တိုလေသည်။ မျိုးရိုးစဉ်ဆက်

စိတ်အခြေအနေကို သင် အမွေခံခြင်းပင် ဖြစ်လေသည်။ အိုင်းရစ်ရှ်လူမျိုးတွင် အိုင်းရှစ်ရှ်စိတ်ဓာတ် ရှိနေပေမည်။

'နာမ်ပိုင်းဆိုင်ရာအမွေများကို မိဘများထံမှ ရသည်'ဟု စိတ်ပိုင်းဆိုင်ရာ ဆုံးဖြတ်မှုအယူအဆက ဆိုလေသည်။ သင့်စာရိတ္တ အခြေအနေနှင့် ကိုင်းညွှတ်မှုတို့ကို ကလေးဘဝအတွေ့အကြုံနှင့် ပြုစုပျိုးထောင်ပုံများက ဖန်တီးလေသည်။ ထို့ကြောင့်ပင် လူအုပ်ရှေ့ရပ်ရန် သင် ကြောက်လေသည်။ သင့်မိဘများက သင့်ကို ဤသို့ပင်ပျိုးထောင်ခဲ့သည်။

သင် ငယ်ရွယ်နုနယ် မိုခိုနေရစဉ် သွန်သင်ဆုံးမ ခံရပုံကြောင့် 'အမှားလုပ်မိလျှင် လွန်စွာအပြစ်ကြီးသည်' ဟု သင် ထင်မြင်လေသည်။ သင်လုပ်ကိုင်ပုံ အဆင်မပြေလျှင် သူတစ်ပါးနှင့် နှိုင်းယှဉ်ခံရသည်။ ငြင်းပယ်ခံရသည်။ စိတ်ထိခိုက်အောင် အပြစ်ပေးခံရသည်ကို သင် မမေ့နိုင်သေးပေ။

'သင့်အခြေအနေ ယခုလိုရှိနေသည်မှာ သင့်အလုပ်ရှင်, သင့်အိမ်ထောင်ဖက်, မလိမ္မာသော ဆယ်ကျော်သက်သားသမီး, စီးပွားရေးအခြေအနေကြောင့်' ဟု ပတ်ဝန်းကျင်ဆုံးဖြတ်မှုအယူအဆက ဆိုလေသည်။

သင့်ပတ်ဝန်းကျင်ရှိ တစ်ဦးတစ်ယောက်, တစ်စုံတစ်ရာသည် သင့်အခြေအနေနှင့်ပတ်သက်၍ တာဝန်ရှိလေသည်။

ပါဗလော့[1]သည် ခွေးများနှင့် စမ်းသပ်ရာတွင် ယင်းအယူအဆများသည် လှုံ့ဆော်တုံ့ပြန်မှုကို အခြေခံလေသည်။ အခြေခံအယူအဆမှာ 'လူတို့သည် လှုံ့ဆော်မှုတစ်မျိုးကို တစ်နည်းနည်းဖြင့် တုံ့ပြန်ကြသည်' ဟူ၍ပင် ဖြစ်လေသည်။

လှုံ့ဆော်မှု → →	တုံ့ပြန်မှု

ဤဆုံးဖြတ်မှု အယူအဆများသည် ပကတိအခြေအနေနှင့် မည်မျှနီးစပ်မှန်ကန်ပါသနည်း။ ဤကြေးမုံမှန်ချပ်များသည် လူ့သဘာဝမှန်ကို မည်မျှကြည်လင်စွာ ထင်ဟပ်နိုင်ပါသနည်း။ ယင်းတို့သည် တကယ်ဖြစ်လာစေရန် နိမိတ်ဖတ်နေ

[1] Pavlov

ခြင်းလား။ ယင်းတို့သည် လူတို့ကိုယ်တိုင် နားလည်ထောက်ခံနိုင်သည့် တရား စည်းကမ်းများကို အခြေခံပါသလား။

လှဲ့ဆော်မှုနှင့် တုံ့ပြန်မှုကြားတွင် ဤမေးခွန်းများ၏အဖြေကို ဗစ်တာဖရန်ကယ်လ်[1]၏ထူးခြားသောအကြောင်းတွင် တွေ့ရလေသည်။

ဖရန်ကယ်လ်သည် 'လူသည် ပြင်ပအရှိန်အစော်အရ ပြုမူတတ်သည့် အယူအဆ'[2]ကို လက်ခံသူဖြစ်သည်။ သူသည် ဖရော့၏စိတ်ပညာ[3]အစဉ်အလာ အောက်တွင် ကြီးပြင်းလာသည်။ ယင်းအစဉ်အလာအရ 'ငယ်စဉ်ကအဖြစ်သနစ်များသည် လူ၏စာရိတ္တနှင့် ဥပဓိရုပ်ကို ဖန်တီးပြီး၊ ဘဝတစ်ခုလုံးကို အခြေခံအားဖြင့် ချုပ်ကိုင်သည်' ဟုဆိုလေသည်။ 'လူ့ဘဝအတိုင်းအတာနှင့် အခြေအနေကို သတ်မှတ်ထားပြီးဖြစ်၍ အခြေခံအားဖြင့် များစွာပြောင်းလဲနိုင်မည်မဟုတ်' ဟုဆိုလေသည်။

ဖရန်ကယ်လ်သည် ဂျူးလူမျိုးဖြစ်ပြီး စိတ်ရောဂါကုဆရာဝန်လည်း ဖြစ်သည်။ သူသည် နာဇီအကျဉ်းထောင်တွင် ထောင်ကျနေသည်။ သူတို့ကို သတ်ရန် အစီအစဉ်ရှိသည်။ ယင်းအကျဉ်းထောင်တွင် သူသည် ဖော်ပြရန်မသင့်လောက်အောင်ပင် ရက်စက်မှုများကို တွေ့ရလေသည်။

သူ့မိဘ, ညီ, ဇနီးတို့ အကျဉ်းစခန်းတွင်ပင် သေဆုံးသွားလေသည်။ သူ့ညီမမှတစ်ပါး မိသားစုအားလုံး သေဆုံးသွားသည်။ ဖရန်ကယ်လ်ကိုယ်တိုင်လည်း ညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုးကို ခံရသည်။ သူလည်း အဆိပ်ငွေ့ဖြင့် အသတ်ခံရတော့မည်လား၊ သို့မဟုတ် လူသေကောင်များ၏အရိုးပြာများကို ကော်ထုတ်ပေးရမည်လား ဟု တထိတ်ထိတ်နေရသည်။

တစ်နေ့တွင် အခန်းကျဉ်းထဲ တစ်ဦးတည်းရှိနေစဉ် (နောင်အခါ သူဟောပြောသော) 'လူသား၏ နောက်ဆုံးလွတ်လပ်မှုများ'ဟူသည်ကို သိမြင်လာလေသည်။ ယင်းမှာ သူ့ကိုဖမ်းဆီးထားသောဖက်ဆစ်တို့ မထိန်းချုပ်နိုင်သည့် လွတ်

[1] Frankl
[2] Freudian psychology
[3] determinist

လပ်မှုပင် ဖြစ်လေသည်။ သူ့ပတ်ဝန်းကျင်ကို သူတို့ချုပ်ကိုင်မည်။ သူ့ကိုယ်ခန္ဓာကို သူတို့ လုပ်ချင်သလိုလုပ်နိုင်မည်။ သို့သော် သူသည် မိမိကိုယ်ကို သတိထားနိုင်သည်။ သိနေနိုင်သည်။ မိမိတွေ့ကြုံခံစားနေရသည်ကို လေ့လာသူတစ်ဦးလို ကြည့်နေနိုင်သည်။ သူ့အခြေခံပုဂ္ဂိုလ်သည် မထိခိုက်ပေ။ တွေ့ကြုံနေရပုံများအား မည်သို့ တုံ့ပြန်ခံစားရမည်ကို သူ ဆုံးဖြတ်နိုင်သည်။ သူ တွေ့ကြုံနေရပုံ၊ သို့မဟုတ် လှုံ့ဆော်မှုနှင့် တုံ့ပြန်မှုကြားတွင် တုံ့ပြန်မှုကိုရွေးချယ်နိုင်သည့် စွမ်းအား၊ သို့မဟုတ် လွတ်လပ်မှု သူ့တွင် ရှိနေသည်။

ဖရန်ကယ်လ်သည် တွေ့ကြုံခံစားနေရစဉ် မိမိလိုလားသော အခြေအနေများကို ကြံစည်စိတ်ကူးလေသည်။ ဖက်ဆစ်အကျဉ်းစခန်းများမှ လွတ်လာပြီး တပည့်များအား သင်ကြားဟောပြောနေပုံ စသည်တို့ကို ကြံစည်စိတ်ကူးလေသည်။ သူ စာသင်ခန်းထဲရောက်နေပုံကို စိတ်ကူးဖြင့် မြင်အောင်ကြည့်သည်။ သူနှိပ်စက်ခံနေရစဉ် ရရှိသောသင်ခန်းစာများကို တပည့်များအားပို့ချနေပုံကို စိတ်အာရုံတွင် မြင်လာအောင်ကြည့်သည်။

ဤသို့ ကြံစည်စိတ်ကူးနိုင်အောင် အဓိကအားဖြင့် မှတ်ဉာဏ်နှင့် စိတ်ကူးဉာဏ်ကို အသုံးပြုရသည်။ ယင်းတွင် စိတ်ပိုင်းဆိုင်ရာခံစားမှုနှင့် အကျင့်စရိုက်တို့ပါဝင်လေသည်။ သူ ယင်းသို့လေ့ကျင့်သဖြင့် သန္ဓေတည်စ သူ့စိတ်လွတ်လပ်မှုသည် တဖြည်းဖြည်း ကြီးမားကျယ်ပြန့်လာပြီး၊ သူ့ကို ဖမ်းဆီးထားသောဖက်ဆစ်တို့ထက်ပင် ပိုမိုလွတ်လပ်လာလေသည်။ သူတို့သည် လွတ်လပ်၍ ပတ်ဝန်းကျင်မှာ ရွေးချယ်စရာများသော်လည်း သူက ပို၍ပင် လွတ်လပ်သည်။ ရွေးချယ်ရန် အတွင်းစွမ်းအားလည်း ပိုကြီးမားလေသည်။ သူ့အနီးနားရှိ လူများနှင့် အစောင့်အကြပ်အချို့ပင် သူ့ကို အားကျလေးစားလာသည်။ ခံစားနေရသော ဒုက္ခများနှင့် ပတ်သက်၍ အဓိပ္ပာယ်သိမြင်လာရန် အခြားလူများကို သူ ကူညီသည်။ အကျဉ်းစခန်းအတွင်း သိက္ခာမပျက်နေတတ်ရန် အကြံဉာဏ်ပေးသည်။

အကျဉ်းသားများသည် အလွန်တရာဆိုးညစ်သောအခြေအနေတွင် နေကြရသည်။ ယင်းအခြေအနေတွင် ဖရန်ကယ်လ်သည် မိမိကိုယ်ကို သတိမူနိုင်သည့် လူ့စွမ်းရည်ကို အသုံးပြုခြင်းဖြင့် လူ့သဘာဝအခြေခံတရားကို သိမြင်လာလေသည်။

ယင်းမှာ 'လူသည် လှဲ့ဆော်မှုနှင့် တုံ့ပြန်မှုကြားတွင် ရွေးချယ်ရန် လွတ်လပ်မှု ရှိသည်' ဟူ၍ပင် ဖြစ်လေသည်။

လွတ်လပ်စွာရွေးချယ်နိုင်သည့် စွမ်းရည်သည် လူသားတို့၏ တစ်မူထူးခြားမှုပင် ဖြစ်လေသည်။ မိမိကိုယ်ကို သတိမူနိုင်သည့်အရည်အချင်းအပြင် လူတွင် စိတ်ကူးဉာဏ် ရှိလေသည်။ ပကတိအခြေအနေထက်ကျော်လွန်ကာ စိတ်ဖြင့် တီထွင်ဖန်တီးနိုင်သည့်စွမ်းရည်ပင် ဖြစ်လေသည်။ လူတွင် အဆိုးအကောင်းခွဲခြားတတ်သည့်စိတ်(ဝါ)လိပ်ပြာလည်း ရှိလေသည်။ ယင်းစိတ်သည် အပြုအမူကို ထိန်းကျောင်းလေသည်။ အတွေးအမြင်နှင့် အပြုအမူတို့ ယင်းစိတ်နှင့် သဟဇာတ ရှိရန်ပင် ဖြစ်လေသည်။ ထို့အပြင် လူတွင် လွတ်လပ်သည့်စိတ်ဓာတ်လည်း ရှိသည်။ မိမိကိုယ်ကို လွတ်လပ်စွာ သတိမူတတ်သည့် အရည်အချင်းကိုအခြေခံပြီး လုပ်ဆောင်တတ်သည့်စွမ်းအားပင် ဖြစ်လေသည်။

ဤစွမ်းအားများသည် အသိဉာဏ်အမြင့်မားဆုံး တိရစ္ဆာန်များတွင်ပင် မရှိပေ။ ကွန်ပျူတာအသုံးအနှုန်းဖြင့်တင်စားရလျှင် ယင်းတို့ကို သဘာဝစိတ်၊ သို့မဟုတ် လေ့ကျင့်မှုက စီစဉ်ထည့်သွင်းသည် ဟုဆိုရပေမည်။

တစ်မူထူးသော လူသားစွမ်းရည်ကြောင့် ကျွန်တော်တို့သည် မိမိတို့၏ သဘာဝစိတ်လေ့ကျင့်မှုတို့နှင့် လုံးဝကွဲပြားသော အစီအစဉ်သစ်များကို မိမိတို့အတွက် ရေးနိုင်သည်။ ထို့ကြောင့်ပင် တိရစ္ဆာန်၏စွမ်းဆောင်ရည်သည် အတိုင်းအတာရှိပြီး၊ လူသား၏စွမ်းဆောင်ရည်မှာ အကန့်သတ်မရှိပေ။ သို့သော် ကျွန်တော်တို့သည် တိရစ္ဆာန်များလို နေထိုင်ကြလျှင်၊ သဘာဝစိတ်နှင့် အခြေအနေတို့ကို အသုံးမချလျှင်၊ လူမျိုးနွယ်၏မှတ်ဉာဏ်တို့ကို မရရှိလျှင် ကျွန်တော်တို့၏ စွမ်းရည်သည်လည်း အကန့်အသတ်ရှိနေပေမည်။

ဆုံးဖြတ်မှုဆိုင်ရာ မြင်သိရှုထောင့်သည် ကြွက်, မျောက်, ခို, ခွေး စသည့် တိရစ္ဆာန်များ၊ အာရုံကြောရောဂါရှင်များ၊ စိတ်ရောဂါရှင်များကို အခြေခံလေ့လာ၍ ရရှိလာသည်။ ယင်းရှုထောင့်များသည် အတန်အသင့် ရေရာမှန်ကန်သော်လည်း ပကတိအခြေအနေကို မဖော်ပြနိုင်ကြောင်း လူ့သမိုင်းနှင့် မိမိကိုယ်ကို သတိထားနိုင်ခြင်းတို့က ထောက်ပြနေလေသည်။

တစ်မူထူးသည့် လူသားစွမ်းရည်ကြောင့် လူတို့သည် တိရစ္ဆာန်တို့ထက် အဆင့်မြင့်မားနေလေသည်။ ဤစွမ်းရည်များဖွံ့ဖြိုးတိုးတက်အောင် အသုံးချသလောက် လူသားတို့၏တစ်မူထူးခြားသည့်အခြေအနေများ ဖြစ်ထွန်းလာပေမည်။ လှုံ့ဆော်မှုနှင့် တုံ့ပြန်မှုကြားတွင် လူသားတို့၏အကြီးမားဆုံးစွမ်းအား ရှိနေသည်။

လိုအပ်သလို ကြံစည်လုပ်ဆောင်ခြင်း

ဖရန်ကယ်လ်သည် လူ့သဘာဝအခြေခံသဘောတရားကို တွေ့ရှိလာသော အခါ မိမိကိုယ်ကို မှန်ကန်စွာသိမြင်လာသည်။ ယင်းမှ မည်သည့်ပတ်ဝန်းကျင်တွင် မဆို လွန်စွာထက်မြက်ထိရောက်သည့် လူတစ်ဦး၏ပထမနှင့် အခြေခံအကျဆုံး အလေ့အကျင့်ကို သူ စတင်ဖန်တီးလေသည်။ 'လိုအပ်သလိုကြံစည် လုပ်ဆောင်သည့် အလေ့အကျင့်'ပင် ဖြစ်လေသည်။

လိုအပ်သလို ကြံစည်လုပ်ဆောင်ရာတွင် ရှေ့ဆောင်ရှေ့ရွက်လုပ်ရုံမျှဖြင့် မလုံလောက်ပေ။ လူသားများသည် မိမိတို့ဘဝအတွက် တာဝန်ရှိသည်ဟု ယင်းက ဆိုလိုလေသည်။ လူ၏အပြုအမူသည် အခြေအနေပေါ် မူမတည်ဘဲ၊ ဆုံးဖြတ်ချက် အပေါ် မူတည်လေသည်။ ခံစားချက်ထက် တန်ဖိုးကို ဦးစားပေးနိုင်သည်။ မိမိ လိုလားသည်ကို ရအောင်လုပ်ရန် တာဝန်နှင့် ရှေ့ဆောင်ရှေ့ရွက်လုပ်တတ်သည့် စွမ်းရည် ရှိသည်။

'တာဝန်ရှိခြင်း' ဟူသည် တုံ့ပြန်ရန်ရွေးချယ်နိုင်သည့် အရည်အချင်းပင် ဖြစ်လေသည်။ လိုအပ်သလို ကောင်းစွာလုပ်ဆောင်တတ်သူများက ယင်းတာဝန်ကို အသိအမှတ်ပြုလေသည်။ သူတို့၏အပြုအမူနှင့်ပတ်သက်၍ အခြေအနေနှင့် ပတ်ဝန်းကျင်ကို သူတို့ အပြစ်မဖို့ပေ။ သူတို့၏အပြုအမူသည် တန်ဖိုးကို အခြေခံ သည်။ သူတို့ကိုယ်တိုင် သိစိတ်ဖြင့် ရွေးချယ်သည်။ ခံစားချက်ကို အခြေခံမရွေး ချယ်တတ်။

လူသည် မိမိလိုလားသလို ကြံစည်မလုပ်ဆောင်လျှင် အခြေအနေနှင့် ခံစားချက်များက လွှမ်းမိုးကြီးစိုးသွားပေမည်။

ထိုအခါ လူသည် သာမန်တုံ့ပြန်သူသာ ဖြစ်နေပေမည်။ ယင်းသို့ တုံ့ပြန်သူအတွက် ရုပ်ပတ်ဝန်းကျင်သည် မကြာခဏအရေးပါလေသည်။ ရာသီဥတုကောင်းလျှင် သူတို့ စိတ်ချမ်းသာသည်။ ရာသီဥတုမကောင်းလျှင် စိတ်ထိခိုက်ပြီး၊ အလုပ်အကိုင်ပျက်တော့သည်။ ဘဝမျှော်မှန်းချက်ရှိသူအတွက် ရာသီဥတုသည် အရေးမပါလှပေ။ မိုးရွာရွာ နေပူပူ သူတို့ မမှုပေ။ သူတို့သည် တန်ဖိုးကို အလေးထားကြသည်။ သူတို့လုပ်သောအလုပ်သည် အကျိုးရှိလျှင် ရာသီဥတုကောင်းသည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ လုပ်မည်သာ။

လိုအပ်သလိုကြံစည်လုပ်ဆောင်မှု ပုံစံ



သာမန်လူတို့သည် လူမှုပတ်ဝန်းကျင်, လူမှုရေး, ရာသီဥတု၏အရှိန်သြဇာကို ခံနေရသည်။ လူများက သူတို့ကို ကောင်းစွာဆက်ဆံလျှင် သူတို့ စိတ်ချမ်းသာသည်။ ကောင်းစွာဆက်ဆံမခံရလျှင် သူတို့ ခုခံ ကာကွယ်တော့သည်။ သူတို့၏ အခြေအနေသည် သူတစ်ပါး၏အပြုမူအပေါ် မူတည်နေသည်။ သူတစ်ပါး၏ ပျော့ကွက်များက သူတို့ကို ထိန်းချုပ်နေလေသည်။

စိတ်ရှုပ်ပေါက်သလိုမနေဘဲ အကျိုးရှိအောင်လုပ်ဆောင်ခြင်းသည် အောင်မြင်သူ၏အနှစ်သာရပင် ဖြစ်လေသည်။ သာမန်လူတို့သည် သူတို့၏ ခံစားချက်,

အဖြစ်အပျက်, အခြေအနေ, ပတ်ဝန်းကျင်တို့၏ မောင်းနှင်လွှမ်းမိုးခြင်းကို ခံနေရသည်။ ဘဝမျှော်မှန်းချက်ရှိသူသည် အကျိုးရှိမှုကို တန်ဖိုးထားလုပ်ဆောင်သည်။ သေချာစွာစဉ်းစားပြီး ရွေးချယ်ခံယူထားသော တန်ဖိုး, မျှော်မှန်းချက်ကို ဦးတည်လုပ်ဆောင်ကြသည်။

ဘဝမျှော်မှန်းချက် ရှိသူတို့သည်လည်း ရုပ်ပိုင်းဆိုင်ရာ, လူမှုဆိုင်ရာ, စိတ်ပိုင်းဆိုင်ရာ စသည့် ပြင်ပလှုံ့ဆော်မှုများ၏အရှိန်သြဇာကို ကြုံဆုံရဆဲပင်။ သို့သော် ယင်းလှုံ့ဆော်မှုများကို သူတို့တုံ့ပြန်ရာတွင် သတိ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တန်ဖိုးကိုအခြေခံ၍ တုံ့ပြန်သည်။ ရွေးချယ်သည်။

'သင် သဘောမတူလျှင် သင်စိတ်ထိခိုက်အောင် မည်သူမျှ မလုပ်နိုင်ပါ' ဟု အယ်လီနာရုစဗဲ[၁] သုံးသပ်လေသည်။

တွေ့ကြုံရသောအဖြစ်သနစ်တို့နှင့် ပတ်သက်၍ မိမိက သဘောတူခွင့်ပြုသောကြောင့်သာ ဖြစ်ပျက်သည်ထက် ပိုမို ခံစားရခြင်း ဖြစ်လေသည်။

'မိမိတို့၏ဒုက္ခ, ပြဿနာများသည် အခြေအနေနှင့် အခြားလူများကြောင့်' ဟု ကာလများစွာ ထင်မြင်ခဲ့ကြသည့်အတွက် အထက်ပါအဆိုကိုလက်ခံရန် ခက်ခဲနေပေမည်။ သို့သော် လူတစ်ဦးသည် 'မနေ့က ကျွန်တော်ရွေးချယ်ခဲ့လို့ ဒီနေ့ ကျွန်တော် ခုလိုဖြစ်နေတာ'ဟု လေးနက်ရိုးသားစွာပြောနိုင်လျှင်၊ အထက်ပါအဆိုကို ငြင်းပယ်တော့မည် မဟုတ်ပေ။

တစ်နေ့တွင် စကရာမင်တိုမြို့[၂] စာရေးသူ အောင်မြင်ရေးအကြောင်း ဟောပြောပါသည်။ ထိုစဉ် အမျိုးသမီးတစ်ဦးသည် ပရိသတ်ကြားက မတ်တတ်ရပ်ပြီး စိတ်လှုပ်ရှားစွာ ပြောနေပါသည်။ ပရိသတ်က အလွန်များပါသည်။ လူအတော်များများက သူမအား လှည့်ကြည့်ကြသည်ကို သတိထားမိလာသောအခါ သူမ ရှက်ရွံ့ပြီး ထိုင်ချလိုက်ပါသည်။ သို့သော် သူမ၏စိတ်ကို ထိန်းနိုင်ပုံမရဘဲ၊ အနီးနားမှ လူများကို ပြောနေပြန်ပါသည်။ သူမ အလွန်ပျော်နေပုံ ရပါသည်။

၁။ Eleanor Roosevelt
၂။ Sacramento